
www.burmeseclassic.com

# မင်းမြတ်သူရ

သုမိတ္တာ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပြည့်ပြည့်ဝဝ ပေါ်ပေါက်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံး ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ထဲတွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သစ္စာမွန်စာပေတိုက်
၂၁၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၅၄၁၄၂၁

မင်းမြတ်သူရ

# ညမိစ္ဆာ

ဖြန့်ချိရေး
ရန်မျိုးအောင်စာပေ
အမှတ် ၂၂၊ မေ့စိန္တာလမ်း
ကျောက်မြောင်း၊ တာမွေ။
ဖုန်း - ၀၉ - ၇၃၀၈၂၃၁၂

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၅ခုနှစ်၊ မေလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၇၇၇၃)၊ အမှတ်(၃၈)၊ မလွကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင် (၀၀၆၅၁) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ပန်းအိမ် |
| မြန်ချိရေး | - | ရန်မျိုးအောင်စာပေ |
| အတွင်းပလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

ရေ၅၁.၈၃

မင်းမြတ်သုရ

ညဝိဇ္ဇာ၊မင်းမြတ်သုရ၊-ရန်ကုန်

မြန်မာ့ဆီစာပေ၊၂၀၁၄၊

၂၄၀-စာ၊၁၂×၁၈စင်တီ၊

(၁)ညဝိဇ္ဇာ

ဓမြလတ်ပိုင်း မြို့ကလေးတစ်မြို့မှာရတနာမြိုင်ဆိုတဲ့ အငြိမ့်အဖွဲ့တစ်ဖွဲ့ရှိတယ်။

ရတနာမြိုင် အငြိမ့်အဖွဲ့ရဲ့ပိုင်ရှင်က အငြိမ့်ထောင်ဆရာ ဦးဒီပါဖြစ်တယ်။

မင်းသမီးကတော့အကနဲ့အယဉ်မှာနံမည်သတင်းကြီးတဲ့ မြနှင်းဆီ ဖြစ်တယ်။ လူရွှင်တော်တွေကတော့ အာလူး၊ ကြက်သွန်၊ ချွတ်သီးဆိုတဲ့ခပ်နောက်နောက်လူကြီးဒုယောက်ပဲ...။



www.burmeseclassic.com

www.burmeseclassic.com



ရတနာမြိုင် အငြိမ့်ပိုင်ရှင် ဦးဒီပါမှာ မမိုးညိုဆိုတဲ့ မွေးစားသမီးတစ်ယောက်ရှိတယ်။ မမိုးညိုဟာ အငြိမ့်ထောင်ဆရာရဲ့ မွေးစားသမီးဖြစ်ပေမဲ့အောက်ခြေသိမ်းအလုပ်တွေကိုပဲ နိုင်ခံလုပ်ရပါယ်။

မမိုးညိုဟာလူမမယ်ကလေးသာသာအရွယ်ဖြစ်လို့အငြိမ့်အဖွဲ့သားတွေရဲ့ တောက်တိုမယ်ရ နိုင်းတဲ့ အလုပ်တွေကိုလဲလုပ်ရတယ်။

အငြိမ့်အဖွဲ့ရဲ့ချက်ရေးပြုတ်ရေးတာဝန်ကို ဦးတောကျော်ဆိုတဲ့လူ့ဗွစာကြီးကယူရတယ်။

ဦးတောကျော်ကို လူ့ဗွစာကြီးလို့ ခေါ်တာက အချက်အပြုတ် တာဝန်ယူထားပေမဲ့ဈေးကိုကိုယ်တိုင်မသွားဘူး။

အငြိမ့်အဖွဲ့သားတွေနဲ့ စကားအပိုလဲ မပြောတတ်ဘူး။ အငြိမ့်ထောင်အိမ်ရဲ့ အနောက်က မျဉ်ဘောင်အိမ်လေးထဲမှာ ပယ်ကိုယ်တည်း နေထိုင်တယ်။

သူ့အိမ်ကိုဘယ်သူမှ လာတာမကြိုက်ဘူး။





ဈေးဝယ်စရာရှိရင် စာရွက်ထဲမှာ ဈေးစာရင်းရေးပြီးမမိုးညိုလက်ကိုအပ်လိုက်တယ်။

မမိုးညိုဈေးက ပြန်လာမှ ချက်ပြုတ်စရာတွေကိုတ ကုတ်ကုတ် ချက်ပြုတ်တော့တာပဲ။

မမိုးညိုကတော့ ဦးတောကျော် အနားမှာ အလိုက်တသိနဲ့နေပြီးလိုအပ်တာတွေကိုကူညီပေးရတယ်။

ဒါကြောင့် မမိုးညိုက ဦးတောကျော်ကို ကူညီ ချက်ပြုတ်ပေးရုံမကဘူး။ မြို့တကာက ဈေးတွေကိုလဲ သွားရတယ်။

မင်းသမီးမကျေနပ်လို့ ဆူတာဆဲတာ ဗိုက်ခေါက် လိမ်ဆွဲတာလဲ ခံရတယ်။ ဒါပေမဲ့ မမိုးညိုက အငြိမ့်အဖွဲ့ကို စိတ်ပျက် မသွားခဲ့ဘူး။

အငြိမ့်အဖွဲ့နဲ့ မြန်မာပြည်အနှံ့လှည့်ပြီးသွားရတာကိုပျော်တယ်။ မြို့တစ်မြို့ကို ရောက်တိုင်းသူ့အတွက် မှတ်သားစရာ တစ်ခုရတယ်လို့ယူဆတယ်။



www.burmeseclassic.com

www.burmeseclassic.com

မမိုးညိုရဲ့ဘဝကပဟေဠိဆန်လွန်းတယ်။

နှင်းတွေဝေနေ တဲ့ ညတစ်ညမှာ အငြိမ့်တောင်ဆရာရဲ့ အိမ်ရှေ့ကို အနီးတွေ အထပ်ထပ် ရစ်ပတ်ထားတဲ့ နီတာရဲ ကလေး လေးဘဝနဲ့ ရောက်သွားတယ်။

ဦးဒီပါကောက်ချီလိုက်တော့ ရှစ်လခွယ် ကလေးငယ်လေး မမိုးညိုဖြစ်နေတယ်။

အနီးထဲမှာ စာတစ်စောင်ပါပြီး စာထဲမှာ





"ကလေးကို ကျွေးမွေးပြုစုပါ၊ လူမမယ်ကလေးငယ်ကို စာနာပါ"

လို့ရေးထားတယ်။ ဦးဒီပါဟာစာကိုဖတ်ပြီးအလန့်တကြား ထအော်လိုက်တယ်

"အမလေး..လူမမယ် ကလေးငယ်ကို စာနာပါတဲ့ငါ့လို တစ်ကိုယ်တည်းလူပျိုကြီးတစ်ယောက်ကကလေးတစ်ယောက်ကို ဘယ်လိုလုပ် စာနာနိုင်မှာလဲ၊ မဖြစ်ဘူးကလေးကို တစ်နေရာမှာ အမြန်ဆုံးစွန့်ပစ်ရမယ်"

ဒီအချိန်မှာပဲ ဦးဒီပါရဲ့ အနားကို အငြိမ့်သမနဲ့ လူရွှင် တော်တွေရောက်ရှိလာပြီး

"မပစ်ပါနဲ့ဦးဒီပါရယ်..ကလေးက ချစ်စရာလေးပါ။ ကလေး ကို အားလုံးဝိုင်းပြီးစောင့်ရှောက်ကြမယ်၊ ကလေးကြီးလာရင်လဲ အငြိမ့်မင်းသမီးလုပ်ခိုင်းလို့ရတာပေါ့"

လို့ဆိုပြီးကလေးကို မွေးမြူဖို့ ဝိုင်း တိုက်တွန်းကြတာနဲ့ နောက်ဆုံးမှာဦးဒီပါလက်လျှော့ပြီးကလေးကိုမွေးဖို့သဘောတူလိုက်ရ။

www.burmeseclassic.com



ဦးဒီပါရဲ့အိမ်က အငြိမ့်ဝေတင်အိမ် ဆိုတော့အိမ်မှာ အငြိမ့်အဖွဲ့သားတွေ မပြတ်ဘူး။ အငြိမ့်အဖွဲ့သားတွေ လက်မှာပဲ မမိုးညို ကြီးပြင်းခဲ့ရတယ်။

အငြိမ့်သမတွေရဲ့ကလေးချော့သီချင်းတွေကို နားဆင်ပြီး အိပ်ရာဝင်ခဲ့ရတယ်။ အငြိမ့်သမတွေလူရွှင်တော်တွေ သင်ကြားသမျှ နာယူခဲ့ရတယ်။ အငြိမ့်သမတွေဟာ ရတနာမြိုင် အငြိမ့်အဖွဲ့က လမ်းခွဲကာနီးရင် မမိုးညိုကို တရှုံ့ရှုံ့နမ်းပြီး ဝမ်းပန်းတနည်း ထွက်ခွာသွားတယ်။ မမိုးညိုဟာ ထွက်ခွါသွားတဲ့ အငြိမ့်သမရဲ့ နောက်ကျောကိုကြည့်ရင်းရင်ထဲမှာ လစ်ဟာပြီးကျန်ရစ်ခဲ့တယ်။



မမိုးညိုဟာ အငြိမ့်အဖွဲ့နောက်ကို လိုက်နေရလို့ အတန်းပညာနည်းပါးပေမဲ့ လူရွှင်တော်ကြီးအာလူး သင်ကြားပေးလို့ အင်္ဂလိပ်စာကိုကောင်းကောင်း ရေးတတ် ဖတ်တတ်တယ်။

အာလူးဟာ ဂျူး-မြန်မာ တပြားမို့ အင်္ဂလိပ်စာ အလွန်ကောင်းတယ်။ ဒီအပြင် မမိုးညိုဟာ ဇာတ်ထဲက လူပေါင်းစုံနဲ့ နေလို့အဝေ့အကြွအမျိုးမျိုးစုံတယ်။

ပညာအမျိုးမျိုးကိုလဲတတ်တယ်။

မိုးညိုဟာ ဘဝနာတဲ့ မိန်းကလေး တစ်ယောက်ဖြစ်ရှိ တံကြမ္မာ နိမ့်ပါးတဲ့ အချိန်မှာ အိမ်နိမ့်စံဘဝနဲ့ နေရပေမဲ့အစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာ မြင့်မားတဲ့အခါ ကောင်းရာမွန်ရာ အရပ်မှာ နေနိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်။

မမိုးညိုကို အငြိမ့်သမတွေသင်တဲ့ပညာထဲမှာ မကြာမီ သင်ပေးတဲ့ မျက်လှည့်ပညာကို အကြိုက်ဆုံးပဲ၊ မျက်လှည့်ပြတဲ့အခါ ဖဲပွင့်ကလေး တစ်ပွင့်ကလည်း ပန်းပွင့်လေးတစ်ပွင့် ဖြစ်သွားနိုင် တယ်။

နိုင့်ကလေးတစ်ကောင်ကလည်း ယုန်ကလေးတစ်ကောင် ဘဝကို ပြောင်းသွားနိုင်တယ်၊ မကြာမီသင်ပေးတဲ့ပြကွက်တွေထဲမှာ အခြေစေ့လေးတွေက ငွေစက္ကူဖြစ်သွားတဲ့ ပြကွက်ကို အကြိုက် ဆုံးပဲ.. မမိုးညိုက ကလေးပီ ငွေစက္ကူဖြစ်အောင် ပြောင်းလဲတဲ့ အတတ်ကို သင်ကြားပြီး မိမိလိုအပ်တဲ့ ငွေကြေးများ ရရှိအောင် ရှာဖွေမယ်လို့စိတ်ကူးယဉ်မိတယ်၊



အငြိမ့်ထောင်ဆရာ ဦးဒီပါရဲ့ နေအိမ်က မြေလတ်ပိုင်း မြို့တစ်မြို့မှာ ရှိတယ်၊

မိုးတွင်းကာလ ပွဲနားရျိန်ဆိုရင် ရတနာမြိုင် အငြိမ့်အဖွဲ့သား အရှိုဟာ ဦးဒီပါရဲ့အိမ်မှာ သောင်တင်နေလေ့ရှိတယ်၊

ဦးဒီပါရဲ့ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးဟာ မြို့စွန်ကကျယ် ဝန်းတဲ့ခြံကြီးထဲမှာရှိတယ်၊

ခြံကြီးရဲ့အနောက်မှာ သရက်တောကြီး တစ်တောရှိတယ်၊ ဦးဒီပါရဲ့ သရက်ခြံထဲက သရက်တွေက အလွန်မွှေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အလွှန်ချိုတယ်။ ဦးဒီပါဟာ သူ့ခြံထဲက သရက်သီးတွေကို အလွှန်တန်ဘိုးထားတယ်။

သူ့သရက်တွေဟာ မြန်မာရှင်ဘုရင်တွေ လက်ထက်က ဘုရင်အတွက် သီးသန့်ဆက်သရတဲ့ သရက်သီးမျိုးလို့ ဂုဏ်ယူပြီး ပြောတယ်။

ဒီသရက်သီးတွေကို အငြိမ့်အဖွဲ့သားတွေ အလွှန်သဘောကျပေမဲ့ ဦးဒီပါရဲ့ခွင့်ပြုမိန့်မရဘဲ ဘယ်သူမှမခူးတွေတ်ဝံ့ဘူး။

တစ်နေ့တော့ ဦးဒီပါရဲ့မြန်မာရှင်ဘုရင် တွေဆက်သရတဲ့ သရက်သီးမျိုးကို ခိုးယူမဲ့လူငယ်တွေ ပေါ်လာတယ်။

သူတို့ကတော့မြို့ထဲက စက်သူဌေးဉာဏ်ဝင်းရဲ့ မိမဆုံးမ ဖမဆုံးမသားလေးတွေပဲ။

စက်သူဌေးဉာဏ်ဝင်းဟာ ကလေးတွေကို သူဌေးပီပီ အလွှန်အလို လိုက်တယ်။ ဒါကြောင့် စက်သူဌေးရဲ့ သားတွေဟာ ကျောင်းပိတ်ရက်ဆိုရင် လေးခွနဲ့ လောက်စာလုံးတွေ အပြည့်ထည့်ပြီး တစ်မြို့လုံး အနှံ့လှည့်သောင်းကျန်းလေ့ရှိတယ်။





တစ်နေ့တော့ စက်သူဌေးရဲ့သားသုံးယောက်ဟာ ရတနာမြိုင်ခြံထဲကို ကျူးကျော်ဝင်ရောက်လာတယ်။

မမိုးညိုဟာ ခြံအနောက်ပိုင်းမှာ ဆူဆူညံညံ အသံတွေကို ကြားလို့ သွားကြည့်လိုက်တော့ သူဌေးသား ၃ ယောက်ဟာ အပင်ပေါ်က သရက်သီးတွေကို လောက်လေးနဲ့ ပစ်ချပြီး တစ်ဝတားသောက် နေကြတာ့။

အဝင်ပေါ်က ဝင်းမှည့်နေတဲ့ သရက်သီးတွေကို လက်ကဲ တဲ့ စမ်းတဲ့အနေနဲ့ လောက်လေးနဲ့ ပစ်ချနေကြတယ်။

သရက်သီး ဝင်းမှည့်မှည့်ကြီးတွေဟာ မြေပေါ်မှာ မြင်လို့ တောင်မကောင်းဘူး။ ဦးဒီပသိရင် မိုးမီးလောင်တော့မှာပဲလို့ တွေးမိတယ်။

မမိုးညိုဟာ သူဌေးသားတွေကို ဒေါသတကြီး ကြည့်ပြီး

"ရပ်လိုက်စမ်း မိမဆုံးမ ဖမဆုံးမလေးတွေ"

တားဆီးလိုက်တယ်။

ဒါပေမဲ့ သူဌေးသားတွေဟာ ငွေဂုဏ် ရှိလို့လောက်မာသူ



www.burmeseclassic.com

www.burmeseclassic.com



တွေပီပီ မမိုးညိုရဲ့ စကားကို နားထဲမဝင်ဘူး။ သူဌေးသားအကြီး ကောင်က မမိုးညိုကို မထီလေးစား အမူအယာနဲ့ ကြည့်ပြီး၊

"နင်တို့ သရက်သီးတွေ ဘယ်လောက်တန်သလဲ၊ ငါတို့ အကုန်ပြန်လျော်ပေးနိုင်တယ်"

လို့ဆိုလိုက်တော့ မမိုးညိုရဲ့ရင်ထဲမှာ ဒေါင်းခနဲဖြစ်သွားပြီး...

"နင်တို့ ပိုက်ဆံတွေ ဘယ်လောက်ပြန် လျော်လျော် ငါတို့ သရက်သီးတွေက အပင်ပေါ်ပြန်မရောက်နိုင်ဘူး၊ မိမဲ့ဖမဲ့ မဖမဲ့မ လေးတွေရဲ့"

လို့ဆိုလိုက်တော့ သူဌေးသားတွေ မကျေမချမ်းဖြစ်သွားပြီး

"အငြိမ့်ထဲက ကောင်မကများ ငါတို့ကို မိမဲ့မ ဖမဲ့မ တွေတဲ့ နင်တို့သာ ဖက်ခွက်စား သူတောင်းစားတွေ"

လို့ရိုင်းစိုင်းစွာ ပြန်ပြောလိုက်တယ်။

မမိုးညိုဟာ သူချစ်တဲ့ အငြိမ့်လောကသားတွေကို ဖက်ခွက် စားသူတောင်းစားတွေလို့ စွတ်စွဲလိုက်တာကို ရင်ထဲမှာ မရှိအောင်နာ





သွားတယ်။

ဒါကြောင့် ခြံထောင့်မှာ ထောင်ထားတဲ့ ဝါးရင်းတုတ်ကြီးကို ဆောက်ကိုင်ပြီး သူဌေးသားတွေကို လိုက်ရိုက်ပုတ်တယ်။

သူဌေးသားတွေဟာ မမိုးညိုရဲ့ ဝါးရင်းတုတ်ကို ကြောက်လို့ ခြံစည်းရိုးကို ဖြိုပြီး ဖနောင့်နဲ့ တင်သားတသားတည်းကျအောင် ထွက် ပြေးကြတယ်။

သူဌေးသား သုံးယောက်ရဲ့ ပြဿနာက ဒီလောက်နဲ့ အဆုံး သတ်မသွားဘူး၊ စက်သူဌေးကတော် ဒေါ်သောင်းတင်ဟာ ထမိန်စွန် တောင်ဆွဲပြီး အငြိမ့်ထောင်အိမ်ပေါ်ကို တက်လာရင်း၊

"ငါ့သားသုံးယောက်ကို ဝါးရင်းတုတ်နဲ့ လိုက်ရိုက်တာ ဘယ် သူလဲ"

လို့မေးလိုက်တော့ မမိုးညိုက ရင်ကိုကော့ပြီး

"ကျွန်မပဲ"

လို့မကြောက်မရွံ့ပြန်ပြောလိုက်တော့ အငြိမ့်သမလေးတွေ တုန်လှုပ်သွားကြတယ်။ ဒေါ်သောင်းတင်က မမိုးညိုကို မကျေမချမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး။

"ညည်းကဘာဖြစ်လို့ ငါ့သားတွေကို ဝါးရင်းတုတ်နဲ့ ရိုက်တာလဲ၊ ညည်းတို့ သရက်သီးက ဘယ်လောက်တန်လို့လဲ၊ ငါ့သားတွေစားချင်ရင် ညည်းတို့တစ်ခြံလုံး ငါဝယ်ကျွေးနိုင်တယ်ဟဲ့"

လို့ဒေါ်သတကြီး အော်ဟစ်လိုက်တော့ မမိုးညိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

"ရှင့်သားတွေ ဒီလောက်မိုက်ရိုင်းနေတာ ဘာကြောင့်လဲဆိုတာ အခုမှသိတယ်၊ မိဘဆုံးမ ဖမဆုံးမ့သားတွေဖြစ်နေတာကိုး"

လို့ပြောလိုက်တော့ ဒေါ်သောင်းတင်ဟာ မီးပုံယမ်းကျဖြစ်သွားပြီး

"အငြိမ့်သမ ဇက်ခွက်စားက ငါ့လိုခက်သူဌေးကတော်ကို စော်ကားတာလား၊ပုလိပ်ခေါ်ပြီးချုပ်နိုင်းလိုက်ရလား"

လို့ ခြိမ်းခြောက်လိုက်တော့ မမိုးညိုက မထီလေးစားရယ်မောလိုက်ပြီး

"ပုလိပ်ခေါ်ပြီးချုပ်နိုင်းလိုက်မယ်ဟုတ်လား၊ဥပဒေကို





နားလည်မှပြောပါ၊စက်သူဌေးကတော်ကြီးရယ်..လောလောဆယ်ရှင့်သားနှစ်ယောက်ကိုပိုင်နက်ကျူးကျော်မှုခိုးမှုတွေနဲ့ ပုလိပ်လက်အပ်လို့ရတယ်ရှင့်၊နောက်ပြီးအိမ်ပေါ်တက်စော်ကားနေတဲ့ရှင့်ကိုလဲပိုင်နက်ကျူးကျော်မှု၊အသရေဖျက်မှုတွေနဲ့တရားစွဲလို့ရတယ်"

လို့ဆိုလိုက်တော့ သူဌေးကတော်ဟာ သူ့အခြေအနေတော်မှန်းသိလို့အံကိုကြိတ်ပြီး

"ကောင်မ နင်တော်တော် လူပါးဝနေပါလား၊နင် ထမင်းဝဝသာ စားထားပေတော့၊ငါ့အကြောင်းသိစေရမယ်"

လို့ဆိုလိုက်တော့မမိုးညိုက ရယ်မောပြီး

"ဟားဟားဟား...သေစေလိုသော သဘောနဲ့ခြိမ်းခြောက်တဲ့အမှုတစ်မှုတောင် ထပ်တိုးလာပြီ၊ကျွန်မဘက်မှ အငြိမ့်တစ်ဖွဲ့လုံးသက်သေရှိတယ်နော်၊သူဌေးကတော်ကြီးငြင်းလို့မရတော့ဘူး"

လို့ဆိုလိုက်တော့ဒေါ်သောင်းတင်ဟာ စောဒကမတက်ရဲတော့ဘဲ အငြိမ်တောင်အိမ်က တန်းတည်းလစ်ပြေးတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မမိုးညိုရဲ့ အရွယ်နဲ့ မလိုက်အောင် ရဲဝံ့တဲ့ အမူအယာကို သဘောကျလို့အငြိမ့်တစ်ဖွဲ့လုံးဝိုင်းဝန်းချီးကျူးကြတယ်။

မမိုးညိုကို ချီးကျူးခဲ့လှတဲ့ အငြိမ့်ထောင်ဆရာ ဦးဒီပ တာ တောင်

"မိုးညိုတော်တယ်၊ ငွေဂုဏ်ရှိတဲ့လူတွေဟာ မောက်မာလို့ ရတဲ့လူကို ပိုပြီးမောက်မာချင်ကြတယ်၊ ဒီလို ချက်နဲ့လက်နဲ့ ပြန်ပြောမှဖြစ်မယ်"

လို့ပြောလိုက်တယ်။

ဒီအချိန်ကစပြီးစက်သူဌေးမိသားစုက မမိုးညိုကိုရန်ငြိုးဖွဲ့





ခဲ့တယ်။ အခွင့်ကြုံလာရင် ဒုက္ခပေးဖို့လည်းအမြဲကြံနေတယ်။

တစ်နေ့မမိုးညိုဈေးသွားပြီးဈေးခြင်းတောင်းကြီးကိုမနိုင်မနင်း ဆွဲပြန်လာတုန်း စက်သူဌေးရဲ့မြင်းနစ်ကောင်တပ် ဘာဂီမြင်းလှည်းကြီးနဲ့ဖြတ်တိုက်တာခံလိုက်ရတယ်။

မမိုးညိုဟာ ကံကောင်းထောက်မပြီးလမ်းနံဘေးကိုခုန်ချလိုက်နိုင်လို့လွတ်မြောက်သွားတယ်။

မမိုးညိုရဲ့ဈေးခြင်းထဲက ပစ္စည်းတွေ အားလုံးမြေပေါ်ကို ပြန့်ကြဲသွားတယ်။

မမိုးညိုဟာ သူ့ကိုတမင်သက်သက်ရည်ရွယ်ပြီးတိုက်သွား ကြောင်းသိလို့မခံချိမခံသာဖြစ်ပြီးကျန်ရစ်ခဲ့တယ်။

မိုးရာသီကုန်ဆုံးပြီးပွဲလမ်းတွေပြန်စတဲ့အချိန်မှာရတနာ မြိုင် အငြိမ့်အဖွဲ့ဟာ မြို့ပြင်က ဆုတောင်းပြည့်ဘုရားပွဲမှာ ဦးစွာက ရတယ်။

ရတနာမြိုင်အငြိမ့်နဲ့ အမြိုင် မျက်လှည့်ပွဲကြီးတစ်ပွဲလည်း ဝင်ရောက်ပြသတယ်။



www.burmeseclassic.com

www.burmeseclassic.com



မမိုးညိုဟာ အငြိမ့်ကတဲ့ အချိန်မှာ စက်သူဌေးမိသားစုရဲ့ အကောက်ကြံမှာ စိုးရိမ်မိတယ်။

စက်သူဌေးမိသားစုဟာ ပထမအကြိမ် သူမကို ဘာဂီ မြင်းလှည်းနဲ့ တိုက်ဖို့ကြိုးစားသေးတယ်။ ဒါကြောင့် ဒုတိယအကြိမ် အကောက်ကြံမှာ စိုးရိမ်မိတယ်။

ဒီအကြောင်းတွေကို အငြိမ့်ဇာတ်ဆရာ ဦးဒီပကို ဖွင့်ပြောတော့ ဦးဒီပက ဂရုစိုက်ဟန်မရှိဘဲ

"ဒီလောက်လဲ စိုးရိမ်မနေပါနဲ့ဟာ၊ ဆုတောင်းပြည့်ဘုရားပွဲဆိုတာ ငါတို့မြို့ရဲ့ အရေးအကြီးဆုံးပွဲပဲ၊ ဒီလူတွေ အကောက်ကြံဝံ့မယ် မထင်ပါဘူး"

လို့ပြောတယ်။ မမိုးညိုဟာ ဦးဒီပါက ဂရုစိုက်ဟန် မရှိပေမဲ့ သူ့ရင်ထဲမှာ စက်သူဌေးမိသားစု အကောက်ကြံမှာ စိုးဒိတယ်။

ဒါကြောင့် အငြိမ့်က နေချိန်အတွင်း ရတက်မအေးနိုင်ဘဲ အချိန်တိုင်း ဂရုစိုက်နေမိတယ်။ ဒီလိုနဲ့ အငြိမ့်တစ်ရက်ပြီးတစ်ရက် ကသွားပြီး သုံးရက်မြောက် သန်းခေါင်မှာ မမိုးညိုဟာ ဇာတ်ရုံ ပတ်





ဝန်းကျင်ကို လက်နှိပ်ဓါတ်မီးတစ်လက်နဲ့ လှည့်ကြည့်တယ်။

ဒီအခါမှာ ဇာတ်ရုံအနောက် အမှောင်ရိပ် ကျတဲ့ နေရာမှာ မသဲကွဲဖွယ်လူသုံးယောက်ရဲ့အရိပ်အယောင်ကိုတွေ့လိုက်ရတယ်။

ရုတ်တရက်တော့ ဇာတ်ရုံအနောက်မှာ မှောင်ရိပ်ခိုပြီး အပေါ့အပါးသွားတယ်လို့ထင်မိတယ်။

ဒါပေမဲ့သေသေချာချာဂရုစိုက်ကြည့်တော့လူနှစ်ယောက် တလက်ထဲကပုံးလိုအရာနဲ့ဇာတ်ရုံအနှံ့ကိုဖြန်းနေတာ တွေ့ရတယ်။

မမိုးညိုရဲ့ နှာခေါင်းထဲကို ဓါတ်ဆီနံ့ ထောင်းခနဲ ပေါ်လာတယ်။ မမိုးညိုဟာ မှောင်ထဲက လူတွေရဲ့ ရည်ရွယ်ချက်ကို ရိပ်စား မိသွားတယ်။

လူတစ်ယောက်က မီးခြစ်ကို ထောက်ခနဲ ခြစ်ပြီးရှို့ဖို့ကြံနေ တယ်။ မမိုးညိုဟာ

"မလုပ်နဲ့"

လို့အသံကုန်အော်ပြီးသူ့လက်ထဲက မီးခြစ်ကို ပုတ်ထုတ် လိုက်တယ်။ ဒီအခါမှာ မီးခြစ်ဟာ မီးတောက်လျက် တန်းလျှမ်းနဲ့ မြေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကိုပြုတ်ကျသွားတယ်။

လူတစ်ယောက်က မမိုးညိုရဲ့လက်နှစ်ဖက်ကို ချုပ်ကိုင်ထားပြီးကျန်လူတစ်ယောက်ကို

"ရှိရှိမြန်မြန်ရှိ"

လို့အော်ဟစ်လိုက်တယ်။

ဒီအခါမှာ မှောင်ထဲက လူတစ်ယောက်က မီးခြစ်ကိုကောက်ယူလိုက်တယ်။

မမိုးညိုက ထိတ်လန့်တုန်လှုပ်ပြီး

"လာကြပါဦးရှင့်ဇာတ်ရုံကိုမီးရှို့ဖို့ကြံစည်နေတယ်"

လို့အော်ဟစ်လိုက်တယ်။

ဒါပေမဲ့ အငြိမ့်မင်းသမီး မြနှင်းဆီရဲ့သီချင်းသံက ဂုံးလွှမ်းနေလို့ပတ်ဝန်းကျင်ကလူတွေကြားပုံမရဘူး။

မမိုးညိုဟာ ဇာတ်ရုံအတွက် အစွမ်းကုန်ကြိုးစားဖို့ဆုံးဖြတ်လိုက်ပြီးသူမကို ချုပ်ကိုင်ထားတဲ့လူရဲ့လက်ကိုကိုက်ဆွဲလိုက်တော့လွတ်မြောက်သွားတယ်။



မမိုးညိုဟာ ချုပ်ကိုင်ထားတဲ့ လူရဲ့လက်ကလွတ်တာနဲ့ မီးခြစ်ကိုင်ထားတဲ့လူကိုအနောက်မှဆောင့်တွန်းလိုက်တယ်။

ဒီအခါမှာ မီးခြစ်လက်ထဲက လွတ်ကျပြီးမီးငြိမ်းသွားတယ်။ ဇာတ်ရုံအနောက်ကိုလူတရှုံးလုံးပြေးဝင်လာတယ်။

အမှောင်ထဲက လူတွေဟာ မမိုးညိုက ဒေါသတကြီးအော်ဟစ်ပြီးလက်ထဲက တုတ်နဲ့ ခေါင်းကိုလှဲရိုက်လိုက်တယ်။မမိုးညိုဟာ ခေါင်းထဲမှာ မှောင်အတိဖုံးပြီးမေ့မြောကျသွားတယ်။

* * * * *

www.burmeseclassic.com

မမိုးညိုသတိရလာတော့ မြို့ပေါ်က ဆေးရုံကိုရောက်နေပြီ။

သူ့အနီးမှာ စိုးရိမ်တဲ့မျက်နှာထားနဲ့ စောင့်နေတဲ့အငြိမ့်မင်း

သမီးမြနှင်းဆီကိုတွေ့ရတယ်။

မြနှင်းဆီက မမိုးညိုကိုကြည့်ပြီး

"မိုးညိုလေးသတိရလာပြီ"

လို့ပြောလိုက်တယ်။

မမိုးညိုက သတိရရချင်း စိုးရိမ်တကြီးနဲ့

"ဇာတ်ရုံဘာမှမဖြစ်ပါဘူးနော်"

လို့ဆိုလိုက်တော့ မြနှင်းဆီက မမိုးညိုရဲ့လက်ကိုဆုပ်ကိုင်ပြီး





"မိုးညိုရဲ့ကျေးဇူးကြောင့်ဇာတ်ရုံဘာမှမဖြစ်ပါဘူးကွယ်"

လို့ပြောတော့ မမိုးညိုဟာ စိတ်သက်သာရသွားတယ်။

ပြီးတော့ အံကိုကြိတ်လိုက်ပြီး

"ဒါဟာ စက်သူဌေးမိသားစုရဲ့လက်ချက်ပဲဖြစ်မယ်"

လို့ပြောတော့ မြနှင်းဆီက သက်ပြင်းချပြီး

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အစ်မတို့မှာ သက်သေမှမရှိတာ"

လို့ မရှိတင်ကဲလေသံနဲ့ ပြောတယ်။ မမိုးညိုကတော့ အံကို

ကြိတ်ပြီး

"မိုးကောင်းတုန်းတော့ ရွာထားလိုက်ဦးပေါ့"

လို့ကြုံးဝါးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီကိစ္စတွေဖြစ်ပြီးတစ်လလောက်အကြာမှာ ရေလွှတ်မင်းသမီး ရွှေအိမ်စည်ရဲ့ မွေးနေ့နဲ့ ကြုံလို့ ရွှေအိမ်စည်က အငြိမ့်အဖွဲ့သားတွေကို မုန့်ဟင်းခါး ချက်ကျွေးတယ်။

ပြီးတော့ မမိုးညိုကို ခေါ်ပြီး မြို့ပြင်က ဆုတောင်းပြည့်ဘုရားမှာ ပန်းရေချမ်းဆီမီး သက်စေ့ပူဇော်တယ်။

ဘုရားဝတ်ပြုပြီးဆုတောင်းပြည့်ဘုရားပေါ်က ပြန်ဆင်းလာတော့ မြို့လူမိုက် ညိုကြီးနဲ့ အပေါင်းအပါ နှစ်ယောက်ဘုရားခြေရင်းမှာ ရပ်စောင့်နေတာမြင်ရတယ်။





ညိုကြီးဟာ မတူမတန် ရွှေအိမ်စည်ကို မေတ္တာ ရှိတယ်ဆိုပြီးရိသဲ့သဲ့ လုပ်နေတာကြာပြီ။

ရွှေအိမ်စည်ဟာ ညိုကြီးကို မြင်တော့ မျက်နှာတင်းမာပြီးမြင်းလှည်းဂိတ်ကို ခပ်သုတ်သုတ် သွားမယ်ပြင်လိုက်တယ်။

ဒါပေမဲ့ ညိုကြီးဟာ မသထီစရာ မျက်နှာပေးနဲ့ အနားကိုရောက်လာပြီး

"နေပါဦး ရွှေအိမ်စည် ကိုယ်တောင်းထားတဲ့ အဖြေလေးပေးသွားပါဦး"

လို့ဆိုလိုက်တယ်။

ရွှေအိမ်စည်က အံကိုကြိတ်လိုက်ပြီး

"ရှင့်ကိုမဖြစ်နိုင်ဘူးလို့ ကျွန်မ အကြိမ်ကြိမ် ပြောပြီးပြီလေ၊ ဘာပြောစရာရှိလို့လဲ"

လို့ဆိုလိုက်တယ်၊ညိုကြီးက မျက်နှာမဲ့လိုက်ပြီး

"ဒီမှာ…ဒီမြို့မှာ ကိုယ့်ထက်သာတဲ့သူ ရှိလို့လား၊ကိုယ့်ကိုကျော်ရဲတဲ့သူရှိလို့လား၊မင်းဘာစိတ်ကူးလွဲနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်တယ်။ ရွှေအိမ်စည်က မျက်နှာရှုံ့မဲ့ပြီး

"ဒါကတော့ ရှင့်ကိုရှင် အသိဆုံးဖြစ်မှာပါ။ ကဲ…ကျွန်မကို မနှောက်ယှက်ပါနဲ့ လမ်းဖယ်ပေးပါ"

လို့ဆိုလိုက်တော့ ညိုကြီးက အံကိုကြိတ်ပြီး

"နင်က မင်းသမီးဆိုပြီး လူပါးဝတယ်ပေါ့လေ၊ ဒီမြို့မှာ ညိုကြီး အစွမ်းဘယ်လောက်ရှိတယ်ဆိုတာ ပြရမယ်၊ နင်ငါနဲ့ လိုက်ခဲ့စမ်း၊ နင့်ကို ငါနိုးပြေးမယ်"

လို့ဆိုပြီး မမိုးညိုလက်ကို တိုင်ထားတဲ့ ရွှေအိမ်စည်ကို ဆောင့်ဆွဲလိုက်တယ်။

ရွှေအိမ်စည်က အထိတ်လန့်နဲ့ ငြင်းဆန်ရင်း

"ရှင်…ရှင်ဒီလိုမတရားမလုပ်နဲ့နော်၊ ကယ်ကြပါဦးရှင်"

လို့ပတ်ဝန်းကျင်ကိုအော်ဟစ်ပြီး အကူအညီတောင်းလိုက်တယ်၊ ဒါပေမဲ့…ဆုတောင်းပြည့်ဘုရား ဝန်းကျင်မှာ ရှိတဲ့လူတွေဟာ မတရားလုပ်နေမှန်းသိရက်နဲ့ ညိုကြီးကိုမလွန်ဆန်ဝံ့တာနဲ့ ဘယ်သူမှ အနားမကပ်ဝံ့ဘူး။





ဒီအချိန်မှာပဲ စေတီရင်ပြင်ပေါ်က ဆင်းလာတဲ့ လူငွစာကြီး ဦးတောကျော်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရပြီး ဦးတောကျော်က

"ဟော့ကောင် မင်းသမီးကို လွှတ်လိုက်စမ်း"

လို့အမိန့်ပေးလိုက်တယ်။ ညိုကြီးဟာ ဦးတောကျော်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရပေမဲ့ ကြောက်ရွံ့ဟန် မရှိဘူး။

မထီလေးစား ကြည့်ပြီး

"ခင်ဗျားရဲ့မင်းသမီးကို ကျုပ်ကြိုက်လို့ခိုးတယ်ဗျာ၊ ခင်ဗျား ဘာလုပ်ချင်လဲ၊ ဒီမြို့မှာ ထမင်းဝဝ စားချင်ရင် ကိုယ့်လမ်းကိုယ်သွား"

လို့ဆိုလိုက်တော့ ဦးတောကျော်က ခေါင်းခါယမ်းပြီး

"ညိုကြီး…ညိုကြီး မလောက်လေး မလောက်စား လူမိုက်တလေးကများ ငါ့ကို ခြိမ်းခြောက်နေတယ်၊ မင်းတော့ ဒီအချိန်က စပြီး လူမိုက်ဘွဲ့ ပြုတ်ပြီ"

လို့ဆိုလိုက်တော့ ညိုကြီးဟာ ဦးငွစာကြီးကို အံကြိတ်ဟန်နဲ့ ကြည့်ရင်း

"ခင်ဗျားကြီး တော်တော် သတ္တိကောင်းနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီးသူ့တပည့်နှစ်ယောက်ကို ခေါင်းဆတ်ပြလိုက်တယ်။

ညီကြီးရဲ့တပည့်တစ်ဦးဟာ ရှေ့တိုးပြီးဦးတောကျော်ရဲ့မျက်နှာကို ဖြတ်ရိုက်လိုက်တယ်။ ဒါပေမဲ့ ဦးတောကျော်က လူမိုက်ရဲ့လက်ကို သာသာလေးတွန်းလိုက်တာ လူမိုက်အော်ဟစ်ပြီး လဲကျသွားတယ်။

ကျန်လူမိုက်တစ်ယောက်ဟာ လဲကျသွားတဲ့လူမိုက်ကိုနားမလည်ဟန်နဲ့ကြည့်ပြီးဦးတောကျော်ကိုတိုက်ခိုက်လိုက်ပြန်တယ်။

ဦးတောကျော်က ရှေ့ကလူမိုက်လိုပဲ အသာ ရှောင်ဟိမ်းပြီး နံရိုးကိုလက်ညှိုးနဲ့ထိုးလိုက်တာ လူမိုက်အားခနဲ အော်ပြီးလဲကျသွားတယ်။

ညီကြီးဟာ သူ့တပည့်နှစ်ယောက်ရဲ့အခြေအနေကို ကြည့်ပြီးမျက်လုံးပြူးသွားတယ်။

ဒါပေမဲ့ညီကြီးဟာ လူမိုက်တစ်ပိုင်း လက်ဝှေ့သမားတစ်ပိုင်း မို့ဦးတောကျော်ကိုအထင်မကြီးဘဲ ရှေ့အိမ်စည်ကိုလွှတ်ပြီး ဦးတောကျော်ကို ကြီးဝိုင်းထဲကလို တိုက်ခိုက်လိုက်တယ်။ ဒါပေမဲ့ ဦးတောကျော်က ညီကြီးကိုကလေးကစားသလိုတိုက်ခိုက်ပြီး နံရိုးကိုလက်နဲ့ထိုးလိုက်တော့ ညီကြီးဟာ ခါတ်လိုက်သလို တုန်ခါပြီးမြေပေါ်ကိုလဲကျသွားတယ်။

ဒီမြင်ကွင်းကို ဘုရား ပတ်ဝန်းကျင်ကလူတွေက မြင်ပြီး ယုံတမ်းပုံပြင်တစ်ပုဒ်လို တအံ့တသြပြန်ပြောကြတယ်။

ဒါပေမဲ့ကြားတဲ့သူတိုင်း မယုံနိုင်ကြဘူး။

ညီကြီး တစ်ယောက်တတော့ လူမိုက်ဘွဲ့ပြုတ်၊ အရှက်ကွဲပြီး မြို့ပေါ်က ပျောက်ကွယ်သွားတယ်။

*****







www.burmeseclassic.com

www.burmeseclassic.com

လှမိုက်ညိုကြီး ပျောက်သွားပြီးတစ်ပတ်လောက် အကြာမှာ လှငွစာကြီး ဦးတောကျော်က မမိုးညို၏ခေါင်းကိုပုတ်ပြီး

"နင်…ဒီနေ့ နေလယ်ခင်း ငါ့အိမ်ကိုလာခဲ့ဦး"

လို့ဆိုလိုက်တော့မမိုးညိုက လူတွေနဲ့ဝေးဝေးနေတတ်တဲ့ လှငွစာကြီးကိုနားမလည်ဟန်နဲ့ကြည့်ပြီး

"တကယ်လား၊နားရှိလို့သာ ကြားရတယ်၊ ကိုယ့်နားကိုတောင်ကိုယ်မယုံဘူး"

လို့ဆိုလိုက်တော့ လှငွစာကြီးက သက်ပြင်းချပြီး





"ငါ လူတွေနဲ့ ဝေးဝေးနေတာ ဟုတ်တယ်၊ ဒါပေမဲ့ နင့်ကို အမွေပေးချင်လို့ပါ"

လို့ဆိုလိုက်တော့ မမိုးညိုက နားမလည်ဟန်နဲ့ကြည့်ပြီး

"ဟင်…အမွေဟုတ်လား၊ဘာအမွေပေးမှာလဲ"

လို့မေးမြန်းလိုက်တော့ လှငွစာကြီးက

"နေ့လယ်ရောက်ရင် သိရမှာပေါ့"

လို့ပဟေဠိဆန်ဆန် ပြောတဲ့တယ်၊မမိုးညိုဟာ လှငွစာကြီးလို တစ်ဇာတ်လုံးနဲ့ ကင်းကင်းနေတဲ့ လူကြီးက သူ့မကို ဖိတ်ခေါ်တဲ့အတွက် နေ့လယ်ရောက်ဖို့အလွန်စိတ်လှုပ်ရှားနေမိတယ်။

နေ့လယ်ရောက်တော့ မမိုးညိုဟာ လှငွစာကြီးအိမ်ကိုအရှုလည်လည်နဲ့ ရောက်ရှိသွားတယ်၊ လှငွစာကြီးက အမြဲလိုလို ပိတ်ထားတဲ့ သူ့အိမ်တံခါးကိုဖွင့်ပေးပြီး

"ဒီမှာထိုင် မိုးညို"

လို့ပြောတယ်၊

မမိုးညို လှငွစာကြီးရဲ့ အိမ်ပတ်ဝန်းကျင်ကို မျက်လုံးဝေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ အခန်းနံရံမှာ ကပ်ထားတဲ့ ဆီစိမ်စက္ကူချပ်ကြီးကို တွေ့ရပြီး ဆီစိမ်စက္ကူမှာ တရုတ်မင်နဲ့ ရေးခြစ်ထားတဲ့ အမှတ်အသား တွေ တွေ့ရတယ်။

အခန်းထဲက စားပွဲငယ်လေးပေါ်မှာလဲ မှိုင်းကိုင်စက္ကူနဲ့ ပေပုရပိုဒ်တွေကို အစီအရီတွေ့ရတယ်။

မိုးညိုက လူ့ငွစာကို နားမလည်ဟန်နဲ့ ကြည့်ပြီး

"ဦးတောကျော်က မိုးညိုကို ဘာအမွေပေးမှာလဲ"

လို့မေးလိုက်တယ်။ လူ့ငွစာကြီးက သက်ပြင်းချပြီး

"လူတွေဟာ မကောင်းဘူး၊ ဒါပေမဲ့ နင်ကတော့ သိပ်ပြီး တော့ဖြူစင်တယ်၊ ဖြူစင်လွန်းတဲ့ လူဟာ အန္တရာယ်တွေ ပတ်လည် ဝိုင်းနေတတ်တယ်၊ ဥပမာ အပြစ်ကင်းစင်တဲ့ ယုန်လေးတစ်ကောင် ဟာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတာ ကြည့်ပေါ့"

လို့ဆိုလိုက်တော့ မမိုးညိုက ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ် ဦးတောကျော်ရယ်..မိုးညိုဆိုရင် တွေ့တဲ့ လူတိုင်းက အနိုင်ယူချင်ကြတယ်"





လို့ပြောတယ်။ လူ့ငွစာကြီးက သက်ပြင်းချပြီး

"ဒါဟာ လောကရဲ့နိယာမတရားပဲကွ၊ ဆူးမရှိတဲ့ ပန်းဟာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတတ်တယ်၊ ဒါကြောင့် ဆူးရှိအောင် လုပ်ထားရမယ်"

လို့ဆိုလိုက်တော့ မမိုးညိုက ဦးတောကျော်ကို စိတ်ဝင်စား တန်နဲ့ ကြည့်ပြီး

"ဆူးရှိအောင် ဘယ်လိုလုပ်ရမှာလဲ"

လို့မေးမြန်းလိုက်တယ်။

လူ့ငွစာကြီးက ခေါင်းညိတ်ပြီး နံရံမှာ ချိတ်ထားတဲ့ ဆီစိမ် စက္ကူချပ်ကြီးကို လက်နဲ့ထောက်ပြီး

"ဆီစိမ်စက္ကူပေါ်မှာ လူ့ခန္ဓာကိုယ်က သွေးကြောတွေကို ရေးမှတ်ထားတယ်၊ ဒါဟာ အကြောကိုင်ပညာရဲ့ အဆီအနှစ်တွေကဲ ပဲ၊ နင့်ကို ငါ တတ်ထားတဲ့ အကြောကိုင်ပညာကို သင်ကြားပေးမယ်၊ အကြောကိုင် ပညာကို တတ်ရင် လူတွေ နင့်ကို လွယ်လွယ်နဲ့ အနိုင် ကျင့်လို့မရဘူး။ လွန်ခဲ့တဲ့ရက်က ဆုတောင်းပြည့်ဘုရားမှာ မှုမိုက်



www.burmeseclassic.com

www.burmeseclassic.com



ညီကြီးကို ချလိုက်တာ အကြောကိုင်ပညာပေါ့"

လို့ဆိုလိုက်တော့ မိုးညိုဟာ အကြောကိုင်ပညာသင်ဖို့ အလွန်စိတ်ဝင်စားပြီး

"တကယ်လား ဦးတောကျော်ရယ်...ဒါဆိုရင်တော့ မိုးညိုကို မြန်မြန်သင်ပေးပါ၊ အကြောကိုင်ပညာတတ်ရင် လူတွေ မိုးညိုကို အနိုင်ကျင့်လို့မရဘူး"

လို့ပြောလိုက်တယ်။ ဒီအခါမှာ ဦးတောကျော်က

"တကယ်တော့ အကြောကိုင်ပညာကို ငါ့ဆရာရဲ့ ခွင့်ပြုချက်မရဘဲ သင်ပေးရင် ငါ့မှာ အပြစ်ဖြစ်သွားမယ်၊ ဒါပေမဲ့ အပြစ်ဖြစ်ရင်လဲ မထူးတော့ပါဘူးကွာ၊ ငါ့က အပြစ်တွေ အများကြီးနဲ့ လူသားပါ။ ဖြူစင်အောင်လည်း ဆေးကြောလို့မရပါဘူး"

လို့ ပဟေဠိဆန်ဆန် ပြောတယ်၊ ပြီးတော့ လူ့ဘဝကြီးက မမိုးညိုကို ဆီစိမ်စက္ကူပေါ်မှာ ရေးမှတ်ထားတဲ့ လူခန္ဓာကိုယ်က သွေးကြောအမှတ်အသားတွေကို အလွတ်ကျက်ခိုင်းတယ်။

မမိုးညိုကျက်မှတ်နေဆုန်းမှာ လူ့ဘဝကြီးက





"သေသေချာချာ မှတ်နော် ခန္ဓာကိုယ်ပေါ်က သွေးကြောတွေက နည်းနည်းလေးမှ လွဲလို့ရဘူး၊ လွဲတာနဲ့ လူ့အသက်ကို ပေးလိုက်ရလိမ့်မယ်"

လို့ပြောတော့ မမိုးညိုက ဂရုစိုက်ပြီးမှတ်သားတယ်။

နောက်တော့ ဦးတောကျော်က အကြောကိုင်ပညာ သင်ပေးတာကို ဘယ်သူ့မှမပြောရဘူး၊ လျှို့ဝှက်ထားရမယ်လို့ ကတိတောင်းပြီး သွေးကြောများ ရေးမှတ်ထားတဲ့ ဆီစိမ်စက္ကူရွက်ကြီးကို ပေးလိုက်တယ်။

မမိုးညိုဟာ ဆီစိမ်စက္ကူရွက်ကြီးကို သူနေတဲ့ စတိုခန်းထဲကို ယူဆောင်သွားပြီး ကြိုးစားပမ်းစား ကျက်မှတ်နေခဲ့တယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ရက်အနည်းငယ်ကြာတော့ ခေါင်းဆောင်မင်းသမီး မြနှင်းဆီက မမိုးညိုကို တိတ်တဆိတ်ခေါ်ပြီး

"ဒီနေ့ည အစ်မအခန်းကို တိတ်တိတ်လေးလာခဲ့"

လို့ပြောတယ်။ မမိုးညိုက မြနှင်းဆီကို နားမလည်ဟန်နဲ့ ကြည့်ပြီး

"အစ်မအခန်းကို လာပြီးနင်းနှိပ်ပေးရမှာလား"

လို့မေးမြန်းလိုက်တော့ မြနှင်းဆီက ခေါင်းခါယမ်းလိုက်ပြီး





"မိုးညိုကို အစ်မ မနှိပ်ခိုင်းရက်ပါဘူးကွယ်၊ အစ်မက မိုးညိုကို ပညာအမွေတစ်ခုပေးမလို့ပါ"

လို့ဆိုတော့ မမိုးညိုဟာ မြနှင်းဆီကို နားမလည်ဟန်နဲ့ ကြည့်ပြီး

"ဘယ်လိုပညာအမွေပေးမှာလဲ"

လို့မေးမြန်းလိုက်တယ်၊ ဒါပေမဲ့ မြနှင်းဆီကတော့ မိုးညို အမေးကိုမဖြေဘဲ

"ညရောက်တော့ သိရမှာပေါ့ မိုးညို ဆက်ဆက်လာနော်"

လို့ဆိုလိုက်တယ်။ မိုးညိုဟာ မြနှင်းဆီစကားကို အဖြေရှာရင်း ညကိုရောက်သွားတယ်။

ညတိုရောက်တော့ မမိုးညိုဟာ အိမ်အလုပ်တွေကို အမြန်ဆုံးလက်စသတ်ပြီး မြနှင်းဆီရဲ့ ကျဉ်းမြောင်းတဲ့ အခန်းကျဉ်းလေးကို ရောက်သွားတယ်။

အငြိမ့်ထောင်ဆရာရဲ့ နေအိမ် အခန်းကိုယ်စီနဲ့ နေနိုင်မှုဆိုလို့ မြနှင်းဆီနဲ့ လူ့ပွဲစားကြီး ဦးတောကျော်ပဲရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီဟာ တံခါးဝမှာ စောင့်ကြိုပြီး

"မြန်မြန်ဝင် မိုးညိုလူတွေ နင့်ကိုမြင်သွားရင် စပ်စုနေလိမ့်မယ်"

လို့ပြောပြီး မမိုးညိုရဲ့ လက်မောင်းကို ဆွဲပြီး သူ့ရဲ့ အခန်းကျဉ်းလေးကို ခေါ်ပါတယ်။

အခန်းထဲကိုရောက်တော့ မမိုးညိုက

"မိုးညိုကို ဘာအမွေပေးမလို့လဲ"

လို့ နားမလည်ဟန်နဲ့ မေးလိုက်တော့ မြနှင်းဆီက သက်ပြင်းချပြီး

"လောလောဆယ် မိုးညိုကို ဘာအမွေပေးမယ်ဆိုတာ မပြောပြသေးဘူး။ ဒါပေမဲ့ မိုးညိုအတွက် အကျိုးရှိမှာသေချာပါတယ်၊ အစ်မခိုင်းတာကို ယုံယုံကြည်ကြည် လုပ်ဖို့ပဲလိုပါတယ်"

လို့ပြောလိုက်တယ်။ မမိုးညိုဟာ မြနှင်းဆီရဲ့ ပဟေဠိဆန်တဲ့ စကားကြောင့် သူမကိုပေးမဲ့ အမွေကို ပိုပြီးစိတ်ဝင်စားသွားပြီး

"အစ်မ ခိုင်းတာကို ယုံယုံကြည်ကြည်နဲ့ လုပ်ပါ့မယ်၊ ဘာ





ကြောင့်လဲဆိုတော့ အစ်မက မိုးညိုကို ကောင်းတဲ့ အမွေပဲပေးမယ်ဆိုတာ ယုံတယ်"

လို့ပြောလိုက်တယ်။ မြနှင်းဆီက မမိုးညိုရဲ့ စကားကြောင့် ခေါင်းညိတ်လိုက်ပြီး

"မိုးညိုကို အစ်မပေးမဲ့ အမွေဟာ ပစ္စည်းဥစ္စာမဟုတ်ဘူး၊ ထူးခြားဆန်းကြယ်တဲ့ ပညာရပ် တစ်ခုပါ။ ဒီပညာက ယုံကြည်မှုက အဓိကပဲ၊ မယုံကြည်ရင်တော့ တိုးတက်မှာမဟုတ်ဘူး"

လို့ပြောတယ်။ ပြီးတော့ မြနှင်းဆီဟာ ခုတင်အောက်က ကျွန်းသေတ္တာကြီးကို ဖွင့်ပြီး ကျွန်းသေတ္တာထဲက ရှေးဟောင်းမှန် တစ်ချပ်ကို တရိုသေ ထုတ်ယူလိုက်တယ်။

မှန်ကြီးက ရှေးကျလွန်းလို့ ဝါကျင်နေပြီ၊ မှန်ရဲ့ ပတ်လည်မှာ ပန်းကနုတ်တွေနဲ့ စီခြယ်ထားတယ်။

မြနှင်းဆီက မှန်ကြီးကို ကြည့်ပြီး

"ဒီရှေးဟောင်းမှန်ကြီးဟာ ဘုရင့်နောင်မင်းတရားကြီး လက်ထက်က နန်းတွင်းအပျိုတော်တစ်ဦးရဲ့ မှန်ကြီးပဲဖြစ်တယ်၊

www.burmeseclassic.com



ဒီမှန်ဟာ ယိုးဒယားကို ဘုရင့်နောင်မင်းတရားကြီး စစ်ချီတုန်းက ပါလာတဲ့ မှန်ဖြစ်တယ်၊ ရှေးဟောင်းမှန်ဟာ မိုးညိုကို ပညာသင်တဲ့နေရာမှာ အလွန်အရေးပါတယ်။အစ်မရဲ့ဆရာကတော့ လိုတရကြေးမုံလို့ခေါ်တယ်၊ ဒီမှန်ကို မိုးညိုကို ပေးလိုက်ပြီ၊ ရိုရိုသေသေသိမ်းထားပေတော့"

လို့ဆိုပြီးရှေးဟောင်းမှန်ကြီးကိုကတ္တီပါအိတ်ထဲကိုထည့်ပေးတယ်။မမိုးညိုက မျက်မှောင်ကြုတ်ပြီး

"ဒီမှန်ကြီးကိုမိုးညိုက ဘာလုပ်ရမှာလဲ"

လို့မေးမြန်းလိုက်တယ်။မြနှင်းဆီက

"လိုတရကြေးမုံကို မိုးညို အခန်းထဲက နံရံမှာ ချိတ်ထားရမယ်၊ မှန်ကြီးချိတ်ထားတဲ့ နံရံမှာ မှန်တစ်ချပ်တည်း ရှင်းရှင်းလင်းလင်း ချိတ်ထားရမယ်၊ အနီးဝန်းကျင်မှာ ရှုပ်ရှုပ်ထွေးထွေး ပစ္စည်းတွေ မထားရဘူး။နောက်ပြီးတော့ မှန်ချိတ်ရမဲ့ နံရံရဲ့အမြင့်က မိုးညိုတင်ပျဉ်ခွေထိုင်ပြီးတည့်တည့်ကြည့်လို့ရမဲ့အမြင့်ဖြစ်ရမယ်"

လို့ပြောတယ်။မမိုးညိုက နားထောင်ပြီး





"မှန်ကိုနံရံမှာချိတ်ပြီးရင် မိုးညိုက ဘာလုပ်ရမှာလဲ"

လို့မေးလိုက်တယ်။

မြနှင်းဆီက မိုးညိုကိုကြည့်ပြီး

"မှန်ရှေ့မနီးမဝေးမှာထိုင်ပြီးမှန်ထဲမှာ မြင်နေရတဲ့ ကိုယ့်မျက်လုံးကို တည့်တည့်ကြည့်ရမယ်၊ ဒီလိုကြည့်တဲ့နေရာမှာ မျက်တောင်မခတ်ရဘူး၊ မျက်တောင်မခတ်ဘဲ အချိန်အကြာကြီး ကြည့်နိုင်အောင် ကြိုးစားရမယ်၊ပထမတော့ တစ်မိနစ်၊ နှစ်မိနစ်ကနေ တဖြည်းဖြည်း ၅မိနစ်၊၁၀မိနစ် အထိရလာလိမ့်မယ်၊ဒီလိုကြည့်တဲ့အခါမှာ မျက်တောင်မခတ်ဖို့နဲ့၊ မျက်ရည်မထွက်ဖို့ သိပ်အရေးကြီးတယ်၊ မှန်ကိုကြည့်တဲ့အခါမှာ အားစိုက်မထုတ်ရဘူး၊ သက်တောင့်သက်သာ အနေအထားပဲ ဖြစ်ရမယ်၊ ပထမတော့ အချိန်တိုလေးအတွင်းမှာ မျက်တောင်ခတ်လိမ့်မယ်၊ နောက်တော့ တဖြည်းဖြည်းတိုးတက်လာလိမ့်မယ်၊ မျက်ရည်ထွက်လာရင်လဲ သည်းခံပြီးဆက်ကျင့်ပေး၊ ဒါပေမဲ့မျက်စိတွေ ကျိန်းပြီးနာကျင်လာရင်တော့ လေ့ကျင့်တာကိုရပ်ပြီးအနားယူရမယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့မှာကြားတယ်၊ မိုးညိုက ခေါင်းညိတ်ပြီး

"မမလေ့ကျင့်ခန်းက စိတ်ဝင်စားဖို့ ကောင်းတယ်၊ မိုးညို ကြိုးစားပါ့မယ်၊ ဒါပြီးရင် ဘာလိုဆက်လုပ်ရမှာလဲ"

လို့မေးလိုက်တယ်၊ မြနှင်းဆီက ခေါင်းညိတ်ပြီး

"မိုးညိုအတွက် ဒီလောက် သိထားရင် လုံလောက်ပါပြီ၊ ဒီထက်ပိုပြီးသိရင်မိုးညိုအတွက် အကျိုးမရှိဘဲ အပြစ်ဖြစ်သွားမယ်၊ နောက်တော့အစ်မ ဆက်ပြောမယ်"

လို့ပြောတယ်၊ ဒီလိုနဲ့ မမိုးညိုဟာ မြနှင်းဆီ ပေးလိုက်တဲ့ လိုတရကြေးမုံကြီးကိုပိုက်ပြီးအခန်းထဲကိုပြန်ခဲ့တယ်၊

မမိုးညိုဟာ မမျှော်လင့်ဘဲ သူမကိုပညာအမွေပေးမဲ့ဆရာ နှစ်ယောက် တပြိုင်တည်းရလာလို့အံ့ဩဝမ်းသာနေမိတယ်၊

ဦးတောကျော်ကြီးက သူမကိုအကြောကိုင်ပညာသင်ပေး မယ်ဆိုတာ သိရပြီးမြနှင်းဆီကတော့ ရှေးဟောင်းမှန်ကြီးကိုအသုံးချ ပြီးဘယ်လိုပညာမျိုး သင်ကြားပေးမလဲမသိဘူး၊

ဒါပေမဲ့ မြနှင်းဆီဟာ သူမကို ညီမအရင်းလို ချစ်ခင်တဲ့





အတွက် အကျိုးမဲ့ မဖြစ်ဘူးလို့ ခံစားမိတယ်၊

မမိုးညိုဟာ အားလပ်တဲ့ အချိန်တိုင်း ဦးတောကျော်ကြီး ပေးလိုက်တဲ့ ဆီစိမ်စက္ကူချပ်ကြီးက သွေးကြောကွက်များကို ကျက် မှတ်ရတယ်၊ သွေးကြောကွက်များကို မှတ်သားရခက်တဲ့အတွက် မိုးညိုဟာ ညည်းနက်တဲ့အထိ ကျက်မှတ်ရတယ်၊

နံနက် အရုဏ်တက်ချိန်မှာ အိပ်ယာကထပြီး စတိုခန်း နံရံကို ဆေးကြောသန့်စင်ရင်း နံရံ ပတ်ဝန်းကျင်က ပစ္စည်းတွေကို ရှင်းလင်းရတယ်၊ ပြီးတော့ မြနှင်းဆီပေးလိုက်တဲ့ ရှေးဟောင်း မှန်ကြီးကို နံရံမှာချိတ်ပြီးနံရံရှေ့မှာ တင်ပျဉ်ခွေ ထိုင်ကာ မှန်ထဲက ပုံရိပ်ရဲ့မျက်လုံးအစုံကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေမိ တယ်၊

ဒါပေမဲ့ ခဏကြာတော့ မျက်လုံးတွေ ညောင်းပြီးမျက် တောင်ခတ်မိသွားတယ်၊

ပြီးတော့ တစ်ကြိမ်ပြီးတစ်ကြိမ်ထပ်ပြီးကြိုးစားကြည့်တော့ အချိန်ပိုကြာကြာကြည့်နိုင်ကြောင်းတွေ့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မြန္မာင်းဆီရဲ့အားမစိုက်ရဘူး၊ သက်တောင့်သက်သာ ကြည့်ရမယ်ဆိုတဲ့စကားကိုကြားမိပြီး ရှေးဟောင်းမှန်ကြီးကို သက်သောင့်သက်သာ ကြည့်လိုက်တော့ အချိန်အတော်ကြာ ကြည့်နိုင်ကြောင်း တွေ့ရတယ်။

ဒီအခါမှပဲ ရှေးဟောင်းမှန်ကြီးကို ကြည့်တာ ရပ်နားပြီး အိမ်ကြီးရဲ့ဝေယျာဝစ္စအလုပ်များကိုစတင်လုပ်ကိုင်ခဲ့တယ်။

အငြိမ့်အဖွဲ့သားတွေဟာ နံနက်နေမြင့်တော့မှ အိပ်ယာက ထကြတယ်။

မမိုးညိုဟာ အငြိမ့်အဖွဲ့သားတွေစားဖို့မုန့်ဟင်းခါး၊ လက်သုပ်စုံစတဲ့ စားသောက်ဖွယ်ရာတွေကိုဈေးက ဝယ်ယူပေးခဲ့တယ်။

မမိုးညိုဟာ အငြိမ့်အဖွဲ့သားတွေအတွက် စားသောက်ဖွယ်ရာ ဝယ်ယူပေးပြီးတော့ လူ့ဝှစာကြီးဦးတောကျော် ဆီကိုသွားပြီးဈေး ခြင်းတောင်းကိုယူရတယ်။

လူ့ဝှစာကြီး လိုအပ်တဲ့ ဈေးစာရင်းကိုယူပြီးဈေးဝယ်ထွက်ကြတယ်။ ဈေးကပြန်လာပြီးတော့ လူ့ဝှစာကြီးဦးတောကျော်နဲ့အတူ





ထမင်းဟင်းတွေ အတူတူချက်ပြုတ်ကြတယ်။

ထမင်းဟင်းတွေ ချက်တဲ့အခါမှ အငြိမ့်အဖွဲ့သားတွေကို ခေါ်ပြီးကျွေးမွေးရတယ်။ မမိုးညိုကိုယ်တိုင်လဲ အငြိမ့်အဖွဲ့သားတွေနဲ့ အတူနေ့လယ်စာ စားသောက်ခဲ့တယ်။

နေ့လယ်စာ စားပြီးတော့ အိမ်ကြီးတစ်ခုလုံးရဲ့သန့်ရှင်းရေး တို့ဆောင်ရွက်ရတယ်။ မမိုးညိုဟာ သန့်ရှင်းရေးကိစ္စတွေ ပြီးတော့ အကြောကိုင်ပညာ သင်ဖို့လူ့ဝှစာကြီး အခန်းကို သွားခဲ့တယ်၊

လူ့ဝှစာကြီးက အခန်းထဲမှာ ကြိုတင်စောင့်နေပြီး

“ဘယ်လိုလဲ ငါကျက်ခိုင်းတဲ့ လူ့ခန္ဓာကိုယ်က သွေးကြော တွေရဲ့တည်နေရာကို အလွတ်ရပြီလား”

လို့မေးမြန်းလိုက်တော့ မမိုးညိုက သူ့ပင်ပင်ပန်းပန်း ကျက် ထားတဲ့ သွေးကြောတွေရဲ့ တည်နေရာကို အလွတ်ရွတ်ပြလိုက် တယ်။ လူ့ဝှစာကြီးက မမိုးညိုအလွတ်ရွတ်ပြတာကို နားမထောင်ပဲ လက်ကာပြလိုက်ပြီး

“ဒီလိုအလွတ်ရွတ်ပြတာ ငါမလိုချင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပြီးသွေးကြောတွေရဲ့တည်နေရာကို မေးချင်တဲ့နေရာကဖြတ်မေး တော့မမိုးညိုမဖြေနိုင်ဘဲအခက်ကြုံရလေတယ်။

လူ့ဝှစာကြီးကခေါင်းခါယမ်းပြီ

"နင့်ရဲ့အလွတ်ကျက်ထားတဲ့ အဖြေတွေက ဝါသဘော မကျဘူး၊ လောကမှာ အလွတ်ကျက်တဲ့ အဖြေဟာ ဘယ်တော့မှ မမှန်ဘူး၊ နားလည်လား၊နောက်တစ်ကြိမ်ပြန်ပြီးသေသေချာချာ လေ့လာ"

လို့ဆိုပြီးအခန်းထဲက မောင်းထုတ်လိုက်တယ်။ မမိုးညို အခန်းထဲကစိတ်ပျက်လက်ပျက်ထွက်လာခဲ့တယ်။

ဒီအတိုင်းဆိုရင်တော့လူ့ဝှစာကြီးသင်ပေးမဲ့အကြောကိုင် ပညာဆိုတာမလွယ်ပါလားလို့တွေးမိတယ်။

မမိုးညိုဟာ ညကိုရောက်တော့ လူအရိပ်အခြည်ကို ကြည့်ပြီးမြနှင်းဆီရဲ့အခန်းကိုထွက်ခဲ့တယ်.

အခန်းရှေ့ကို ရောက်တော့ တံခါးကို တိုးတိုးလေး ခေါက်လိုက်တော့မြနှင်းဆီက အခန်းတံခါးလာဖွင့်ပေးလိုက်တယ်။အခန်း





ထဲကိုရောက်တော့မြနှင်းဆီက သူမရဲ့လေ့ကျင့်ခန်းတွေလုပ်နိုင်ခြင်း ရှိမရှိမေးမြန်းတယ်။

မမိုးညိုက အစပိုင်းတွင် ခဏသာ လုပ်နိုင်ပြီးနောက်ပိုင်း မှာင်မြနှင်းဆီ မှာကြားတဲ့အတိုင်း အားစိုက်ထုတ်ခြင်းကင်းအောင် ကြိုးစားပြီးလေ့ကျင့်လေရာ တစ်ကြိမ်ရှျှင့်၁၅မိနစ်မျှ လေ့ကျင့် နိုင်ကြောင်း ပြောလိုက်တယ်။မမိုးညိုရဲ့စကားအဆုံးမှာ မြနှင်းဆီရဲ့ မျက်နှာဝင်းပသွားပြီး

"အမလေး..ဝမ်းသာလိုက်တာဟယ်၊ဒါဆိုရင် နင်ဟာ သင်ပေးတဲ့ပညာနဲ့ပတ်သက်ပြီးပါရမီရှိတာသေချာပြီး၊ပထမဆုံး အကြိမ်လေ့ကျင့်တဲ့ လူဟာ ဒီလောက်အချိန်ကြာကြာ လုပ်နိုင်တယ် ဆိုတာပါရမီပါလို့ဟဲ့"

လို့ပြောတယ်၊ နောက်တစ်နေ့ထပ်ပြီးသေချာအောင် လေ့ကျင့်ဖို့ စေခိုင်းလိုက်ပြန်တယ်။မမိုးညိုဟာ ညဘက် စာခန်း လေးကို ပြန်ရောက်တဲ့အခါ မအိပ်စက်နိုင်သေးဘဲ လူ့ဝှစာကြီး မှတ်မှတ်နိုင်းတဲ့ သွေးကြောတွေရဲ့ တည်နေရာကို သေချာစွာ



www.burmeseclassic.com

www.burmeseclassic.com



ကျက်မှတ်နေမိတယ်။ သွေးကြောကွက်တွေကို ညည့်နက်အောင် ကျက်မှတ်ပြီးတော့ အိပ်စက်လိုက်တယ်။

နောက်နေ့ နံနက်စောစော အိပ်ယာက ထပြီးမြနှင်းဆီ လေ့ကျင့်နိုင်းတဲ့ ရှေးဟောင်းမှန်ကြီးကို မျက်တောင်မခတ်ဘဲ ကြည့်ရှုပြန်တယ်၊

ရှေးဟောင်းမှန်ကြီးကိုအားစိုက်မထုတ်ဘဲလေ့ကျင့်ကြည့်တော့ တစ်ကြိမ်ကို ၂၀ မိနစ်လောက်ပင်လေ့ကျင့်နိုင်ကြောင်းတွေ့ရတယ်။

နေ့လယ် ထမင်းစားပြီးတဲ့အခါ လူ့ဂွစာအခန်းကိုသွားပြီး ခန္ဓာကိုယ်က သွေးကြောတည်နေရာတွေကို ဖြေကြားတဲ့အခါ ကောင်းမွန်စွာ ဖြေနိုင်တဲ့အတွက် လူ့ဂွစာကြီးက မမိုးညိုရဲ့ခေါင်းကို ပုတ်ပြီး

"နင်သိပ်ဉာဏ်ကောင်းတယ်၊ ခန္ဓာကိုယ်က သွေးကြောဖွဲ့စည်းပုံတွေကို ဒီလောက်အချိန်တိုလေး အတွင်းမှာ တော်ရုံလူ အလွတ်မရနိုင်ဘူး၊ ရှေ့ဆက်ပြီးဒီထက်အသေးစိတ်ကျတဲ့ သွေး





ကြောတွေကိုလေ့လာရမယ်၊ အကြောကိုင်ပညာမှာ သွေးကြောတွေရဲ့နေရာကို သိဖို့က အခြေခံအကျဆုံးပဲ"

လို့ပြောပြီးမမိုးညိုအားအကြောတွေရဲ့တည်နေရာကိုရေးမှတ်ထားတဲ့ဆီစိမ်စက္ကူချပ်ကြီးတစ်ချပ်ကိုထပ်ပေးလိုက်ပြန်တယ်။

မမိုးညိုဟာ သွေးကြောတွေရဲ့တည်နေရာကို ပိုပြီးတိကျအောင်လေ့လာကျက်မှတ်ရပြန်တယ်။

သူဟာ မြနှင်းဆီရဲ့အခန်းကို တစ်ပတ်တစ်ကြိမ်သွားပြီးတိုးတက်မှုကိုအစီရင်ခံရတယ်။ မြနှင်းဆီက မမိုးညိုရဲ့တိုးတက်မှုတွေကိုနားထောင်ပြီးတိုင်း

"မိုးညိုဟာ ဒီပညာနဲ့ ပတ်သက်လို့ပါရမီကောင်းသူဆိုတာ သေချာသွားပြီ မိုးညိုအတွက် အစ်မ စိတ်မပူတော့ဘူး၊ အရေးအကြီးဆုံးက အားစိုက်ထုတ်ခြင်းကင်းပြီး၊ ပညာရပ်ကို ယုံကြည်သက်ဝင်ဖို့ပဲ၊ ဒါဆိုရင် စိတ်တည်ကြည်မှု ပိုမိုကောင်းမွန်ပြီးပညာ အဆင့်တိုးတက်သွားလိမ့်မယ်"

လို့ဆိုလိုက်တော့ မမိုးညိုက မြနှင်းဆီကိုနားမလည်ဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး

"အစ်မမိုးညိုကို သင်ပေးနေတာ တရားအားထုတ်တဲ့နည်းတွေတော့မဟုတ်ပါဘူးနော်"

လို့မေးမြန်းလိုက်တော့မြနှင်းဆီက ရယ်မောလိုက်ပြီး

"မဟုတ်ပါဘူးဟယ်၊အစ်မကိုယ်တိုင်တောင် တရားနဲ့ဝေးပါသေးတယ်"

လို့ပြောတယ်။ဒါလိုနဲ့ မမိုးညိုဟာရတနာမြိုင် အငြိမ်းစားအဖွဲ့ပွဲအားရက်တွေတိုင်း ဆရာနှစ်ဦးဆီက ပညာတွေကို လျှို့ဝှက်စွာသင်ကြားနေခဲ့တယ်။မမိုးညိုဟာ လူ့ဂွစာကြီး ကျက်မှတ်နိုင်းတဲ့ လူ့ခန္ဓာကိုယ်ရဲ့အမိကသွေးကြောမှတ်ပွေကိုလေ့လာကျက်မှတ်ပြီးမြနှင်းဆီ သင်ပေးတဲ့အမည်မသိ ကျင့်စဉ်တွေကို တစ်နေ့ထက်တစ်နေ့တိုးပြီးကျင့်ကြံနေပါတော့တယ်။

***

မမိုးညိုဟာ ကျင့်စဉ်တွေ လေ့ကျင့်ပြီး ၃ လ လောက်အကြာမှာလူ့ဂွစာကြီးက

"လူ့ခန္ဓာကိုယ်ပေါ်က သွေးကြောတွေရဲ့တည်နေရာကိုနင်တော်တော်တီးမိခေါက်မိသွားပြီ။တကယ်တော့လူ့ခန္ဓာကိုယ်က သွေးကြောတွေက မိုင်ချီပြီးရှည်လျားတယ်၊နင်ကျက်မှတ်ခဲ့တဲ့သွေးကြောတွေကတော့ အမိက သွေးကြောတွေပဲ၊ အကြောကိုင်ပညာဟာ ငါတို့ရှမ်းရိုးရာပညာရပ်ပဲ၊အကြောကိုင်ပညာကို အသုံးပြုပြီးလူနာကိုက်ဖောက်ကို မေ့မြောအောင်လုပ်လို့ရတယ်၊ ခြေတွေလက်တွေလှုပ်ရှားလို့ မရအောင်လဲ တားဆီးထားလို့ရတယ်၊ဆွံ့အ





www.burmeseclassic.com

www.burmeseclassic.com



နားမကြားအောင်လဲ လုပ်လို့ရတယ်၊ ဒီပညာဟာ လျှို့ဝှက်နက်န လွန်းလို့ ဒီခေတ်မှာ တတ်သူမရှိသလောက်ပဲ၊ ဒါတို့ပညာမှာ အရေးအကြီးဆုံးက ခန္ဓာကိုယ်က အကြောတွေကို ထိထိမိမိ ကိုင်တွယ်နိုင်ဖို့ပဲ"

လို့ပြောလိုက်တယ်။ မမိုးညိုက စိတ်ဝင်စားတာနဲ့

"သွေးကြောတွေကို အားစိုက်ပြီးဖိဖို့လိုသလား"

လို့မေးမြန်းလိုက်တယ်။ ဦးတောကျော်က ခေါင်းခါ လိုက်ပြီး

"အားစိုက်ထုတ်စရာ မလိုဘူး။ ထိထိမိမိရှိဖို့ပဲ လိုတယ်။ လူ့ခန္ဓာကိုယ်က သွေးကြောတွေကိုရှာဖွေတဲ့အခါ ခန္ဓာကိုယ်ပေါ်မှာ အဝတ်ဖုံးထားတဲ့အတွက် မျက်စိနဲ့ကြည့်ပြီးရှာဖွေဖို့အခွင့်အရေးမရှိ ဘူး။

လျှပ်တပြက် အချိန်အတွင်းမှာရန်သူရဲ့ ခန္ဓာကိုယ်ပေါ်က သွေးကြောကို မှန်ကန်စွာ ကိုင်တွယ်ဖို့လိုတယ်၊ ရန်သူဟာ လှုပ်ရှား နေတဲ့ ပစ်မှတ်ဖြစ်တဲ့အတွက် သွေးကြောကို မှန်မှန်ကန်ကန် ရှာဖွေ





နိုင်ရမယ်၊ အကြောကိုင်ပညာရှင်တစ်ယောက်ဟာ သိုင်းပညာကိုလဲ တွဲဖက်ပြီးသင်ကြားထားရမယ်၊ အကြောကိုင်ပညာ တစ်ခုတည်းနဲ့ ရန်သူကို ယှဉ်နိုင်ဖို့ မလွယ်ဘူး၊ နင့်ကို ရှမ်းကြီးသိုင်း သင်ပေးရဦး မယ်"

လို့ပြောတယ်။ မမိုးညိုက စိတ်ဝင်စားဟန်နဲ့

"အကြောကိုင်ပညာနဲ့ တိုက်ခိုက်လိုက်ရင် ရန်သူဘယ်လို ဖြစ်သွားသလဲ"

လို့မေးမြန်းလိုက်တယ်။

ဦးတောကျော်က ခေါင်းညိတ်ပြီး

"အကြောကိုင်ပညာနဲ့ တိုက်ခိုက်ခံရရင် ရန်သူဟာ မလှုပ် ရှားနိုင်အောင်ဖြစ်သွားမယ်၊ ရန်သူကိုလက်သီးနဲ့မထိုး၊ ခြေထောက်နဲ့ မကန်ဘဲ ရန်သူကိုလက်ချောင်းလေးနဲ့ ထိုး၊ လက်ဝါးနဲ့ပုတ်လိုက်ရုံနဲ့ ရန်သူဟာ ခါတ်လိုက်သလို တုန်ခါသွားပြီး မခံမရပ်နိုင်အောင် ဖြစ် သွားမယ်၊ ကိုယ်ရဲ့ ကျွမ်းကျင်မှု ရှိရင်ရှိသလို ရန်သူရဲ့ ဒါဏ်ရာ ပြင်း ထန်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတယ်။ပြီးတော့ ဦးတောကျော်က အခန်းထဲက တိုင်လုံးကြီးကို အုန်းဆံကြိုးနဲ့ ရစ်ပတ်လိုက်ပြီး အုန်းဆံကြိုးရစ်ထားတဲ့ တိုင်ကို မမိုးညိုရဲ့လက်ချောင်းထိပ်များနဲ့ ထိုးပြီးလေ့ကျင့်စေတယ်။

မမိုးညိုဟာ လေ့ကျင့်ခါစမှာ လက်ထိပ်ကလေးတွေ နီရဲယောင်ကိုင်းပြီးနာကျင်လာတယ်။ လူ့ဝတကြီးက မမိုးညိုရဲ့ လက်ထိပ်က နီရဲယောင်ကိုင်းနေတဲ့ ဒဏ်ရာတွေကို ရွှေရောင်ဒဏ်ကြေဆေးနဲ့ လိမ်းကျံပေးတယ်။

ဒီလိုနဲ့ မမိုးညိုဟာ တစ်နေ့ထက်တစ်နေ့တိုးပြီး လူ့ဂူတကြီးရဲ့အကြောကိုင်ပညာတွေကို တိုးပြီးသင်ကြားရသလို မြနှင်းဆီရဲ့ ထူးဆန်းတဲ့ လေကျင့်ခန်းတွေကို ကျင့်ကြံနေခဲ့တယ်။

မြနှင်းဆီဟာ မမိုးညိုကိုလေ့ကျင့်ခန်း ပြုလုပ်ရာမှာ နံနက်ပိုင်း သာခကညပိုင်းတွင်ပါ လေ့ကျင့်စေခဲ့တယ်။ညပိုင်းလေ့ကျင့်ရာမှာ မီးရောင်ကို မိမိရှေ့မှာ မထားရဘဲ နောက်ပိုင်းမှာသာ ထားရှိရန် သင်ကြားပေးခဲ့တယ်။





မမိုးညိုဟာ မြနှင်းဆီရဲ့ လေ့ကျင့်ခန်းတွေကို ကျင့်ကြံရင်း စိတ်တန်ခိုးနှင့်ဆိုင်တဲ့ လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်းကို တဖြည်းဖြည်း ရိပ်စားမိလာတယ်။

မမိုးညို မှန်ကြည့်သက်ရင့်လာတဲ့အခါမှာ မျက်တောင်မခတ်ပဲ မှန်ကြီးကိုအချိန်ကြာကြာ ကြည့်ရှုနိုင်လာတယ်။

နောက်တော့မြနှင်းဆီက

"နောက်တစ်ဆင့် လေ့ကျင့်ခန်းကိုစမယ်၊ဒီလေ့ကျင့်ခန်းကတော့ ထူးထူးခြားခြား မဟုတ်ပါဘူး၊ရှေးဟောင်းမှန်ကြီးမှာ စက္ကူဖြူတစ်ချပ်ကို ကတ်ကြေးနဲ့ ဒဂါးပြားအရွယ် ညှပ်ပြီးကပ်လိုက်မယ်၊မိုးညိုက မှန်ကြီးပေါ်က ဒင်္ဂါးပြားကိုအားမိုက်ထုတ်ခြင်း ကင်းစွာနဲ့ကြည့်ရမယ်၊ဒီလိုကြည့်တဲ့အခါ မျက်တောင်ခတ်တာတို့ မျက်ရည်ထွက်တာတို့မဖြစ်အောင်ကြိုးစားရမယ်"

လို့ပြောတယ်။ဒီအချိန်ကစပြီးမမိုးညိုဟာ မြနှင်းဆီရဲ့ လေ့ကျင့်ခန်းတွေကိုအားကြိုးမာန်တက် လေ့ကျင့်ခဲ့တယ်။

လေ့ကျင့်ခန်းတွေ တစ်လလောက်ကျင့်ပြီးတော့မြနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ဟာ စတုရန်းစလက်မလောက်ရှိတဲ့ စက္ကူဖြူတစ်ချပ်ကို ရှာပြီး စက္ကူဖြူရဲ့အလယ်မှာ ဒင်္ဂါးပြား အရွယ်လေးတစ်ခုသာ ချန်လှပ်ပြီး စက္ကူဖြူကိုခဲတံအမည်းရောင်တွေ သုတ်လိုက်တယ်။

ပြီးတော့ စက္ကူရွက်ကို နံရံမှာ ချိတ်ဆွဲပြီးစက္ကူအလယ်က အဖြူကွက်လေးကို ရှေးနည်းအတိုင်း မျက်တောင်မခတ် ကြည့် ရှုပြန်တယ်။

ဒီလိုကြည့်ရှုရင်း မမိုးညိုဟာ မြနန်းဆီ သင်ကြားပေးတဲ့ လေ့ကျင့်ခန်းတွေကိုပိုမိုစိတ်ဝင်စားပြီးအားတက်သရော လေ့ကျင့် နေခဲ့တယ်။

မြနန်းဆီဟာ မမိုးညိုရဲ့တိုးတက်မှုကိုအလွန်သဘောကျ ပြီးကျေနပ်ပီတိဖြစ်နေခဲ့တယ်။

မြနန်းဆီက မမိုးညိုရဲ့ပခုံးကိုပုတ်ပြီး

"သာမန်လူတွေဟာ အရာဝတ္ထုတစ်ခုကို မျက်တောင် မခတ်ဘဲ တစ်မိနစ်တောင် ကြာကြာ ကြည့်လို့မရဘူး၊ နှစ် အတော် ကြာပင်ပင်ပန်းပန်းလေ့ကျင့်ပြီးမှ ၁၅မိနစ်လောက်ရတယ်၊မိုးညိုဟာ





အမဆုံးစ လေ့ကျင့်တဲ့ နေ့မှာတောင် ၁၀မိနစ်လောက် ရခဲ့တယ်၊ ဒါကြောင့် မိုးညိုကိုပါရမီရှင်လို့ သတ်မှတ်လိုက်တယ်"

လို့ချီးမွမ်းတယ်။

မမိုးညိုဟာ မြနန်းဆီရဲ့ ချီးမွမ်းစကားကြောင့် ရင်ထဲမှာ ပီတိတွေ ဖြာဝေသွားတယ်။ ဒီလိုနဲ့ မမိုးညိုဟာ ပွဲအားရက်တိုင်းမှာ သူ့ရဲ့လျှို့ဝှက်ဆရာ နှစ်ဦးမှာ တိတ်တဆိတ် သင်ကြားနေခဲ့တယ်။

ဒီလိုသင်ကြားတဲ့အခါ ဆရာ နှစ်ယောက်ရဲ့ ဆန္ဒအရ သင်ကြားမှုတွေကိုလျှို့ဝှက်ထားခဲ့တယ်။

မမိုးညိုဟာ အကြောကိုင်ပညာကို သင်ကြားရင်း အုန်းဆံ ကြိုးပတ်ထားတဲ့ တိုင်လုံးကို လူ့ခန္ဓာကိုယ်လို သဘောထားပြီး သွေးကြောကွက်တွေကိုမလွဲအောင်ထောက်ပြနိုင်ခဲ့တယ်။

နောက်ပိုင်းမှာ လူဝှစာကြီးဟာ သူ့ခန္ဓာကိုယ်ကို နမူနာ ထားပြီးလေ့ကျင့်စေခဲ့တယ်၊ မမိုးညိုရဲ့ခန္ဓာကိုယ်ကိုလဲ နမူနာအဖြစ် အသုံးချပြီးလေ့ကျင့်ပေးခဲ့တယ်။

ဒီလိုလေ့ကျင့်တဲ့အခါခန္ဓာကိုယ်ပေါ်က သွေးကြောကွက်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုမှားမထောက်ဖို့အထူးသတိပေးတယ်။လူငွစာကြီးက

"သွေးကြောကွက်တွေကိုမှားထောက်လို့မရဘူး၊ဒုက္ခိတ ဖြစ်သွားမယ်"

လို့ပြောတယ်။မြနှင်းဆီက သူမရဲ့သင်ကြားမှုကိုတစ်ဆင့်ပြီးတစ်ဆင့်တက်ပြီးသင်ကြားပေးခဲ့တယ်။

မြနှင်းဆီက မမိုးညိုရဲ့ပခုံးကိုဖက်ပြီး

"ဒီအချိန်က စပြီးမင်းရဲ့လေ့ကျင့်ခန်းတွေမှာ စိတ်ကိုတွဲဖက်ပြီးအသုံးချရတော့မယ်။ မင်းရဲ့စိတ်ထဲမှာ ငါ့မျက်လုံးတွေရဲ့အစွမ်းက ထက်သထက်ထက်လာပြီ၊ငါ့မျက်လုံးအစွမ်းကိုဘယ်သူမှမခံနိုင်တော့ဘူး၊ငါဟာ အကြီးမားဆုံး စွမ်းအားရှင်လို့ စိတ်ထဲမှာမှတ်ယူရမယ်"

လို့ပြောပြီးလေ့ကျင့်ခန်းတွေ တိုးတက်ပြီးလေ့ကျင့် စေခဲ့တယ်။ဒီလိုလေ့ကျင့်ပြီးတဲ့ နောက်ပိုင်းမှာ မြနှင်းဆီဟာ မမိုးညိုရဲ့မျက်နှာကိုအမှတ်မထင်ကြည့်ပြီး

"သိပ်အံ့သြဖို့ ကောင်းတာပဲ၊အချိန်တိုလေး အတွင်းမှာ



ဆိုင်းရဲ့မျက်လုံးတွေက အစွမ်းသတ္တိတွေကိုငါမြင်တွေ့ရတယ်"

လို့မှတ်ချက်ချတယ်။

မမိုးညိုက စိတ်ဝင်စားသွားပြီး

"ဘယ်လိုအစွမ်းသတ္တိတွေလဲအစ်မ"

လို့မေးမြန်းလိုက်တော့ မြနှင်းဆီက ခေါင်းခါယမ်းလိုက်ပြီး

"တစ်ချိန်ချိန်ကျရင် မိုးညိုကိုယ့်ဘာသာ အလိုလို သိလာခံလိုမ့်မယ်၊ မိုးညိုကိုကြိုတင် ပြောပြလို့ဒီအစွမ်းကိုမိုးညိုသိသွားရင်ထိုးတက်မှုတွေ နှေးကွေးသွားမှာစိုးလို့ပါ"

လို့ပြောတယ်။မိုးညိုက မြနှင်းဆီရဲ့ စကားကို နားမလည်ပေမဲ့မမေးဝံ့လို့မမေးဘဲငြိမ်သက်ပြီးနေလိုက်တယ်။

* * * * *





www.burmeseclassic.com

www.burmeseclassic.com

မမိုးညိုဟာ နံနက်တိုင်း ဈေးကိုသွားပြီ ဇာတ်သမားတွေ အတွက် နံနက်စာ ဝယ်ပေးရတယ်။ တစ်နေ့ ယိမ်းသမစိန်တုတ်ဆိုတဲ့ မိန်းမမှာလိုက်တဲ့ အုန်းနို့ခေါက်ဆွဲ မရလို့ မုန့်ဟင်းခါး ဝယ်ပြီးပြန်လာခဲ့တယ်။

ဒီအကြောင်းကို မစိန်တုတ် ကြားတော့ သူတစ်ပါးကိုကျိုကျ ဝတ်သူပီပီ

"ဟဲ့...ငါမှာတာ မုန့်ဟင်းခါး နင်က ဘာလို့အုန်းနို့ခေါက်ဆွဲ ဝယ်လာတာလဲ"





လို့ပြောတယ်။ ဒီအခါမှာ မမိုးညိုဟာ သူတစ်ပါးရဲ့အာထက် ဒီက ပြောတာကို မကျေမချမ်း ဖြစ်သွားပြီး မစိန်တုတ်ရဲ့ မျက်နှာကို ကြည့်ရင်း

"ဒီမှာ...အုန်းနို့ခေါက်ဆွဲမရလို့ မုန့်ဟင်းခါး ဝယ်လာတာ ဘာဖြစ်သလဲ၊ တစ်ခါတစ်လေ သည်းခံပြီးစားလိုက်ပေါ့"

လို့ပြောလိုက်တယ်။

မမိုးညိုဟာ ပြောပြီးရင်တော့ အဆူအဆဲ ခံရမှာပဲလို့တွေးနေတုန်း မစိန်တုတ်က အံ့ဩဖွယ်ကောင်းလောက်အောင် ခေါင်းညိတ်ပြီး

"နင်လဲဈေးကို တစ်ခေါက်ပြီးတစ်ခေါက်သွားတာ ပင်ပန်းနေရော့မယ်၊ ငါလဲ မုန့်ဟင်းခါးပဲ စားလိုက်တော့မယ်"

လို့ပြောပြီး မုန့်ဟင်းခါးရှိုင့်ကို လှမ်းယူလိုက်လို့ မမိုးညိုဟာ အံ့တသြဖြစ်ပြီး မစိန်တုတ် မျက်နှာကို လှမ်းကြည့်မိတယ်။

မစိန်တုတ်လို ပြဿနာအလွန်ရှာတဲ့ အာကြမ်းလျှာကြမ်း မိန်းမကြီး ငြိမ်သက်သွားတာ အံ့ဩစရာဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ မမိုးညိုရဲ့မွေးစားဖခင် ဦးဒီပါက မစိန်တုတ်ကို အင်္ဂလန်မိတ်ဆေးတံသောက်ဆေး ဝယ်ခိုင်းလိုက်တယ်။ ဒါပေမဲ့ မစိန်တုတ်ဝယ်လာတာက အိန္ဒိယမိတ်ဆေးတံသောက်ဆေးဖြစ်နေလို့ ဆေးတံနဲ့ ပတ်သက်ရင် အင်မတန်ဇိဇာ ကြောင်တဲ့ ဦးဒီပါဟာ မစိန်တုတ်ကို အပြစ်တင်ဖို့ပြင်လိုက်တယ်။

ဒီအခါမှာ မမိုးညိုက ဦးဒီပါကို ဝံ့ဝံ့ရဲရဲကြည့်ပြီး

"အင်္ဂလန်လုပ် မရလို့ ရှိတဲ့ အိန္ဒိယ လုပ် ဝယ်လာတယ် တစ်ခါတစ်လေ တော့သည်းခံပြီးသောက်လိုက်ပါဦးလေးရယ်"

လို့ဆိုလိုက်တော့ ဦးဒီပါဒေါသပုန်ထပြီလို့ထင်လိုက်တယ်။ ဒါပေမဲ့ အံ့သြဖို့ကောင်းတာက ဦးဒီပါဟာ မယုံနိုင်အောင် စိတ်သဘောကောင်းနေပြီး

"ရပါတယ် မိုးညိုရယ်၊ အင်္ဂလန်လုပ်မရလဲ အိန္ဒိယ လုပ်ပဲ သောက်လိုက်ပါတော့မယ်"

လို့သဘောကောင်းစွာနဲ့ပြောတယ်။

မမိုးညိုဟာ ကိုယ့်နားကိုတောင်ကိုယ်မယုံတဲ့ဖြစ်ခဲ့ရတယ်။





ပြီးတော့ ငါအရွယ်ရောက်လာပြီဆိုတော့ လူတွေက ငါ့ကို လူကြီးတစ်ယောက်လို အသိအမှတ်ပြုလိုက်တာဖြစ်မယ် ဆိုပြီး နှလုံးထဲမှာ ကိုယ့်ကိုယ်ကိုယ်ကမန်းကတန်း သွားကြည့်တယ်။

ဒီလိုနဲ့ သူမဘဝမှာ ထူးခြားမှုတွေ တဖြည်းဖြည်း တွေ့လာခဲ့ပြန်တယ်။

တစ်နေ့ မမိုးညိုဈေးကို သွားပြီးအပြန်လမ်းမှာ သူမကို အသေအလဲကြိုက်နေတဲ့ တင်အေးတို့လူငယ်တစ်သိုက်က လမ်းကိုကာဆီးထားတယ်။

တင်အေးရဲ့အဖေဟာ ယင်္ဂမျိုးအရာရှိဆိုတော့ တင်အေးဟာ ဖခင်အရှိန်နဲ့ ဘဝင်မြင့်နေတာဖြစ်တယ်။

ဒီနေရာဟာ လူပြတ်တဲ့ နေရာဖြစ်လို့ တင်အေးတို့ဟာ အတင့်ရဲပြီး မမိုးညိုကို ဆွဲလားလွဲလား လုပ်ဖို့အောင် [illegible]စည်ထားကြတယ်။

တင်အေးက လမ်းကို ပိ[illegible]ပြီး မမိုးညိုကို အ[illegible]င်းအမေး အဖြစ်ပြောင်းတယ်။ မမိုးညိုကအ[illegible]ကြိုက်ပြီး



www.burmeseclassic.com

"နင့်လိုလူကိုငါသာယ်တော့မမစဉ်းစားဘူးလို့အကြိမ်ကြိမ် အခါခါပြောပြီးပြီးနင်အရှက်မရှိဘူးလား"

လို့အော်ဟစ်လိုက်တော့တင်အေးက အံကိုကြိတ်ပြီး

"ငါ့လိုအဆင့်အတန်းမျိုးကို နင်ငြင်းရအောင် နင်က ဘာကောင်မမို့လို့လဲ"

လို့မကျေမချမ်းပြောလိုက်တယ်။မမိုးညိုကအံကိုကြိတ်ပြီး

"ဘာကောင်မဖြစ်ဖြစ်၊နင့်အပူမပါဘူး၊ငါ့ရှေ့က ဖယ်စမ်း"

လို့ပြောတယ်၊တင်အေးက လူပြတ်တဲ့ နေရာဆိုပြီးဖယ်မပေးတဲ့အပြင် မမိုးညိုကိုဖက်ရမ်းနမ်းရှုံ့ဖို့ရှေ့ကိုတိုးလာတယ်။

မမိုးညိုဟာ အကြောကိုင်ပညာကို လေ့ကျင့်ထားသူပီပီ တင်အေးရဲ့နံကြားကို လက်ညှိုးနဲ့ ဆတ်ခနဲ လှမ်းထောက်လိုက်တယ်။

တင်အေးဟာ မမိုးညိုရဲ့လက်ချောင်းဒဏ်ကြောင့် ခါတ်လိုက်သလို တုန်ခါသွားပြီးအားခနဲငယ်သံပါအောင် အော်ဟစ်လိုက်တယ်။





တင်အေးရဲ့သူငယ်ချင်းနှစ်ယောက်ဟာ တင်အေးကို အားမလည်ဟန်နဲ့ ကြောင်အမ်းအမ်းကြည့်နေကြတယ်၊

မမိုးညိုဟာ လှုဝှစာကြီး သင်ကြားပေးတဲ့ အကြောကိုင်ပညာအစွမ်းပြပြီလို့သိလိုက်တယ်၊အကြောကိုင်ပညာရဲ့အစွမ်းကို လည်းပိုပိုပြီးယုံကြည်သွားမိတယ်၊

တစ်ခါကလဲ မမိုးညိုဈေးသွားတဲ့နေ့တစ်နေ့မှာ ဈေးရှေ့က ရေမြောင်းကြီးကိုတူးဖော်ထားတဲ့အတွက် လူတွေလျှောက်လှမ်းလို့ ရအောင်မြောင်းပေါ်မှာ သစ်သားပြားကြီးတစ်ခုယာယီတန်းချထား တယ်။

မမိုးညိုဟာ ဈေးဝယ်ပြီးခြင်းတောင်းကြီးကို မနိုင်တနိုင်နဲ့ ဆွဲလာရင်း သစ်သားပြားကြီးပေါ်အရောက်မှာ တစ်ဖက်ကလဲ ဈေး ကူလီကုလားဟာ ပျဉ်ပြားပေါ်ကို အလုအယက် လှမ်းတက်လိုက် တယ်။ မမိုးညိုဟာ မိန်မသားတစ်ယောက်ကို ဦးစားမပေးဘဲ အလု အယက်တက်တဲ့စရိုက်ကိုရွံရှာသွားတယ်။တကယ်တော့ကိုကုလား ဟာ မမိုးညိုလို အပျိုပေါက်မိန်းမပျိုလေး တစ်ယောက်ကို ထိကပါး



www.burmeseclassic.com

www.burmeseclassic.com



ရိုကာပါ လုပ်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ပျဉ်ပြားပေါ်ကို အလုအယက် ကက်လာတာဖြစ်တယ်။

ကိုကုလားဟာ မမိုးညိုနဲ့ ပျဉ်ပြားအလယ်မှာဆုံကာနီးမှာ မမိုးညိုရဲ့ကိုယ်ခန္ဓာကိုမျက်လုံးကျွတ်မတတ်ကြည့်လိုက်တယ်။

မမိုးညိုဟာ ယုတ်မာတဲ့ ကိုကုလားရဲ့ရည်ရွယ်ချက် ရိပ်စားမိသွားပြီးမှတ်လောက်သားလောက်ခအောင် ပညာပေး ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် ကိုကုလားနဲ့ ပျဉ်ပြားအလယ်မှာ ဆုံတဲ့အခါ ကိုယ်ခန္ဓာလေးကိုအသာယို့ပေးပြီးဟန်ချက်ပျက်ဟန်နဲ့ကိုကုလား နံကြ ကိုလက်ညှိုးနဲ့ တောက်လိုက် တယ်။

ကိုကုလားဟာ မမိုးညို လက်ညှိုးနဲ့ထောက်လိုက်လို့ ခါ လိုက်သလို့တုန် သွားပြီး ပြားပေါ်က ချော်ထဲကို မှန်း ပြုတ်ကျသွားတယ်။

မမိုးညိုက တစ်ဖက်လမ်းပေါ်ကိုရောက်မှ မသိန မလည် တာနဲ့





"ဟင်…ကိုကုလားကြီး ဘာလို့ခြေချော်ကျတာလဲ၊ ခေါ် ဆိုက်တာကလဲ မိုးကြိုးပစ်သလား အောက်မေ့ရတယ်"

လို့ပြောလိုက်တော့ ကိုကုလားကမြောင်းရေထဲက လူးလဲ ထပြီး

"အမလေး မိုးကြိုးပစ်တာထက်ဆိုးဘောင် ဆိုးသေးတယ်၊ ဓာတ်ကိုယ်လုံး ခါတ်လိုက်သလို တုန်ခါသွားတယ်"

လို့ တအံ့တသြပြောတယ်။ မမိုးညိုဟာ အိမ်ပြန်လမ်းမှာ လူဝ္ဇစာကြီး ဦးတောကျော်ရဲ့အကြောကိုင် ပညာစွမ်း၊ အကြောင်း တို့တွေးတော၍

"လူဝ္ဇစာကြီး သင်ပေးတဲ့ပညာဟာ တော်တော်စွမ်းတာ ပဲ၊ ဒါဟာ အားနွဲ့တဲ့ မိန်းမသားတစ်ယောက်ဖြစ်ပေမဲ့ အတောင်နှစ် ဆယ်ဂတ်မင်းယောကျာ်းတွေကိုဂရုစိုက်စရာမလိုတော့ဘူး"

တွေးတောရင်း ပီတိဖြစ်နေမိတယ်။ အိမ်ကိုရောက်တော့ မိုးညိုက လူဝ္ဇစာကြီးရဲ့အိမ်လေးကို သွားပြီးအကြောကိုင်ပညာရဲ့ အစွမ်းထက်ပုံကို ပြောပြတော့ လူဝ္ဇစာကြီးက ကမန်းကတန်း လက်



www.burmeseclassic.com

www.burmeseclassic.com



ကာမှပြီး

"ဟိုး...ဟိုးနောက်ဘယ်တော့မှအကြောကိုင်ပညာကိုမခွင့်ပြုချက်မရဘဲ အသုံးမပြုရဘူး၊ နင့်ကို ကြိုတင်ပြီးစည်းကမ်းသတ်မှတ်မထားတာငါ့အမှားပါ"

လို့ဆိုလိုက်တယ်။မမိုးညိုက ခေါင်းခါယမ်းပြီး

"သူတို့ကိုကျွန်မပြင်းပြင်းထန်ထန်ဒဏ်ရာရအောင်ဘယ်တော့မှမလုပ်ပါဘူး"

လို့ဆိုလိုက်တယ်။လူဝစာကြီးကခေါင်းခါယမ်းပြီး

"ဒီအချိန်မှာ နင့်ကိုယ်နင်မထိန်းနိုင်သေးဘူး၊နင့်ရဲ့ပညာနုသေးတယ်၊အတွေ့အကြုံလည်းနည်းသေးတယ်၊မင်းကြောင့်လူတစ်ဖက်သားကဒုက္ခတဖြစ်ရုံမကဘူး၊ ဆုံးအနားမကြားဖြစ်သွားနိုင်တယ်"

လို့ပြောတယ်။

နောက်ဆုံးမှာ မမိုးညိုက ဦးတောကျော်ကို နောက်ပညာမစမ်းတော့ပါဘူးလို့ကတိပေးလိုက်ရတယ်။





မမိုးညိုဟာ သူမရဲ့စိတ်စွမ်းရည်တိုးတက်မှုတွေကိုမြနှင်းဆီကိုပြောပြတော့ မြနှင်းဆီဟာ တအံ့တသြနားထောင်ပြီး တော့

"နင့်ရဲ့တိုးတက်မှုကတော့ အံ့မခန်းပါပဲ၊ ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ တိုးတက်မယ်လို့ လုံးဝထင်မထားဘူး၊ ဒါကြောင့် နင့်ကိုငါသင်ပေးတဲ့ပညာနဲ့ဖတ်သက်ပြီးလျှို့ဝှက်စရာမလိုတော့ဘူး"

လို့ဆိုလိုက်တယ်။မြနှင်းဆီရဲ့စကားကြောင့် မမိုးညိုဟာအားတက်သရော အမူအယာနဲ့

"ပြောပါအစ်မရယ်၊မိုးညိုကိုသင်ပေးတာ ဘာပညာလဲ"

လို့မေးမြန်းလိုက်တယ်။မြနှင်းဆီက လေသံတိုးတိုးနဲ့

"စိတ်ညို့ပညာပဲ၊ ဒါပေမဲ့ စိတ်ညို့ပညာ ကျွမ်းကျင်ဖို့အတွက်ပညာအဆင့်ဆင့်မြှင့်တင်ပြီးမှဖြစ်နိုင်တယ်။ကျွမ်းကျင်သူတစ်ယောက်တောင် လူတစ်ယောက်ကို လဲ့အိပ်နိုင်းပြီးမှ စိတ်ညို့လို့ရတယ်၊ဒါပေမဲ့ ပါရမီရှင်တွေကတော့ လူတစ်ယောက်ရဲ့မျက်လုံးချင်း ဆုံပြီးကြည့်ရုံနဲ့ စိတ်ညို့လို့ရတယ်၊ဒါပေမဲ့ ပါရမီရှင်



www.burmeseclassic.com

www.burmeseclassic.com



တောင်မှတစ်ခါတစ်ရံညှို့ချက်မမိတဲ့အခါနဲ့ အညှို့ခံရသူရဲ့ပါဝါ အား ကြီးတဲ့အခါ ညှို့လို့မရနိုင်ဘူး"

လို့ပြောတယ်။ မမိုးညိုက မြနှင်းဆီရဲ့စကားကြောင့် စိတ်အားတက်ကြွဟန်နဲ့

"ဟင်…ဒါဆိုရင် မိုးညိုက စိတ်ညှို့နိုင်တဲ့ အစွမ်းသတ္တိတွေ ရှိနေပြီပေါ့"

လို့မေးမြန်းတယ်။ အငြိမ့်မင်းသမီး မြနှင်းဆီက ခေါင်းခါ ယမ်းပြီး

"မိုးညိုမှာ စိတ်ညှို့နိုင်တဲ့ အစွမ်းမရှိသေးဘူး။ ကိုယ့်ကိုယ် ကိုယ် အထင်မကြီးပါနဲ့၊ လူတွေဟာ မမျှော်လင့်ဘဲ ညှို့ချက်မိသွား တာပါ၊ ဒါပေမဲ့ ပါဝါကြီးတဲ့ လူနဲ့တွေ့ရင် မိုးညိုကိုယ်တိုင် ယိမ်းယိုင် သွားနိုင်တယ်၊ ဒီရက်ပိုင်းမှာ မိုးညိုရဲ့ညှို့ချက်မိသွားတဲ့ လူတွေဟာ မမျှော်လင့်ဘဲ ညှို့ချက် မိသွားတဲ့သဘောပါ။ မိုးညိုကိုယ်တိုင် ဒီလူ တွေကို စိတ်ညှို့လိုက်မယ်လို့ ရည်ရွယ်ချက်ထားရင် ညှို့လို့မရ နိုင်ဘူး"





လို့ပြောတယ်။ မမိုးညိုက နားမလည်ဟန်နဲ့

"မမျှော်လင့်ဘဲ ညှို့ချက်မိသွားတယ် ဟုတ်လား၊ မိုးညို တသူတို့ကိုရည်ရွယ်ပြီးညှို့မယ်ဆိုရင်ဘာလို့မဖြစ်နိုင်တာလဲ"

လို့မေးမြန်းလိုက်တယ်။ ဒီအခါမှာမြနှင်းဆီက

"ဒီမေးခွန်းမျိုးကိုငါ့ဆရာကိုလဲငါမေးဖူးတယ်။ မင်းမယုံရင် ကိုယ်တိုင် စမ်းကြည့်လေ"

လို့ပြောတယ်။ မမိုးညိုက ခေါင်းညိတ်ပြီး

"အစ်မ စကားကို မိုးညိုယုံပါတယ်၊ ဒါပေမဲ့ လက်တွေ့စမ်း သပ်ကြည့်ချင်တယ်"

လို့ပြောတော့ မြနှင်းဆီက စကားမတုန့်ပြန်ဘဲ သက်ပြင်း ကိုသာ ချလိုက်တယ်။

မမိုးညိုဟာ နောက်တစ်နေ့ အိမ်ဝန်းထဲမှာ ထိုင်နေတုန်း အငြိမ့်အဖွဲ့က လူရွှင်တော်ဦးကြက်သွန်ဟာ ခြင်းလုံးလေး ကိုင်ပြီး ခြံထဲဆင်းလာတာမြင်တယ်။

ဦးကြက်သွန်ဟာ ညနေတိုင်း ခြံထဲမှာ ခြင်းခတ်… ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် သူ့ရဲ့စိတ်ညို့မှုမ်းရည်ကိုစမ်းသပ်ဖို့အခွင့်အရေးရပြီ ဆိုပြီး

"ဒီမှာကြည့်စမ်း ဦးကြက်သွန်"

ဆိုတော့ ခြင်းလုံးကိုင်ထားတဲ့ လူရှင်တော်က လှည့်ကြည့်ပြီး

"ဘာလဲ မိုးညို"

လို့မေးမြန်းတယ်။ မိုးညိုက ဦးကြက်သွန်ရဲ့မျက်လုံးတွေကို စူးစိုက်ကြည့်ပြီး

"ဦးကြက်သွန် ခြင်းမခတ်ရဘူး၊ အိပ်ထဲဝင်ပြီးပြန်အိပ်နေပါ"

လို့ အမိန့်ပေးလိုက်တော့ ဦးကြက်သွန်က မျက်မှောင်ကြုတ်ပြီး

"မိုးညို..နင်ဘာတွေပြောနေတာလဲ၊ ငါညနေတိုင်း ခြင်းခတ်နေကျ။ ငါ့ကိုဆရာလာမလုပ်နဲ့"

လို့ပြန်ပြောတဲ့အတွက် မိုးညိုဟာ ဇော်ကလေးပုဝင်သွား





ပြီး ဦးကြက်သွန် အနီးက ထွက်ခဲ့တယ်။

သူ့ရဲ့စိတ်ညို့ခြင်းမအောင်မြင်တာ သေချာသွားတယ်။

ဒီအချိန်မှာပဲ အငြိမ်းစားထောင်ဆရာဦးဒီပါ အနီးကို ရောက်လာပြီး

"ဟဲ့မိုးညို ငါ့တိုက်ပုံနဲ့ခေါင်းပေါင်းကိုလျှော်ပေးပါဦး ဟယ်၊ လျှော်ပြီးရင် ကော်ဓာသေသေချာချာတင်နော်"

လို့ဆိုလိုက်တော့ မိုးညိုဟာ သူ့ရဲ့ စိတ်ညို့ပညာစွမ်းကို စမ်းသပ်ဖို့ အခွင့်အရေး ရပြီဆိုပြီး ဦးဒီပါကို မျက်လုံးချင်းဆုံ အောင်ကြည့်ကာ

"တိုက်ပုံကိုကိုယ့်ဘာသာ သွားလျှော်လိုက်ပါ"

လို့ စေခိုင်းလိုက်တယ်၊ ဒါပေမဲ့ ဦးဒီပါက သူ့စကားကို နားမဝင်ဘဲ

"ဟဲ့..ကောင်မလေး နင်ရှိရက်သားနဲ့ တိုက်ပုံကို ငါ့ဘာသာ လျှော်ရမလား။ တယ်..ငါရိုက်လိုက်လိုက်ရင် မကောင်းရှိတော့မယ်"

လို့ပြန်ပြောတယ်။ မိုးညိုဟာ သူ့ရဲ့ စိတ်ညို့ပညာစွမ်း



www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်ဘူးဆိုတာပိုသေချာသွားတယ်။

မိုးညိုဟာ သူ့ရဲ့စမ်းသပ်မှုတွေကို မြနှင်းဆီကို ပြန်ပြော တော့မြနှင်းဆီက

"မိုးညိုအဆူအဆဲမခံရတာ ကံကောင်းတယ်မှတ်ပါ"

လို့ဆိုလိုက်တယ်။ မမိုးညိုက

"ဘာပဲဖြစ်ဖြစ် ဒီပညာကို လေ့ကျင့်ပြီးတဲ့ နောက်မှာ မိုးညိုရဲ့စကားကို လူတွေပိုနားဝင်လာသလိုပဲ၊ လူတွေကိုနားပေါက် အောင်ပြောဖို့ပိုပြီးလွယ်လာတယ်"

လို့ပြောတော့မြနှင်းဆီက

"ဒါကတော့ မိုးညိုရဲ့စိတ်စွမ်းအား မြင့်တက်လာလို့ပဲ၊ စိတ်စွမ်းအား ကြီးမားတဲ့ သူဟာ တစ်ဖက်သားကို ဩဇာညောင်းဖို့ ပိုလွယ်တယ်၊ ဘာပဲဖြစ်ဖြစ် မိုးညိုရဲ့စိတ်ညှို့ပညာစွမ်း တိုးတက်မှုက တော့ အံ့မခန်းပါပဲ၊ ပါရမီရှင်လို့တောင် ပြောလို့ရတယ်။ စိတ်ညှို့ တတ်တဲ့လူနဲ့ မညှို့တတ်သူ ကွာခြားချက်ကတော့ သာမာန် လူဟာ လူတစ်ယောက်ကို ကြည့်ရင် မျက်နှာပြင်အနှံ့နဲ့ မျက်လုံးတဝိုက်ကို





လှည့်ပတ်ကြည့်လိမ့်မယ်။ စိတ်ညှို့ပညာရှင်ကတော့ မျက်လုံး နှစ်လုံးရဲ့အကြားက နှာခေါင်းကိုပဲ စူးစိုက်ကြည့်တယ်။ လူသာမာန် တွေက ခေါင်းကနေ ခြေအဆုံးလှည့်ပတ် ကြည့်ပေမဲ့ ပညာရှင်က တော့ တစ်နေရာတည်းကိုပဲ စူးစိုက်ကြည့်တတ်တယ်"

လို့ရှင်းလင်းပြတယ်။

ဒီလိုနဲ့ မိုးညိုဟာ ပွဲအားရက်တွေမှာ လျှို့ဝှက်ဆရာ နှစ်ဦးထံ မှာ ပညာသင်ရင်း အချိန်တွေ တဖြည်းဖြည်း ကုန်လွန်လာတယ်။

သူ့ရဲ့ပညာ အဆင့်လဲ မြင့်သထက်မြင့်လာ ပြီးဆရာ နှစ် ယောက်က စိတ်ချရတဲ့ အနေအထားကိုရောက်လာတယ်။

ဒီအချိန်ရောက်တော့မှ မြနှင်းဆီက မိုးညိုရဲ့ပညာကို စိတ် တိုင်းကျ စမ်းသပ်ခွင့်ပြုခဲ့တယ်။

ဒါပေမဲ့ သူတစ်ပါးကို မတရားထိခိုက်နာကျင်အောင် မလုပ်ဖို့တော့ လေးလေးနက်နက်မှာကြားတယ်။

မြနှင်းဆီက

"ကိုယ့်ပညာကို အထင်ကြီးပြီးသူများကို ဒစော်ကားနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လူတိုင်းမှာ စိတ်ညှို့ပညာ ရှိတယ်၊ ဒါပေမဲ့ လူတွေရဲ့ လောဘ၊ မောဟကြောင့် တဖြည်းဖြည်း ကွယ်ပျောက်သွားကြတယ်"

လို့ဆိုလိုက်တော့ မမိုးညိုက အံ့ဩဟန်နဲ့

"လူတိုင်း စိတ်ညှို့တတ်ကြတယ်၊ဟုတ်ရဲ့လား အစ်မရယ်"

လို့မေးမြန်းလိုက်တယ်။

မြနှင်းဆီက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊လူတိုင်း စိတ်ညှို့ပညာနဲ့ ရင်းနှီးကြတယ်။ သာမာန်လူတစ်ယောက်မှာ စိတ်ညှို့တဲ့ အစွမ်း ရှိမရှိ စမ်းချင်ရင် စိတ်ညှို့ပညာ မတတ်တဲ့ လူတစ်ယောက်ဟာ ကိုယ်ညှို့ချင်တဲ့ လူတစ်ယောက်ရဲ့ အနောက်တည့်တည့်ကနေ နောက်စေ့နေရာကို စူးစိုက်ကြည့်ရင် အဲဒီလူဟာ မနေတတ်သလို ဖြစ်ပြီး ကိုယ့်ဘက်ကို ခေါင်းလှည့်ကြည့်လိမ့်မယ်။ ဒီလိုမကြည့်ရင်လဲ ဒီနေရာမှာ နေရတာ မလုံခြုံတော့သလို ဖြစ်ပြီး အနီးက ထွက်သွားလိမ့်မယ်၊ ဒီစကားကို မယုံရင် လက်တွေ့စမ်းသပ်နိုင်တယ်။ ကိုယ်မသိတဲ့ လူတစ်ယောက်ရဲ့





အနောက်မှာ တိတ်တဆိတ်ရပ်ပြီး နောက်စေ့နေရာကို တစေ့ စောက် စူးစိုက်ကြည့်စမ်းပါ။ ဒီလူဟာ ကိုယ့်ကို လှည့်ကြည့်ရင် ကြည့်၊ မကြည့်ရင် မနေ့ ဘတ်သလို ဖြစ်ပြီး ကိုယ့်အနီးက ထွက်သွားလိမ့်မယ်"

လို့ပြောတော့ မမိုးညိုဟာ မြနှင်းဆီစကားကို တအံ့တဩ နားထောင်နေမိတယ်။

www.burmeseclassic.com

တစ်နေ့တော့ လူဝှစာကြီးကမမိုးညိုကိုအကြောကိုင်ပညာ
သင်ပေးရင်း

"နင့်ကို ကြည့်ရတာ ဒီနှစ်ပိုင်းမှာ အများကြီး ပြောင်းလဲ
သွားတယ်၊ အရင်တုန်းက နင့်မျက်လုံးထဲမှာ အားငယ်ထိတ်လန့်
နေတဲ့ အရိပ်အယောင်မျိုးတွေ့ရတယ်၊အခုတော့ နင့်မျက်လုံးတွေ
တည်ငြိမ်ရင့်ကျက်ပြီးစွမ်းရည်တစ်ခုခုရှိနေသလိုပဲ၊ဒီအချိန်ကစပြီး





နင့်ကို ပညာ အသုံးချခွင့်ပြုတော့မယ်၊အသင့်တော်ဆုံး အသုံးချ
သင့်တာက လူတွေရဲ့ယောင်ကြောပဲ၊လူတိုင်းကို ယောင်စေတဲ့
အကြောကိုနင့်ကိုငါသင်ပြထားတယ်"

လို့ခွင့်ပြုလိုက်ပါတယ်။

မမိုးညိုဟာ လူဝှစာကြီး ဆီက ပညာစမ်းသပ်ဖို့ ခွင့်ရပြီဆို
တော့ အလွန်ဝမ်းသာသွားတယ်။ ဒါကြောင့် အငြိမ့်ထဲက ဆိုင်း
ဆရာတွေနဲ့ လူရွှင်တော်တွေရဲ့ယောင်ကြောကို မသိမသာ တို့ပြီး
သီချင်းတစ်ပုဒ် ဆိုပြပါ၊နှစ်ပါးသွားလေးကပြပါ စသည်ဖြင့် နိုင်း
ကြည့်တော့ ဆိုင်းဆရာနဲ့ လူရွှင်တော်တွေဟာ သူမ နိုင်းစေတဲ့
အတိုင်းသီချင်းဆိုပြကကြလုပ်ကြတယ်။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့စမ်းသပ်မှုတွေ အောင်မြင်တာကိုတွေ့ရတယ်. မမိုးညိုဟာ သူမရဲ့ပညာတွေ တဖြည်းဖြည်း စုံလင်လာတဲ့အခါ လျှို့ဝှက်ဆရာ နှစ်ယောက်စလုံးရဲ့ဘဝနောက်ကြောင်းကို အကြိမ်ကြိမ် အခါခါမေးမြန်းကြည့်တယ်။

ဒါပေမဲ့ဆရာနှစ်ယောက်စလုံးက ဘဝနောက်ကြောင်းကို ပြောပြဖို့ငြင်းဆိုခဲ့တယ်။ နောက်ဆုံးမှာ တစ်နေ့နေ့အခါအခွင့်သင့်ရင် ပြောပြပါ့မယ်လို့ကတိပေးခဲ့ကြတယ်။



မမိုးညိုဟာ ဆရာတွေရဲ့နောက်ကြောင်းရာဇဝင်ကို သိရဖို့ စိတ်ရှည်လက်ရှည်စောင့်နေရတယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့မြနှင်းဆီက

"မနက်ဖြန် ငါ့မွေးနေ့မှာ မြို့ပြင်က ဆုတောင်းပြည့်ဘုရားမှာ ပန်းရေချမ်းဆီမီး ဆက်ကပ်ပူဇော်မယ်၊ နောက်ပြီးတော့ နင့်ငါ့ကိုအမြဲ မေးမြန်းနေတဲ့ ငါ့ဘဝရဲ့နောက်ကြောင်း ရာဇဝင်တွေကိုလဲ ပြောပြ မယ်"

လို့ပြောတော့ မမိုးညှို့ဟာ အလွန်စိတ်လှုပ်ရှားပြီး

"တကယ်လားအစ်မရယ်၊ မနက်ဖြန်ကိုမြန်မြန် ရောက်ချင် လိုက်တာ"





လို့ပြောတယ်။

မမိုးညှို့ဟာ မြနှင်းဆီရဲ့ ဘဝနောက်ကြောင်းကို သိရ တော့မယ်ဆိုပြီး စိတ်လှုပ်ရှားလွန်းလို့ အိပ်မပျော်ဘူး။

အလွန် ချောမောလှပြီး အလွန်လျှို့ဝှက်စွာ နေတတ်တဲ့ မိန်းမတစ်ယောက်ရဲ့ အကြောင်းကို မကြာမီ သိရတော့မယ်။ မြနှင်းဆီ ဘာကြောင့် ဒီလောက်လျှို့ဝှက်တာလဲ၊ စိတ်ညှို့ပညာကို ဘယ်သူ သင်ပေးတာလဲ ဆိုတဲ့ မေးခွန်းတွေဟာ စိတ်ဝင်စားစရာ အလွန် ကောင်းပါတယ်။

******

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ဆုတောင်းပြည့်စေတီမှာ မြနှင်းဆီရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ပန်းရေချမ်းဆီမီး ဆက်ကပ် ပူဇော်ပြီးတော့ သူတို့ဟာ ဘုရားအနီးမယ်ဇယ်ပင်တန်းက ခုံတန်းရှည်မှာ သွားထိုင်ကြတယ်။

မမိုးညိုက မြနှင်းဆီရဲ့ဘဝနောက်ကြောင်းကိုနားထောင်ဖို့ အလွန် စိတ်အားထက်သန်နေပြီး

"နောက်ကြောင်း ရာဇဝင်ကို ပြောမယ်ဆို အမြန်ပြောပါ





တော့"

လို့တောင်းပန်လိုက်တယ်။

မြနှင်းဆီကအဝေးဆီဆီသို့ငေးကြည့်လိုက်ပြီး

"တကယ်တော့ဒီအကြောင်းတွေကိုငါဘယ်တော့မှ ပြန်မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ဒါပေမဲ့ နင့်က ငါ့ရဲ့တစ်ဦးတည်းသော ပညာအမွေဆက်ခံသူဆိုတော့ ငါ့အကြောင်းတွေ သိထားသင့်တယ်လို့ယူဆတယ်၊ ဒါကြောင့်အတိတ်က နာကြည်းကြေကွဲစရာတွေကိုပြောပြရတာပဲ"

လို့ဆိုပြီးခဏကြာအောင် မျက်စိမှိတ်ပြီးနေတယ်၊ ပြီးတော့မှ

"ငါ့ရဲ့အတိတ်မှာ ယောက်ျားတွေကို နာကြည်းမုန်းတီးမှုတွေနဲ့ပြည့်နှက်နေလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ငါတွေ့ဖူးသမျှ ယောက်ျားတွေဟာမိန်းမသားတွေကို တဏှာရာဂအလိုအရသာ ဆက်ဆံကြတယ်။သူတို့ဟာအားနည်းတဲ့မိန်းမတွေကိုနိုင့်ထက်စီးနင်း ပြုကျင့်ကြတယ်။ ရက်ရက်စက်စက်နှိပ်စက်ကလူ ပြုကြတယ်၊ ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကတရုတ်မြန်မာနယ်စပ်မှာ ရွှေကျင်တဲ့အလုပ်နဲ့အသက်မွေး ဝမ်းကြောင်းမှု ပြုတယ်။ အမေဟာ အပျိုဘဝတုန်းက အလွန်ချော မောလှပလို့ တစ်ရွာလုံးက ကာလသားတွေ ချစ်ခင်ကြတယ်။ နောက်တော့ အဘိုးဆုံးပါးသွားတဲ့အခါ အဖေနဲ့ အကြောင်းပါ ခဲ့တယ်။ ငါ့အဖေက တရုတ်မြန်မာနယ်စပ်မှာ ကုန်ကူးသန်းရောင်း ဝယ်နေတဲ့ ကုန်သည် တစ်ယောက်ပါ။ အမေဟာ တစ်ရွာသားကို အထင်ကြီးပြီးအဖေ့ကို လက်ခံခဲ့ပေမဲ့ အဖေက အမေ့ကို အပျော် သဘောမျိုး ရယူခဲ့တာဖြစ်တယ်။ အဖေဟာအမေ့ကို တစ်နှစ် လောက်ပေါင်းပြီးသမီးတစ်ယောက်ရမှ အိမ်ကထွက်သွားတယ်။ နောက်တော့မှ သိရတာက အဖေဟာ တစ်ရွာတစ်ကျိုး ဆောက်တဲ့ သဘောနဲ့ မိန်းမတွေ မှိုလိုပေါက်အောင် ယူထားတာ သိခဲ့ရတယ်။ အဖေဟာ တစ်နှစ်မှာ တစ်လလောက်ပြန်လာပြီးအမေနဲ့ပေါင်းသင်း ခဲ့တယ်။အဖေဘက်က ပျက်ကွက်ပေမဲ့ အမေကတော့ မယား ဝတ္တရားမပျက်ခဲ့ပါဘူး။ဒီအချိန်ကစပြီးငါဟာအမေ့အပေါ်သစ္စာရှိတဲ့ အဖေကိုမုန်းတီးခဲ့တယ်။အဖေနဲ့တူတဲ့ယောကျ်ားတွေကိုလဲမုန်းတီး





ခဲ့ရှာခဲ့တယ်။ ငါ့မှာ လှနှင်းဆီဆိုတဲ့ အစ်မတစ်ယောက် ရှိတယ်။ လှနှင်းဆီကလဲ အမေ့နည်းတူ အဖေ့လုပ်ရပ်တွေကို ခွင့်လွှတ်နိုင် ခဲ့တယ်။ တစ်နေ့တော့ အဖေဟာ လပေါင်းများစွာ ပျောက်နေပြီး ထူးထူးခြားခြားရွာမှာ တစ်ပတ်လောက် ပြန်လာတယ်။ပြီးတော့ အမေ့အနားမှာ ကပ်ပြီးတစ်စုံတစ်ရာကို တောင်းဆိုနေတာ တွေ့ရ တယ်။ အမေဟာ မယားကောင်းပီပီအဖေ တောင်းဆိုသမျှ မပျက် မကွက် ပေးအပ်ခဲ့ပေမဲ့ ဒီတစ်ခါတော့ အဖေတောင်းဆိုတာကို ခေါင်းခါးသီးသီးငြင်းဆန်နေတယ်။ နောက်တော့အဖေ တောင်းဆိုနေ တာ သိတော့ငါဟာအဖေ့ကိုပိုပြီးအော့နလုံးနာ သွားတယ်။တကယ် တော့အဖေဟာ လှနှင်းဆီကိုတရုတ်သူဌေးကြီး ဝမ်ယုလက်အပ်ဖို့ ကြံစည်နေတာပဲ၊ တရုတ်သူဌေးကြီးဝမ်ယုဆိုတာ ဒီနယ်တဝိုက်မှာ မကောင်းမှု ခုစရိုက်အမျိုးမျိုးကို လုပ်ကိုင်ပြီးမယားတွေလဲ မှိုလို ပေါက်အောင် ယူထားတယ်။ သူ့မှာ တရားမဝင် မယားတောင် ၁၀ ယောက်အထက်ရှိတယ်။အဖေဟာ သူဌေးကြီးဝမ်ယုရဲ့ကုန်တွေကို ကူးသန်းရောင်းဝယ်ရင်း မါးပြတိုက်ခံရလို့ ကုန်ကြွေးပြန်မဆပ်နိုင်



www.burmeseclassic.com

ခဲ့ဘူး။ဒါကြောင့် အစ်မလှနှင်းဆီကို သက်ကြားအိုကြီး လက်အပ်ဖို့ ကြံတာပဲ။အမေဟာ တကျော့ရှုကြီး ဝမ်ယုလက်ကို သူ့သမီးနုနုထွတ်ထွတ်လေး ဘယ်အပ်ချင်ပါ့မလဲ၊ ဒါပေမဲ့ အဖေ့ အသက်အန္တရာယ်အတွက် သမီးကြီးလှနှင်းဆီကို အပ်ဖို့ လက်ခံလိုက်ရတယ်။ဝမ်ယုဟာ အစ်မကို သိမ်းပိုက်ဖို့ သဘောတူပြီဆိုတာနဲ့ အဖေ့အသက်ကို ချမ်းသာပေးလိုက်တယ်၊ဒီအချိန်ကစပြီးအဖေဟာ ကိုယ်လွတ်ရုန်းထွက်ပြေးသွားတယ်။ဝမ်ယုရဲ့ တပည့်တွေကတော့ သတို့သမီးလောင်းရှိကြောင်း အထိမ်းအမှတ်အနေနဲ့ ငါတို့အိမ်ရှေ့မှာ အလံတွေလာစိုက်တယ်။ ဒီအိမ်က မိန်းမကို ယောကျ်ားမှန်ရင် ဘယ်ယောကျ်ားမှ ပစ်မှားခွင့်မရှိတော့ဘူး။ပစ်မှားခဲ့ရင်လဲ အသက်နဲ့ကိုယ်အိုးစားကွဲမှာပဲ။အမေနဲ့ အစ်မဟာ ဝမ်နည်းလွန်းလို့ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီးငိုနေကြတယ်။တကယ်တော့ လှနှင်းဆီမှာ ကိုမြေ့ဦးဆိုတဲ့ ချစ်သူတစ်ယောက်ရှိတယ်။ နောက်ဆုံးတော့အမေဟာ ဝမ်းပန်းတနည်း ဖြစ်နေတဲ့ သမီးကြီးကို မကြည့်ရက်တော့ဘဲ ကိုမြေ့ဦးနောက်ကိုလိုက်ဖို့ပြောတယ်။ လှနှင်းဆီကတော့ ကိုမြေ့ဦး





နောက်ကိုလိုက်ရင် မိသားစု ဒုက္ခရောက်မှာစိုးလို့ငြင်းဆန်ခဲ့တယ်၊ ဒါပေမဲ့ အမေ့ရဲ့တိုက်တွန်းချက်ကြောင့် နောက်ဆုံးမှာ သူ့ချစ်သူကိုမြေ့ဦးနောက် လိုက်ပြေးခဲ့တယ်။အလံတွေစိုက်ပြီး တစ်လပြည့်တဲ့နေ့မှာ ငါတို့အိမ်ရှေ့ကို ဝမ်ယုရဲ့ဝါယာဉ်ရောက်လာတယ်။ ဝမ်ယုဟာ လှနှင်းဆီ ထွက်ပြေးသွားတာ သိတာနဲ့ ဒေါသပုန်ထပြီး ငါတို့သားအမိရဲ့တဲအိမ်လေးကို မီးတင်ရှို့လိုက်တယ်။ငါတို့နယ်ဟာ ဗိုလ်သျှအစိုးရ အာဏာစက်မရောက်နိုင်တဲ့အတွက် ဝမ်ယုလုပ်ချင်တိုင်းလုပ်လို့ရနေတယ်။ဝမ်ယုဟာ ငါတို့သားအမိကို သူ့စံအိမ်ကြီးရဲ့ အခန်းတစ်ခန်းမှာ ထားတယ်၊ အစ်မကြီး လှနှင်းဆီပြန်မလာဘူးဆိုရင် ငါတို့သားအမိကို သတ်ပစ်မယ်လို့ အမိန့်ထုတ်တယ်။ ဒါပေမဲ့ အစ်မ လှနှင်းဆီတို့ ပြန်မရောက်ပါဘူး။ငါတို့ သားအမိဟာ ဘဝရဲ့ ခံနေရတယ်။တစ်နေ့တော့ ဝမ်ယုဟာ အရက်မူးပြီးငါ တို့သားအမိ နေတဲ့ အခန်းထဲကို ဝင်လာတယ်။ပြီးတော့ ငါ့အမေကို ဒေါသတကြီး ဆွဲတက်နက်ပြီးငါ့ရှေ့မှာတင် မတရားကျင့်ကြံတယ်၊ဒီလိုနဲ့ ဝမ်ယုဟာ အမေ့ကို တစ်ကြိမ်နှစ်ကြိမ် မတရားကျင့်ရာက သဘောကျသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးအမေဟာ ဝမ်ယုရဲ့ဘယ်နှစ်ယောက်မြောက်မှန်း မသိတဲ့မိန်းမ ဖြစ်ခဲ့တယ်၊ အဲဒီတုန်းက ဝမ်ယုဟာ ၁ဝနှစ်သမီးသာ ရှိတဲ့ငါ့မျက်နှာကို သေသေချာချာကြည့်ပြီးကြောက်မက်ဖွယ် အသံကြီးနဲ့ "နင်အသက်ကြီးလာရင် ငါ့ကိုယူရမယ်" လို့ပြောတယ်၊ ငါဟာ ကြောက်လွန်းလို့ လိပ်ပြာလွင့်မတတ်ပါပဲ၊ ဒီအချိန်ကစပြီးအမေဟာ ရှင်လျက်နဲ့သေတဲ့ဘဝမှာနေရတယ်၊ ငါကိုယ်တိုင်လဲမပျော်ပိုက်တဲ့ဘဝမှာကြီးပြင်းရတယ်၊ ယောက်ျားတွေကိုလဲပိုပြီးမုန်းတီးရွံရှာသွားတယ်၊ ဒီလိုနဲ့ လအနည်းငယ်ကြာတော့ ငါတို့ မိသားစု ရဲ့ကျမ်းအချိန်ကိုရောက်လာတယ်၊ ငါ့အစ်မ လုနင်းဆီရဲ့ယောက်ျားမွှေးဦးဟာ အစ်မကို အတင်းအဓမ္မခေါ်ပြီးတရုတ်သူဌေးဝမ်ယုလက်ကို အပ်ခဲ့တယ်၊ လူယုတ်မာမွှေးဦးဟာ ဝမ်ယုထုတ်ထားတဲ့ ဆုငွေကိုမက်ပြီးအစ်မကို ဝမ်ယုလက်လာအပ်တာ ဖြစ်တယ်၊ အမေဟာ ဒီအချိန်ကစပြီးစိတ်ဆင်းရဲလွန်းလို့အိပ်ယာထဲ လဲခဲ့ရတယ်၊ ဝမ်ယုဟာ ငါ့အစ်မကိုအားရအောင်ပေါင်းသင်းပြီးသူ့တိုအရက်ခွဲတဲ့မိန်းမဆိုပြီးအညှိုးအတေးနဲ့ နှိပ်စက်ညှင်းပန်းတယ်၊ အမေဟာ ငါ့အစ်မ





စိတ်နဲ့ပဲသေဆုံးခဲ့တယ်၊ အစ်မလဲ ဘာမှမကြာပါဘူး စိတ်ဆင်းရဲပြီးကွယ်လွန်သွားတာပါပဲ၊ ဒီအချိန်ကစပြီးငါလဲ အထီးကျန်ဘဝနဲ့လူ့လောကမှာ ကျန်ခဲ့တယ်၊ ဒီလိုနဲ့ ငါ့အသက် တဖြည်းဖြည်းရလာပြီးအပျိုပေါက်အရွယ်ကိုရောက်လာတယ်၊ တစ်နေ့တော့ ငါ့ရဲ့အထိန်းတော်ကြီးက တစ်ဆင့်နောက်တစ်ဖန့်ညမှာ ငါ့ကိုဝမ်ယုကသိမ်းပိုက်မယ် ဆိုတာ သတင်းရလို့ ငါ့အလွန်တုန်လှုပ်ချောက်ချားသွားတယ်၊ ဒါကြောင့် အထိန်းတော်ကြီးကို အကူအညီတောင်းပြီးဝမ်ယုလက်က လွတ်အောင် မြင်းတစ်ကောင်နဲ့ ထွက်ပြေးခဲ့တယ်၊ ဝမ်ယုဟာ ငါပျောက်သွားတာ သိလို့ ဒေါသပုန်ထပြီးသူကိုယ်တိုင်တောနင်းပြီးလိုက်ရှာခဲ့တယ်၊ ဒီလိုနဲ့ ငါဟာ တောထဲမှာ မြင်းတစ်ကောင်နဲ့လမ်းပျောက်ပြီးစမ်းချောင်းထဲမှာ ရေဆင်းချိုးနေတုန်းဝမ်ယုရောက်လာတယ်၊ ဝမ်ယုဟာ ငါ့ကို စမ်းချောင်းအနီးကဆောင်ဖြင်မှာပဲ သိမ်းပိုက်ခဲ့တယ်၊ နောက်တော့ တောထဲက ဂူကြီးတစ်လုံးထဲမှာ ဝမ်ယုနဲ့ သုံးရက်လုံးလုံး နေထိုင်ခဲ့ရတယ်၊ ဒီအချိန်ကပြီးယောက်ျားတွေကိုမုန်းတီးရွံရှာခဲ့တယ်၊ ငါဟာ လူယုတ်မာကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းရတာ ရေကျသလို ခံစားရလွန်းလို့ နောက်တစ်ကြိမ် ထွက်ပြေးဖို့ကြိုးစားခဲ့ပြန်တယ်၊ဒီအချိန်မှာ လူယုတ်မာကြီး တရုတ် နယ်စပ်က ကုန်သွယ်တွေနဲ့ သွားတွေ့တုန်း အခွဲ့ရှုပြီး ထွက်ပြေးခဲ့ တာ ကံကောင်းထောက်မပြီးသူ့လက်က လွတ်မြောက်ခဲ့တယ်၊ နောက်တော့ ငါ့ကို သီလရှင်ဆရာမကြီးတစ်ဦးက ကယ်တင်သွား ခဲ့ပြီးဆရာမကြီးနဲ့အတူ ကလောမြို့နွန်က ကျောင်းမှာ နေထိုင်ခဲ့ တယ်၊ သီလရှင်ဆရာမကြီးက ငါ့ဘဝမှာ အကာအကွယ်ဖြစ်အောင် စိတ်ညှို့ပညာ သင်ကြားပေးခဲ့တယ်၊ ဆရာမကြီး ကွယ်လွန်ပြီးတဲ့ နောက်ပိုင်းမှာ ရွှေမိုးညို ဇာတ်အဖွဲ့မှာ ယိမ်းသမအနေနဲ့ လိုက်ပြီး သဘင်ပညာ သင်တယ်၊ပညာရည်ပြည့်ဝလာပြီးတော့မှ ဦးဒီပါရဲ့ အငြိမ့်မှာခေါင်းဆောင်မင်းသမီး ဖြစ်ခဲ့တာပဲ၊ကဲ....ဒါဟာ နင်အခင် မတန် ကြားချင်နေတဲ့ ငါ့ဘဝဇာတ်ကြောင်းပဲ၊ ဒီအကြောင်းတွေကို အတောင်းကအသစ်ဖြစ်မှာစိုးလို့ပြန်မပြောပဲ လျှို့ဝှက်ထားခဲ့တာပဲ"

လို့ပြောတယ်၊မမိုးညိုဟာ အငြိမ့်မင်းသမီးမြနှင်းဆီရဲ့ဘဝ နောက်ကြောင်းကိုနားထောင်ပြီးကရုဏာသက်ဟန်နဲ့ကြည့်လိုက်





ပြီး

"အစ်မဘဝဟာ သိပ်ထူးခြားတာပဲ၊ ယောကျ်ားတွေကို အင်မတန်မုန်းတဲ့ အစ်မက ယောကျ်ားတွေနဲ့ အမိက ပတ်သက်နေ တဲ့အငြိမ့်မင်းသမီး လုပ်နေတယ်"

လို့ပြောတဲ့အခါ မြနှင်းဆီက မဲ့ပြုံးပြုံးပြီး

"ဖျော်ရာမှာ မနေတော်ရာမှာ နေရတယ်ဆိုတဲ့ စကား အတိုင်းပေါ့ဟယ်၊ဒါပေမဲ့ ဒီနေ့အထိ ငါ့ရင်ထဲက ယောကျ်ားတွေကို ခွင့်ကြည့်လို့မရတော့ဘူး၊ဒါကြောင့် ငါတစ်သက်လုံး အိမ်ထောင်ပြု ဖို့မှာမဟုတ်ဘူး၊ မိန်းမတွေဟာ အားကိုးလိုတဲ့ သဘောနဲ့ အိမ် ထောင်ပြုကြတယ် အိမ်ထောင်ပြုခြင်းနဲ့အတူ သူတို့ရဲ့သစ္စာ မေတ္တာ တွေကိုယောကျ်ားကိုပုံပေးလိုက်ကြတယ်၊ ဒါပေမဲ့ သူတို့အားကိုးတဲ့ ယောကျ်ားဟာ အိမ်ထောင်ပြုပြီးတာနဲ့ ရက်စက်ခြင်း၊ တစ်ကိုယ် ကောင်းဆန်ခြင်းတွေ စတင်တော့တာပဲ၊ မိန်းမတွေဟာ ယောကျ်ား ဆီက အကြင်နာ မေတ္တာနဲ့ ထောက်ထားညှာတာမှုတွေ တစ်ခုမှ မရလိုက်ဘူး၊ မိန်းမတစ်ယောက်ရဲ့ဘဝဟာ အိမ်ထောင်ပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အစွမ်းကုန် ပေးဆပ်ခြင်းတွေ စတင်နေပြီ၊ ယောကျ်ားတင် ယောက်ကတော့အိမ်ထောင်ပြုလိုက်တာနဲ့အစွမ်းကုန်ဗိုလ်ကျခြင်း တွေ၊နိုင်ထက်စီးနင်းပြုလုပ်ခြင်းတွေစတင်တော့တာပဲ"

လို့ဆိုလိုက်တယ်။ မမိုးညိုဟာ မြနှင်းဆီရဲ့ကြောက်မက် ဖွယ်ယောကျ်ားမုန်းဝါဒတွေကိုနားထောင်ပြီးတုန်လှုပ်ချောက်ချား သွားတယ်။

ဒါပေမဲ့ ရင်ထဲမှာတော့ မြနှင်းဆီစကားတွေကို တိတိပပ လက်ခံလို့ မရသေးဘူး။ မြနှင်းဆီရဲ့အယူအဆတွေဟာ တစ်ဖက် သတ်ဆန်လွန်းတယ်လို့ယူဆမိတယ်။

ဗ္ဗဗ္ဗဗ္ဗဗ္ဗ



နောက်တစ်နေ့မှာ လူ့ဝစာကြီးက မမိုးညိုကိုခေါ်ပြီး

"နင့်နဲ့ဒါဒီနေ့ညနေခြံအနောက်က သရက်တောမှာ တွေ့ ကြမယ်"

လို့ဆိုလိုက်တော့ မမိုးညိုက လူ့ဝစာကြီးကို မျက်မှောင် ကျုတ်ကြည့်ပြီး

"ဘာလဲဦးဝေ ၊ ရဲ့အတိတ်ဇာတ်ကြောင်းတွေကိုမိုးညိုကို ပြောပြတော့မလို့မဟုတ်လား"

လို့ဆိုလိုက်တော့ လူ့ဝစာကြီးက မမိုးညိုကို အံသြဟန်နဲ့ ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…နင်အကြားအမြင်များရနေသလား"

လို့မေးတယ်။

မမိုးညိုကတော့ သူ့ရဲ့လျှို့ဝှက်ဆရာ နှစ်ယောက်စလုံး တိုက်တိုက်ဆိုင်ဆိုင် လျှို့ဝှက်ထားတဲ့ ဘဝနောက်ကြောင်းတွေကို ပြောပြမယ်ဆိုတာ အံ့သြနေမိတယ်။

ညနေကို ရောက်တော့ လူဝွစာကြီးနဲ့ မမိုးညိုဟာ ခြံ အနောက်က သရက်တောထဲကို ထွက်ခဲ့တယ်။သရက်တော တစ်နေရာမှာ ရှိတဲ့ ခုံတန်းလျားလေးမှာ နှစ်ယောက်သား ထိုင်မိကြပြီးလူဝွစာကြီးက

"ဒီအကြောင်းတွေကိုငါတစ်သက်လုံး ဘယ်သူမှ ပြောပြဖို့ ရည်ရွယ်မထားဘူး၊ဒါပေမဲ့နင်က ငါ့ရဲ့ပညာအမွေဆက်ခံသူဆိုတော့ ငါ့ဘဝနောက်ကြောင်းတွေကို သိထားသင့်တယ်။ ဒါကြောင့်လျှို့ဝှက်ထားတဲ့ဘဝနောက်ကြောင်းတွေကိုပြောပြရတာပဲ"

လို့ဆိုပြီးအဖေးဆီကို ဆွေးမြေ့တဲ့ မျက်လုံးတွေနဲ့ လှမ်းမျှော်ကြည့်တယ်။ပြီးတော့မှ သက်ပြင်းရှည်ကြီးကို ချပြီး





"ကြာတော့ ကြာခဲ့ပါပြီကွာ၊ ဒါပေမဲ့ ငါ့အတွက်တော့ မနေ့တစ်နေ့ကလိုပဲခံစားနေရတယ်။ ငါ့ဘဝမှာ ဝမ်းနည်းကြေကွဲစရာ အကောင်းဆုံးအချိန်တွေပါပဲ၊ ငါငယ်စဉ်က ရှမ်းပြည်ဘက်မှာ အလွန်ကျော်ကြားတဲ့ သိုင်းဆရာကြီး ဦးစိုင်းလုံဆီမှာ တပည့်ခံပြီးပညာသင်ကြားခဲ့တယ်။ ဦးစိုင်းလုံ့မှာ စိုင်းပန်ဆိုတဲ့ သားတစ်ယောက်ရှိတယ်။တစ်နေ့ဆရာကြီးဦးစိုင်းလုံကွယ်လွန်ကာနီးတော့ ဆရာကြီးက ငါတို့နှစ်ယောက်ကို အနီးကို ခေါ်ပြီးဆရာတပည့် နှစ်ယောက် သေတပန် သက်တစ်လုံး ချစ်ချစ်ခင်ခင် နေကြဖို့ မှာကြားခဲ့တယ်။ဆရာကြီးမရှိတဲ့နောက်ပိုင်းမှာ ဆရာကြီးသားစိုင်းပန်က "ဒီအရပ်ဒေသမှာ နေရတာ ငြီးငွေ့နေပြီ၊ မြန်မာပြည်အနှံ့ ခြေဦးတည်ရာကို သွားကြမယ်၊ ဆရာကြီးရဲ့ပညာကိုလဲ ဖြန့်ဝေပေးရာ ကျတော့ပေါ့" လို့ပြောတယ်။ဒီလိုနဲ့ငါနဲ့ ဆရာစိုင်းပန်တို့ဟာ မြန်မာပြည်အနှံ့လှည့်လည်သွားလာရင်း ယောနယ်ဘက်ကို ရောက်ခဲ့တယ်။ ငါတို့နှစ်ယောက်ဟာ ယောနယ်ဘက်က ရွာလေးတစ်ရွာကိုနှစ်သက်လို့ အဲဒီရွာလေးမှာ အခြေချပြီးနေထိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဟာ ရွာမှာနေပြီးရွာခံ လူငယ်တွေကို သိုင်းပညာ ဖြန့်ဝေပေးခဲ့တယ်။ တစ်နေ့တော့ ဆရာစိုင်းပန်ဟာ ရွာအလှူပွဲမှာ မမိုးစွေဆိုတဲ့ မိန်းကလေးနဲ့ ရင်းနှီးခဲ့တယ်။ မမိုးစွေဟာ ရွာမှာ အချောဆုံး အလှဆုံး ကွမ်းတောင်ကိုင် မိန်းကလေး တစ်ယောက်ဖြစ်တယ်။ နောက်တော့ ဆရာစိုင်းပန်နဲ့ မမိုးစွေ ချစ်သူဖြစ်ခဲ့ကြတယ်။ မမိုးစွေမှာ မမိုးဝေဆိုတဲ့ ညီမ တစ်ယောက်လဲရှိတယ်။ မမိုးဝေဟာ အစ်မဖြစ်သူ မမိုးစွေနဲ့ ခွဲချင်းခွဲမရအောင် တူတယ်။ မမိုးဝေဟာ မမိုးစွေ အနောက်ကို လိုက်ရင်း ငါနဲ့ ရင်းနှီးခဲ့တယ်။ နောက်တော့ လူငယ်တို့ ဘာသာဘာဝ အိုးချင်းထား အိုးချင်းထိ ဆိုသလို ချစ်သူဖြစ်ခဲ့ရတယ်။ ငါတို့ဟာ ရွာပြင် တောင်ပေါ်က လိုက်ဂူမှာ မကြာခဏ ချိန်းတွေ့ကြတယ်။ ရွာခံ ကာလသားအများစုဟာ မမိုးစွေတို့ညီအစ်မကို ခွဲလမ်းတဲ့အတွက် ငါတို့ဆရာတပည့်နှစ်ယောက်ကို ရန်သူလို သဘောထားခဲ့တယ်။ ဒါပေမဲ့ ငါတို့နှစ်ယောက်က လက်စောင်းထက်တဲ့ အတွက်အတိအလင်း မယှဉ်ရဲဘူး။ ဒီလိုနဲ့ ငါတို့ ဆရာနှစ်ယောက်နဲ့ မမိုးစွေတို့ညီအစ်မ ချစ်သူဖြစ်နေတာ မမိုးစွေတို့ဖခင် လယ်ပိုင်ရှင် ဦးလှဝ သိ



သွားတယ်။ ဦးလှဝဟာ ရွာခံကာလသားတွေ မြှောက်ပင့်ပေးလို့ ဒါတို့နှစ်ယောက်ကို တစ်ရွာသားဆိုပြီးသမီးနှစ်ယောက်နဲ့ သဘောတူဘူး၊ ဒီအချိန်ကစပြီးငါတို့နှစ်ယောက်ဟာ မမိုးစွေတို့ညီအစ်မနဲ့ တွေ့ခွင့်မရတော့ဘူး။ မမိုးစွေတို့ညီအစ်မဟာ အရင်လိုနှစ်ယောက် ပြိုင်တူ ထွက်လို့မရတဲ့အတွက် ညီအစ်မနှစ်ယောက် တစ်လှည့်စီ လာပြီးငါတို့နဲ့ တိတ်တခိုး တွေ့ကြတယ်။ မမိုးစွေတို့ ညီအစ်မဟာ ညသန်းခေါင်အချိန်တွေမှာ အိမ်အနောက်က ချောင်းကလေးအတိုင်း စုန်ဆင်းပြီးငါတို့နဲ့ လာတွေ့လေ့ရှိတယ်။ ငါတို့အိမ်နဲ့ လယ်ပိုင်ရှင်ဦးလှဝအိမ်တွေဟာ စမ်းချောင်းကလေးတစ်ခုသာ ခြားစီးထားတယ်။ ငါတို့နဲ့တွေ့ဆုံတဲ့အခါညီအစ်မနှစ်ယောက်အလှည့်ကျတွေ့ဆုံရတယ်။ ဒီနေ့ည ဘယ်သူလာတွေ့မလဲဆိုတာ ပန်းပွင့်လေးတွေနဲ့ အချက်ပြကြတယ်။ ဥပမာ ဒီနေ့ည မမိုးစွေလာမယ်ဆိုရင် အနီရောင်ပန်းတစ်ပွင့် ငါတို့ခြံထိပ်မှာ လာထိုးတယ်။ အဝါရောင်ပန်းဆိုရင်တော့ မမိုးဝေ လာတွေ့မယ်ဆိုတဲ့ သဘောပဲ။ ဒီလိုပန်းပွင့်တွေ ခြံထိပ်မှာ လာထိုးပေးတာ မမိုးစွေတို့ အိမ်ကလူယုံမိန်းမတစ်

www.burmeseclassic.com



ယောက်ပဲ၊ ငါတို့ဆရာတပည့်နှစ်ယောက်ဟာ ခြံထိပ်မှာ ဘယ်ယ
ထိုးထားလဲဆိုတာ နေ့စဉ်မျှော်ကြည့်ကြတယ်၊ ဒီလိုမျှော်တဲ့နေ့ရာ
ငါနဲ့ မပန်းဝေက လူငယ်တွေ ဖြစ်တဲ့အတွက် မမိုးဝေရဲ့ အဝါရောင်
ပန်းပွင့်တွေ ခြံထိပ်မှာ လာထိုးတာ ပိုများတယ်၊ မမိုးဝေနဲ့ ငါ့ဆရ
တွေ့ဆုံတဲ့ အကြိမ်ကတော့ ငါတို့ထက် နည်းပါးတယ်၊ ငါတို့ဟာ
ညသန်းခေါင်ဆိုရင် ရွာပြင်မှာရှိတဲ့ တောင်ပေါ်လိုဏ်ဂူမှာ တွေ့ဆုံကြ
တယ်၊ ဒီလိုတွေ့ဆုံရင်း ငါတို့နှစ်ယောက်ဟာ လူငယ်တွေပီပီ အချ
နယ်ကျွံခဲ့ကြတယ်၊ ဒီလိုနဲ့ အတွေ့နောက်ကိုလိုက်ရင်း သောက်လေ
သောက်လေ ငတ်မပြေတဲ့ ဆားငန်ရည်ကို သောက်နေမိခဲ့တယ်
တစ်နေ့တော့ ငါတို့ဆရာတပည့်နှစ်ယောက်ဟာ ရွေးကောက်ပွဲ
အောင်မြင်တဲ့ သူကြီးရဲ့ဧည့်ခံပွဲကို သွားရင်း ငါက သူကြီးမင်းတည်
ခင်းတဲ့ အရက်ကို သောက်ခဲ့မိတယ်၊ ငါ့ဆရာ သူတော်ကောင်းတ
တော့ အရက်သေစာကို သောက်သုံးလေ့မရှိဘူး၊ ငါတို့ ညမှောင်
မှောင် အိမ်ကိုပြန်လာပြီး ခြံထိပ်မှာ အဝါရောင်ပန်းတစ်ပွင့် ထိုးထား
တာ မြင်လို့ ငါဟာ အလွန်ဝမ်းသာသွားတယ်၊ မမိုးဝေနဲ့ အရင်





တစ်ပါတ်က ချိန်းထားတာ မကြာသေးဘူး၊ ငါတို့ပြန်တွေ့ရမယ်
ဆိုတော့ အလွန်ပျော်ရွှင်သွားတယ်၊ ငါ့ဆရာကတော့ အဝါရောင်
ပန်းလေးကိုကြည့်ပြီး မရိုပြုံးနဲ့

မင်းကံကောင်းသွားပြန်ပြီ"

လို့ပြောတယ်၊ ငါကတော့ တောင်ပေါ်လိုဏ်ဂူကို ပျော်ပျော်
ကြီး ထွက်ခဲ့တယ်၊ ရွာပြင်ကိုရောက်တော့ တောင်ပေါ်က လိုဏ်ဂူမှာ
မမိုးဝေထိုင်နေတာ မြင်လို့ သွေးတွေဆူပွက်လာပြီး ပွေ့ဖက်နမ်းရှုံ့ရင်း
ထုံးစံအတိုင်း အချစ်နယ်ကျွံခဲ့တယ်၊ ဒါပေမဲ့ အဲဒီညက မမိုးဝေကို
ကြည့်ရတာ ငါ့အရက်သေစာ သောက်စားထားလို့လားမသိဘူး၊ ငါ့ကို
ကြည်ကြည်ဖြူဖြူ မရှိသလိုပဲ၊ ဒါပေမဲ့ ငါကတော့ သောက်လေ
သောက်လေ ငတ်မပြေတဲ့ ဆားငန်ရည်ကို မမောနိုင် မပန်းနိုင်
သောက်သုံးခဲ့တယ်၊ ဒီလိုနဲ့ ငါတို့ တွေ့ဆုံပြီး တစ်ပတ်လောက်
အကြာမှာ မမိုးဝေဆီက အဝါရောင် ပန်းတစ်ပွင့်ခြံဝမှာ မြင်ပြန်လို့
ငါဟာ ဝမ်းသာသွားပြန်တယ်၊ မျှော်လင့်ချက်ကြီးနဲ့ စောင့်နေတဲ့ ရော
အတွက်တော့ စိတ်မကောင်းဖြစ်မိတယ်၊ ငါတို့နှစ်ယောက် တောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တွေ့တော့ ငါ့ချစ်သူဟာ ငါ့ကို စိတ်ကောက်ပြေသွားဟန်နဲ့ အရင်တစ်ပတ်ကနဲ့မတူ ကြည်ကြည်ဖြူဖြူဆက်ဆံတယ်။ ဒီတော့မှ ငါလဲ ပျော်ရွှင်ချမ်းမြေ့သွားမိတယ်"

လို့ပြောပြီးသူ့စကားကို ခဏနားပြီးဆေးပေါ့လိပ်ကို မီးညှိပြီးဖွာရှိုက်လိုက်တယ်။ မမိုးညိုဟာ သူ့ဆရာရဲ့ဘဝ နောက်ကြောင်းကိုစိတ်ဝင်တစားနားထောင်နေမိတယ်။ နောက်ပိုင်းတွေမှာ ငါ့ချစ်သူ မမိုးဝေရဲ့ ချိန်းဆိုမှုတွေ ပိုပိုများလာတယ်။ ငါ့ဆရာစိုင်းပန်ကတော့ အနီရောင်ပန်း တွေ့ရနိုးနဲ့ ခြံဝမှာ ထွက်ထွက်ကြည့်ရတာ သနားစရာပါပဲ။ ဒီလိုနဲ့ဆရာနဲ့သူ့ချစ်သူဟာ တစ်လတစ်ကြိမ်တောင် မတွေ့ရတော့ဘူး၊ ငါဟာ မမိုးဝေနဲ့ တွေ့တိုင်း ဆရာနဲ့ သူ့အစ်မချိန်း ဆိုဖို့ ကိစ္စကိုတောင်းဆိုခဲ့တယ်။ ဒါပေမဲ့ မမိုးဇွေက အရှက်အကြောက်ကြီးတဲ့လူဆိုတော့ဆရာနဲ့တစ်လတစ်ကြိမ်တောင်တွေ့ချင်ဟန်မရှိဘူးလို့သိရတယ်။ ငါတို့ချစ်သူနှစ်ဦးဟာ ငယ်ရွယ်သူတွေပီပီ အချစ်ရေယာဉ်ကြောမှာ မျောချင်တိုင်းမျောနေမိတယ်။ ဒါပေမဲ့ ငါ့ချစ်သူဟာ လပြည့်ညတွေဆိုရင် တစ်မျိုးလေးစွဲမက်စရာကောင်း





တယ်။ သူဟာ စကားအပိုမပြောပဲ တစ်ဦးနဲ့တစ်ဦး ချစ်တင်းနှီးနှောမှုပဲ ကြိုးစားနေတယ်"

လို့ပြောတော့ မမိုးညိုက နားထောင်ရင်း လူ့ငွစာကြီး မျက်နှာကိုကြည့်ပြီး

"ဝမ်းနည်းကြေကွဲစရာ တွေမလော့သေးဘူးနော်"

လို့ဆိုလိုက်တော့ လူ့ငွစာကြီးက သက်ပြင်းချပြီး

"လာပါလိမ့်မယ်၊ စိတ်ရှည်လက်ရှည်သာ နားထောင်ပါ"

လို့ပြောပြီးသူ့စကားကို ဆက်တယ်။

"ငါ့ဘဝအတွက် မမေ့နိုင်တဲ့ လပြည့်ည တစ်ညမှာ ငါနဲ့ ငါ့ချစ်သူဟာ တောင်ပေါ်က လှိုဏ်ဂူလေးထဲမှာ ထုံးစံအတိုင်း ချစ်တင်းနှီးနှောနေတုန်း ဖြုန်းဆို ဂူထဲကို မီးတုတ် အလင်းရောင်ဝင်လာပြီး "နင်တို့သစ္စာမဲ့လူချည်လား။ ခွေးဇာတ်ခင်းနေတယ်ပေါ့လေ" ဆိုတဲ့ အသံကို ကြားလို့ လှည့်ကြည့်လိုက်တော့ မီးတုတ်ကိုင်ထားတဲ့ ငါ့ဆရာကို တွေ့ရတယ်။ ဆရာဟာ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ငါတို့ကိုကြည့်နေတယ်။ ငါက ဆရာကို နားမလည်နိုင်လို

www.burmeseclassic.com



လူးလဲထပြီး "ဘာဖြစ်လို့လဲဆရာ၊ကျုပ်တို့ဘယ်သူကိုသတ္တာဖော်
လို့လဲ" လို့မေးမြန်းပြီးမီးရောင်နဲ့ ငါချစ်သူကို ကြည့်လိုက်တော့
ငါ့ချစ်သူဟာမမိုးဝေမဟုတ်ဘဲဆရာ့ချစ်သူမမိုးစွေဖြစ်နေလို့အလွန်
တုန်လှုပ်ချောက်ချားသွားတယ်။ဆရာက ငါတို့ နှစ်ယောက်ကို
နာနာကြည်းကြည်းကြည့်ပြီး "တောက်..အသားထဲကလောက်ထွက်
တဲ့လူတွေ၊ နင်တို့ ငါ့နောက်ကျောကို ဓားနဲ့ထိုးလိုက်တယ်ပေါ့
ရှာခံတွေပြောတုန်းက ငါမယုံခဲ့ဘူး။အခုတော့ ခွေးဖာတ်ခင်းနေတာ
ကို ငါ့မျက်လုံးနဲ့တပ်အပ်မြင်ရပြီ၊ လူပာတ်မာတွေ၊ နင်တို့နှစ်
ယောက်စလုံးကိုငါသတ်မယ်" လို့ကြုံးဝါးတယ်။ဆရာဟာ ဒေါသဖြစ်
လွန်းလို့ ဘာကိုမှ မြင်ဟန်မရှိတော့ဘူး။ခါးကြားက ဓားကိုထုတ်ပြီး
မမိုးစွေကို အရင်ဆုံး ထိုးစိုက်လိုက်တယ်။ဆရာ့ရဲ့လုပ်ရပ်ဟာ မြန်
ဆန်လွန်းလို့ ငါဟာ မမိုးစွေကို အကာအကွယ် မပေးလိုက်နိုင်ဘူး။
ဆရာဟာ ငါ့ကိုဒေါသတကြီးနဲ့တိုက်ခိုက်တယ်။ငါဟာ ဆရာ့လက်က
အသက်လုပြီးထွက်ပြေးခဲ့ရတယ်၊ ငါ့အဖြစ်ကိုငါနားမလည်နိုင်ဘူး
ငါ့ချစ်သူမမိုးဝေ နေရာမှာမမိုးစွေက ဘယ်လိုရောက်နေလဲ ဆိုတာ





စဉ်းစားလို့မရဘူး။ဆရာဟာအလွန် ဒေါသကြီးတဲ့ လူဖြောင့်စိတ်တို
နှစ်ယောက်ဆိုတော့ ယောနယ်မှာ ငါမနေရဲတော့ဘူး၊ဆရာနဲ့
ဝေးရာကို ပြေးထွက်ခဲ့တယ်။ ဒီအချိန်ကစပြီးငါ့ချစ်သူမမိုးဝေနဲ့လဲ
အဆက်အသွယ်ပြတ်ခဲ့တယ်။ ဆရာ့ချစ်သူမမိုးစွေက ငါ့ကိုဘာဖြစ်
လို့ လက်သင့်ခံ နေသလဲဆိုတာ နားမလည်ဘူး။ငါ့ကို ဆရာနဲ့ မှား
သွင်းပြီးလက်ခံတာလဲ မဖြစ်နိုင်ဘူး၊ ဘာလို့လဲ ဆိုတော့ ငါတို့ပြော
စကားတွေအရငါဟာ ဆရာမဟုတ်ဘူးဆိုတာ သိသာနေတာပဲ"

လို့ဆိုလိုက်တော့မမိုးညိုဟာလူဝစာကြီး စကားကိုအလွန်
စိတ်ဝင်စားသွားပြီး

"ဦးလေးက ကိုယ့်ချစ်သူဟုတ်မဟုတ် ခွဲခြားမသိဘူးလား"

လို့မေးမြန်းလိုက်တယ်။လူဝစာကြီးက ခေါင်းခါယမ်း
လိုက်ပြီး

"ခွဲခြားဖို့မလွယ်ဘူး၊ ဘာလို့လဲဆိုတော့ သူတို့ညီအစ်မ နှစ်
ယောက်ဟာ ရုပ်ချင်းဆင်တူပြီးအမွှာညီအစ်မအလား ထင်မှတ်မှား
ရတယ်။နောက်ပြီးမမိုးစွေနဲ့ တွေ့တဲ့အချိန်တိုင်းက လကွယ်ညဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ဒီပြဿနာရဲ့အဖြေကို အချိန်တိုင်း စဉ်းစားပြီးရှာဖွေနေခဲ့တာ တစ်နေ့တော့ ကြောက်မက်ဖွယ် ကောင်းတဲ့အဖြေကို တွေ့ရတယ်"

လို့ပြောတော့ မမိုးညိုက မျက်မှောင်ကြုတ်ပြီး

"ဘယ်လိုကြောက်မက်ဖွယ်အဖြေလဲ"

လို့စိတ်လှုပ်ရှားဟန်နဲ့မေးမြန်းလိုက်တယ်။ လူ့ငွစာကြီးက သက်ပြင်းချပြီး

"ငါ့ဆရာ မားနဲ့လိုက်ခုတ်ရင်း ပြောတဲ့စကားအရ "ရှာခံတွေ ပြောတုန်းက ငါမယုံခဲ့ဘူး၊ အခုတော့ ခွေးဇာတ်ခင်း နေတာကို ငါ့မျက်လုံးနဲ့ တပ်အပ်မြင်ရပြီ" ဆိုတဲ့စကားကို စဉ်းစားမိပြီး ကြောက်မက်ဖွယ်အဖြေတစ်ခုကို တွေ့ရတယ်"

လို့ပြောတယ်။ မမိုးညိုက ဖြတ်ပြီး

"အကာလညအခါမှာ ဦးလေးကိုယ်တိုင်တောင် ကိုယ့်ချစ်သူကို သဲသဲကွဲကွဲ မသိဘူး၊ ရှာခံလူတွေ ဘယ်လိုလုပ်သိမှာလဲ၊ သူတို့မှာ အကြားအမြင်ရနေလို့လား"





လို့ပြောတယ်။ လူ့ငွစာကြီးက သက်ပြင်းချပြီး

"ဒါဟာ ရှာခံကာလသားတစ်ယောက်ရဲ့လုပ်ကြံမှုပဲ၊ ငါတို့ဆရာတပည့်ရဲ့ အချစ်ရေးကို မနာလိုစွန်တိုနေတဲ့ ရွာသား တစ်ယောက်ရဲ့ပယောဂကြောင့်ဖြစ်တယ်၊ ဒီလူဟာ ငါတို့ဆရာတပည့်နှစ်ယောက်ကို ရန်တိုက်ပေးဖို့ကြံစားလိုက်တာပဲ။ ငါဟာ ဆရာ့စကားနဲ့ ဆက်စပ်ပြီး လကွယ်ညတွေမှာ ချစ်သူနဲ့ ချိန်းတွေ့တာကို သိရတယ်။ လကွယ်ညတိုင်း မမိုးဝေနဲ့ ချိန်းတွေ့တဲ့အခါ မမိုးဝေဟာ ငါ့ကို စကား ပြောလေ့မရှိဘူး၊ ကျန်တဲ့ ရက်တွေမှာ ချိန်းတွေ့ရင်တော့ ချစ်သူတို့ဘာသာဘာဝ တီတီတာတာ စကားတွေပြောဆိုလေ့ရှိတယ်၊ လကွယ်ညဆိုရင်တော့ ငါ့ကိုစကားပြောလေ့မရှိဘူး၊ ချစ်တင်းနှီးနှောပြီးတာနဲ့ပြန်တာပဲ"

လို့ပြောတယ်။ မမိုးညိုဟာ လူ့ငွစာကြီး စကားကြောင့် အောင့်အီးမနေနိုင်တော့ဘူး။

"ဒါဆိုရင် မမိုးခွေဆိုတဲ့ အစ်မက ဦးလေးကို သူ့ချစ်သူဟုတ်မှန်းသိရက်နဲ့ လက်ခံတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လို့မေးမြန်းလိုက်တယ်။လူ့ဂုဏ်ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး

"အရင်တုန်းက စဉ်းစားလို့မရဘူး၊နောက်တော့ ခေါင်းအေးအေးထားပြီးစဉ်းစားကြည့်လိုက်တော့ အဖြေပေါ်လာတယ်။ ငါတို့ ဆရာတပည့်နှစ်ယောက်ကို သူတစ်ပါး လုပ်ကြံခံရတဲ့ အပြင် ကြောက်စရာကောင်းတဲ့ ကံကြမ္မာဆိုးရဲ့ သက်ရောက်ခြင်း ခံလိုက်ရတယ်၊ ရွှေကောက်ပွဲနိုင်တဲ့သူကြီးရဲ့ဧည့်ခံပွဲညမှာ ငါဟာ အရက်တွေ အလွန်အကျွံ သောက်ခဲ့တယ်။ အဲဒီနေ့က မမိုးခွေဟာ ငါ့ဆရာနဲ့တွေ့ဖို့အနီရောင်ပန်းတစ်ပွင့်ကိုခြံဝမှာ လာထိုးခဲ့တယ်၊ ဒါပေမဲ့ ငါတို့ ဆရာတပည့်နှစ်ယောက်ကို လုပ်ကြံချင်သူက အနီရောင်ပန်းနဲ့အဝါရောင်ပန်းကိုလဲထားလိုက်တယ်၊ ငါဟာ သူကြီး ရွှေပွဲက အရက်မူးမူးနဲ့ ပြန်လာပြီးခြံဝမှာ အနီရောင်ပန်းနဲ့ အဝါရောင်ပန်းလဲထားတာမရိပ်မိဘဲတောင်ပေါ်က လိုဏ်ဂူမှာ တစ်ကိုယ်တည်း စောင့်နေတဲ့ မမိုးခွေကို မမိုးညိုမှတ်ပြီးချစ်တင်းနှီးနှောဖို့ ကြိုးစားခဲ့တယ်။ အဲဒီညက မမိုးခွေဟာ ဆရာမဟုတ်မှန်းသိလို့ ငါ့ကို တားဆီးဖို့ ကြိုးစားခဲ့ပုံရတယ်။ဒါပေမဲ့ လိုချင်တာကို ဖွင့်အတင်းလုယက်တဲ့ ငါ့စရိုက်ကြောင့် မမိုးခွေကို မမိုးဝေမှတ်ပြီးကျူးလွန်ခဲ့တယ်။ အဲဒီညက ရုန်းကန်ဖို့ ကြိုးစားနေတဲ့ မမိုးခွေကို ငါအရက်သောက်လာလို့မမိုးခွေငြိုငြင်တယ်လို့ခံစားရတယ်။တကယ်တော့မမိုးခွေက ငါ့ကိုဆရာမဟုတ်မှန်းသိလို့ငြင်းဆန်နေတာဖြစ်မယ်၊ဒါပေမဲ့နောက်ဆုံးမှာ ငါ့ရဲ့အချစ်နယ်ကျွံခြင်းကိုခံလိုက်ရတယ်။ နောက်ပြီးတော့ ငါနဲ့မိုးဝေဟာ တစ်ပတ်တစ်ကြိမ်ပဲဆုံတွေ့လေ့ရှိတယ်၊ မမိုးခွေနဲ့ မှားယွင်းမိတဲ့ နေ့က ငါတို့ ချိန်းဆိုလေ့ရှိတဲ့ နေ့မဟုတ်ဘူး။ မမိုးခွေဟာ အကွယ်ညတွေကို ရွေးပြီးချိန်းတွေ့တတ်တယ်။ငါချစ်သူမမိုးဝေကတော့ သာမန်နေ့ရက်တွေမှာပဲ ချိန်းဆိုလေ့ရှိတယ်၊ဒါဟာ ညီအစ်မနှစ်ယောက်ရဲ့ကွာခြားချက်ပဲ"

လို့ပြောလိုက်ပါတယ်။ မမိုးညိုက နားမလည်ဟန်နဲ့ မျက်မှောင်ကြုတ်ပြီး

"မမိုးခွေက သူ့ချစ်သူမဟုတ်မှန်း သိရက်နဲ့ဦးလေးကိုဘာဖြစ်လို့လက်ခံတွေ့ရတာလဲ"







www.burmeseclassic.com

www.burmeseclassic.com



လို့မေးမြန်းလိုက်တယ်။ လူငှစာကြီးကအတန်ကြာအောင် ငြိမ်သက်နေပြီးတော့

"ငါတို့ ဆရာတပည့်နှစ်ယောက်ကို မလိုလားတဲ့ လူတစ်ယောက်က ငါတို့ကိုရန်တိုက်ပေးခဲ့တယ်၊ ဒါပေမဲ့ ငါတို့ရဲ့ဆိုးဝါးလှတဲ့ ကံကြမ္မာကြောင့် ငါတို့ဘဝတွေ သူတစ်ပါးတံတွေးခွက်မှာ ပက် လက်မျောခဲ့ရတယ်၊ မမိုးစွေဟာ ဂုဏ်သိက္ခာကိုအလွန်စောင့်စည်းတတ်တဲ့ အပျိုစင် မိန်းကလေး တစ်ယောက်ပါ၊ ဒါပေမဲ့ သူ့ကို မမိုးဝေနဲ့မှားပြီးကျူးလွန်မိတဲ့ အချိန်တစပြီးသူငါ့ကို စွဲလမ်းသွားတယ်၊ ဒါကြောင့်ညီမဟန်ဆောင်ပြီးအဝါရောင်မန်းတွေ ငါ့ဆီပို့ပို့နေတာပဲ၊ ငါကလဲ မမိုးဝေဆီက အဝါရောင်ပန်းတွေ ဆက်တိုက်ပို့နေတယ် ထင်ပြီးဝမ်းသာပျော်ရွှင်ခဲ့ရတယ်။ မမိုးစွေဟာ အဝါရောင်ပန်းတွေပို့ပြီးငါနဲ့ တိတ်တခိုးတွေ့နေတာကို လူယုံမိန်းမက တစ်ဆင့် ရွာသားတွေ သိသွားကြပုံရတယ်။ ဒါကြောင့် ငါတို့ဆရာတပည့်နှစ်ယောက် ရန်ငြိုးရန်စ ဖြစ်အောင် ချောက်တွန်းခဲ့တာပဲ၊ တကယ်တော့ ငါတို့ ဆရာတပည့်နှစ်ယောက် ရန်ငြိုးရန်စဖွဲ့ပြီးအဖြစ်ဆိုးမျိုးနဲ့ကြုံတွေ့ရတာဟာ ငါရဲ့စောင့်စည်းမှု မရှိတဲ့ ချစ်သူဘဝမှာ အခွင့်အရေးယူတဲ့ အကြောင်းပဲ။ ဒီစရိုက်ကြောင့် ငါ့အင်မတန် လေးစားကြည်ညိုရတဲ့ ဆရာကို သစ္စာဖောက်သလိုဖြစ်သွားခဲ့တယ်။ ဆရာဟာ ဒေါမာန် အလွန်ကြီးပြီးငါ့ကို မြင်ရင် အသက်ရှင်ခွင့် ပေးမှာ မဟုတ်ဘူး၊ ဒါကြောင့် ငါဟာ မြန်မာပြည် အနှံ့လှည့်ပြီးပုန်းအောင်းနေရတယ်။ နောက်ဆုံးတော့ ရတနာမြို့ကို ထမင်းရှာ်အဖြစ် ရောက်လာပြီး သို့လျှို့ဝှက်ဝှက်နဲ့ နေထိုင်ခဲ့တာပဲ"

လို့ပြောပြီးသူ့ဘဝရဲ့နာကြည်းကြေကွဲဖွယ် ဘဝနောက်ကြောင်းကို အဆုံးသပ်လိုက်တယ်။ မမိုးညိုဟာ လူငှစာကြီး အငြိမ့်အဖွဲ့မှာ လျှို့ဝှက်စွာနေထိုင်ရခြင်း အကြောင်းကိုရိပ်စားမိသွားတယ်။

လူငှစာကြီးဟာ ဆရာဖြစ်သူရဲ့ရန်က တိမ်းရှောင်ဖို့ နှစ်ပေါင်းများစွာ ပုန်းအောင်းနေခြင်းဖြစ်တယ်။

မမိုးညိုဟာ ရက်ပိုင်းအတွင်း ဆရာနှစ်ဦးရဲ့လျှို့ဝှက်လှတဲ့ ဘဝနောက်ကြောင်းကို မမျှော်လင့်ဘဲ သိခဲ့ရတယ်။ ဆရာ နှစ်ယောက်ရဲ့ ဘဝနောက်ကြောင်းဟာ မယုံနိုင်အောင် ထူးခြားဆန်း







www.burmeseclassic.com

www.burmeseclassic.com



ကြယ်လုတယ်။

လူဝေ့ရဲ့လောဘ၊ဒေါသနဲ့ဖောက်လွှဲဖောက်ပြန်ပြုတတ်တဲ့စရိုက်တွေကိုလဲ နားလည်လာရတယ်။ လူ့ဝစာကြီးက မမိုးညိုရဲ့စိတ်ကိုထိုးဖောက်မြင်ဟန်နဲ့

"လူတွေရဲ့ ဖောက်လွှဲဖောက်ပြန် စရိုက်ကို နင်အံ့သြနေတာလား၊စိတ်ဆိုတာ အစိုးမရဘူး၊ အချိန်တိုင်းမှာ ဖောက်လွှဲဖောက်ပြန်ပြုတတ်တယ်၊စိတ်ရဲ့အစိုးမရတဲ့ သဘောကို ဓမ္မပဒထဲမှာ သေသေချာချာ ဖော်ပြထားတယ်"

လို့ပြောတယ်။

မမိုးညိုဟာ ဆရာနှစ်ယောက်ရဲ့ လျှို့ဝှက်တဲ့ ဘဝနောက်ကြောင်းတွေ သိရပြီးတဲ့နောက် လူ့လောကကြီးရဲ့ဆန်းကြယ်ပုံတွေကိုပိုပြီးသိမြင်လာတယ်။ သူဟာ ဘဝတလျှောက်လုံး ဇာတ်လောကသားတွေ ကြားထဲမှာ အချိန်ကုန်လွန်ခဲ့တယ်။ သူသိနားလည်တဲ့လောကဆိုတာ အငြိမ့်လောကသားတွေသင်ပြထားတဲ့လောကသာ ဖြစ်တယ်။

မြနှင်းဆီစာပေ



သူဟာ အတန်းပညာလဲ ကောင်းကောင်း သင်ကြားခွင့်မရခဲ့ဘူး။

ဒါကြောင့်လူ့လောကကြီးရဲ့ဆန်းကြယ်ပုံတွေကိုပိုမိုပြီးမြင်တွေ့ချင်လာတယ်။

ဇာတ်ထဲက ထွက်ပြီးလူတွေထဲဇင်ရင် ဘယ်လောက်ကောင်းမလဲ လို့တွေးမိတယ်၊ ဒါပေမဲ့ မိန်းမသား တစ်ယောက်အတွက်စွန့်စားခန်းဖြစ်မှာလဲ စိုးတယ်။

မမိုးညိုရဲ့စိတ်ဟာ အစွန်းတစ်ဖက်နဲ့ တစ်ဖက်လွန်ဆွဲနေတယ်၊ ဒီအကြောင်းတွေကိုသူ့ဆရာမြနှင်းဆီကိုပြောပြတော့ မြနှင်းဆီက သက်ပြင်းချပြီး

"လူဟာ မွေးဖွားလာကတည်းက ရုန်းကန် လှုပ်ရှားလာခဲ့ရတယ်၊ဒါကြောင့်လှုပ်ရှားရုန်းကန်တဲ့လောကကြီးမှာအသားကျနေနိုင်ပါတယ်၊လောကမှာအလိုက်သင့်စီးမျောဖို့ပဲလိုတယ်၊တစ်ချိန်ချိန်မှာ လူ့လောကထဲဝင်ပြီးစွန့်စားခန်း ဖွင့်မယ်လို့ ဆုံးဖြတ်ရင်ငါ့တားကိုသတိရပါ၊ သတိတမံဉာဏ်မြေကတုတ် လုပ်ဖို့လိုတယ်"

www.burmeseclassic.com



လို့ပြောတယ်။

မမိုးညိုက ခေါင်းညိတ်ပြီး

"သတိတမံ ဥာဏ်မြေဟာတွေတိ လုပ်ဖို့ ကြိုးစားပါမယ် အစ်မ"

လို့တီးတိုးပြောလိုက်တယ်။

ဒီအချိန်က ဗျိုးမမိုးညိုဟာ အပြင်လောကကြီးကိုစိတ်ဝင်စားလာတယ်။ လူတွေကို ပိုမို ဂရုစိုက်ပြီးကြည့်လာတယ်။ လူတွေဟာ သူ့ချက်လုံးထဲမှာ တဖြည်းဖြည်း ပိုပိုပြီးအသက်ဝင်လာတယ်။



တစ်နေ့မှာ ရတနာမြိုင် အငြိမ့်အဖွဲ့ တည်ရှိရာ ဦးဒီပါရဲ့ အိမ်ရှေ့ကိုအနီရောင်ပါဆယ်ထုတ်လေးတစ်ထုပ်ရောက်လာတယ်။

ပါဆယ်ထုပ်လေးရဲ့အပေါ်မှာ အနီရောင် ဖဲကြိုးလေးကို လှလှပပ ချည်နှောင်ထားတယ်။ မမိုးညိုဟာ ပါဆယ်ထုပ် အပေါ်မှာ ရေးထိုးထားတဲ့စာကိုဖတ်ကြည့်တော့

"ရောက်အောင် မသွားသရွေ့တော့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ရေးထိုးထားတယ်၊ မမိုးညိုဟာ ဘယ်ကရောက်လာမှန်း မသိတဲ့ အနီရောင် ပါဆယ်ထုပ်ကို ဦးဒီပါ ရဲ့အခန်းထဲမှာ သွားထား လိုက်တယ်။

ကော်ကြာတော့ ဦးဒီပခေါ်နိုင်းလိုက်လို့သူ့အခန်းကိုရောက် သွားတယ်၊ အခန်းထဲမှာ ဦးဒီပါဟာ တစ်စုံတစ်ရာကို တွေးပြီး စိတ်လှုပ်ရှားနေပုံရတယ်၊ မမိုးညိုကိုမြင်မြင်ချင်း

"ဒီပါဆယ်ထုပ်ကိုနင်ဘယ်ကရလာတာလဲ"

လို့မေးမြန်းလိုက်တယ်။

မမိုးဇွေက

"ခြံဝမှာ တွေ့လို့လာပေးတာပါ"

လို့ဖြေလိုက်ပြီးရှုံးစမ်းဟန်နဲ့

"ပါဆယ်က ဦးလေးကိုပေးတာလား"

လို့မေးလိုက်တယ်၊ ဦးဒီပါက မျက်နှာရှုံ့မဲ့ပြီး

"နင်မရှည်နဲ့၊ ငါမေးတာသာဖြေစမ်း၊ ပါဆယ်ထုပ်ကိုဘယ် သူလာထားတာလဲ"





လို့မေးမြန်းလိုက်တယ်။

မမိုးဇွေက သက်ပြင်းချလိုက်ပြီး

"ဘယ်သူမှန်းမသိဘူး၊ ဒါကြောင့်ဦးလေးဆီလာပို့တာပါ"

လို့ပြောလိုက်တယ်၊

နောက်ရက်အနည်းကြာတော့ အိမ်ရှေ့က ရေအိုးစင်မှာ အနီရောင်ပါဆယ်ထုပ်ကလေး ထပ်တွေ့တယ်။

မမိုးညိုဟာ ပါဆယ်ထုပ်ကလေးကို ယူပြီးကြည့်လိုက် တော့ထုံးစံအတိုင်း ပါဆယ်ထုပ်ကလေးကိုအနီရောင်ဖဲကြိုးလေးနဲ့ ချည်နှောင်ထားပြီးပါဆယ်ထုပ်အပေါ်မှာ

"ဝေးတဲ့လမ်းဟာ နီးနီးလာပြီ"

လို့ရေးထိုးထားတာတွေ့တယ်၊

မမိုးညိုဟာ ပါဆယ်ထုပ်ကို ဦးဒီပါဆီကို ယူသွားတော့ ဦးဒီပါမျက်လုံးတွေပြူးဝိုင်းသွားပြီး

"ဟင်...လာပြန်ပြီ"

လို့ဆိုပြီးပါဆယ်ထုပ်ကိုကမန်းကတန်းဖွင့်ဖောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

နောက်မှ မမိုးညို အနီးမှာရှိနေတာ သတိရပြီး

"မိုးညို...နင် ငါ့အခန်းထဲက ထွက်သွားစမ်း"

လို့အမိန့်ပေးလိုက်တယ်။

မိုးညိုဟာ ဦးဒီပရဲ့ အခန်းထဲက ထွက်ခဲ့ပြီးအနီရောင်ပါဆယ်ထုပ်လေးတွေအကြောင်းကို စဉ်းစားနေမိတယ်။

ဦးဒီပါဟာ ပါဆယ်ထုပ်လေးတွေကိုမြင်တာနဲ့ ဘာကြောင့် နှလုံးတုန်ယင်တုန် ဖြစ်နေတာလဲမသိဘူး။

ဦးဒီပါနဲ့ အနီရောင်ပါဆယ်ထုပ်လေးများ ပိုင်ရှင်ဟာ ဆက်စပ်မှုတစ်ခုရှိနေမှာ သေချာနေပြီ။

ဦးဒီပါဟာ အနီရောင် ပါဆယ်ထုပ် သုံးထုပ်တိတိ ရောက်လာတဲ့အချိန်မှာ တုန်လှုပ်ချောက်ချားပြီးအခန်းပြင်တောင် မထွက်နိုင်တာ တွေ့ရတယ်။

ဦးဒီပါ အခန်းပြင် မထွက်တဲ့အတွက် အငြိမ့်အဖွဲ့သားတွေ ပဟေဠိဖြစ်နေကြတယ်။

ပြီးပါပြီခင်ဗျာ



လူတွေကတော့ ဦးဒီပါ နေမကောင်းဖြစ်ပြီးရောဂါဝေဒနာ တစ်ခုခုခံစားနေရတယ်လို့ယူဆကြတယ်။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာ ဦးဒီပါရဲ့အိမ်ကိုတောင်းကြီးတစ်လုံးရွက်ထား တဲ့ တောဆန်ဆန်မိန်းမကြီး တစ်ယောက်ရောက်လာတယ်။ မိန်းမ ကြီးရဲ့ပုံစံက ပွဲဈေးလာတဲ့သူနဲ့မတူဘူး။ အငြိမ့်အဖွဲ့ဝင်တစ်ယောက်ရဲ့ သားချင်းထဲကလို့ ထင်ရတယ်။ မမိုးညိုက မိန်းမကြီးကိုအံ့ဩဟန်နဲ့ ကြည့်ပြီး

"အဒေါ်ကြီး ဘယ်သူနဲ့တွေ့ချင်လို့လဲ"





လို့မေးမြန်းလိုက်တော့မိန်းမကြီးကမမိုးညိုကိုမျက်မှောင် ကြုတ်ကြည့်လိုက်ပြီး

"အငြိမ့်ထောင်ဆရာနဲ့တွေ့ချင်တယ်"

လို့ဆိုလိုက်တော့ မမိုးညိုကခေါင်းညိတ်ပြီး

"ဦးဒီပါကိုပြောတာလား"

လို့မေးမြန်းလိုက်တယ်။

မိန်းမကြီးက မမိုးညိုကို မျက်မှောင်ကြုတ်ကြည့်ပြီး

"နင်တို့ အငြိမ့်အဖွဲ့မှာ ဒီပါကလွဲရင်အငြိမ့်ထောင်ဆရာ ဘယ်သူရှိလို့လဲ၊ဒီကောင်ကိုသွားခေါ်စမ်း၊ဒီကောင်ငါ့အကြောင်းကို တောင်းကောင်းသိတယ်၊ ဒေါ်အုန်းသီး ရောက်လာပြီပြောလိုက်၊ ဒီကောင်ငါ့ခြေသလုံးကိုပြေးဖက်လိမ့်မယ်"

လို့ပြောတယ်။

မမိုးညိုလဲ စောဒကမတတ်ရဲဘဲ ဦးဒီပအခန်းဆီကိုထွက်ခဲ့ တယ်။ ဦးဒီပါရဲ့အခန်းတခါးကိုတခေါက်ခေါက်ခေါက်တော့ ဦးဒီပါက ဒေါသတကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဒါ့အခန်းကိုဘယ်သူလာခေါက်နေတာလဲ၊ဘယ်သူနဲ့မှ မတွေ့ချင်လို့အခန်းအောင်းနေကာမသိဘူးလား"

လို့အော်ဟစ်ပြီးမောင်းထုတ်လိုက်တယ်၊

မမိုးညိုက

"ခြည်သည့်အဒေါ်ကြီး တစ်ယောက် ရောက်နေလို့ပါ၊ သူ့ကိုယ်သူ ဒေါ်အုန်းသီး လို့ပြောနေတယ်"

လို့ဆိုလိုက်တော့မမိုးညိုစကားမဆုံးမီဦးဒီပါအခန်းထဲက ဝုန်းခနဲ ထွက်လာပြီး

"ဘာ..ဒေါ်အုန်းသီး ဟုတ်လား၊ သူတစ်ယောက်တည်း လား၊ ဘယ်သူပါသေးလဲ"

လို့ကမန်းကတန်းမေးတယ်၊မမိုးညိုက ခေါင်းညိတ်ပြီး

"သူတစ်ယောက်တည်းပါ၊ဒါပေမဲ့မိန်းမကြီးက ယဉ်ကျေးမှုမရှိဘူးနော်၊အပြောအဆို ရိုင်းစိုင်းလိုက်တာ"

လို့ဆိုလိုက်တော့ဦးဒီပါဟာ မမိုးညိုစကားမဆုံးမီ အောက်ထပ်ကိုပြေးဆင်းသွားတယ်၊





မမိုးညိုလဲ ဦးဒီပါနဲ့ မိန်းမကြီး တွေ့ဆုံပုံကိုလှေခါးကြားက ချောင်းကြည့်လိုက်တယ်၊ မိန်းမကြီးဟာ လှေကားက ဆင်းလာတဲ့ ဦးဒီပါကိုမြင်တာနဲ့

"အရက်မရှိတဲ့ကောင်နင်လိုလူမျိုးကို လူလောကကြီးမှာ အရှင်ထားဖို့မကောင်းဘူး"

လို့ဆိုလိုက်တော့ဦးဒီပါက တုန်လှုပ်ချောက်ချားဟန်နဲ့

"ကျုပ်အပြစ်တွေကို ခွင့်လွှတ်ပါဗျာ၊ ကျုပ်အသက်လဲကြီး ပြီ အရှင်လိုစိတ်ဓာတ်မျိုး မရှိတော့ပါဘူး"

လို့ဆိုလိုက်တော့ မိန်းမကြီးက အံကိုကြိတ်ပြီး

"နင်တောင်းပန်တိုင်း ငါခြေငြိမ်းရမှာလား၊ အသုံးမကျတဲ့ ကောင်"

လို့ဆိုလိုက်တော့ ဦးဒီပါကပတ်ဝန်းကျင်ကို မလုံမလဲ ကြည့်ပြီး

"ဒီနေရာမှာ မကောင်းပါဘူးဗျာ၊အပေါ်ထပ်ကိုကြွပါ"

လို့တောင်းပန်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက ဦးဒီပါရဲ့စကားကိုလက်ခံ လိုက်ဟန်နဲ့

"ကောင်းပြီ၊ဒါဆိုရင် ငါ့တောင်းကို ထမ်းပြီးလိုက်ခဲ့"

လို့ဆိုလိုက်တော့ ဦးဒီပါက တောင်းကို မဝံ့မရဲကြည့်ပြီး

"ဖြစ်...ဖြစ်ပါ့မလား"

လို့ အထစ်ထစ်အငေါ့ငေါ့ ပြောတော့ မိန်းမကြီးက ဦးဒီပါကို မကျေမချမ်း ကြည့်ပြီး

"ငါ့ကောင်တွေက တိရစ္ဆာန် ဆိုပေမဲ့ နင့်ထက် အများကြီး အသိဉာဏ်ရှိတယ်၊နင်ဘာမှကြောက်စရာမလိုဘူး"

လို့ပြောတယ်။

မိန်မကြီးစကားကြောင့် ဦးဒီပါက စောဒက မတက်ရဲဘဲ တောင်းကြီးကိုရွက်ပြီးမိန်းမကြီး အနောက်က လိုက်ခဲ့တယ်။

မမိုးညိုက လေ့ကားကြားမှာ ပုန်းအောင်းရင်း တောင်းထဲကိုနှိုးကြည့်ပြီးအလွန်ထိတ်လန့်တုန်လှုပ်သွားတယ်၊

မိန်းမကြီးရဲ့ တောင်းထဲမှာ တစ်ထွာနီးပါးရှိတဲ့ ကင်းမြီးကောက်ကြီး ၃ကောင် တလှုပ်လှုပ် တရွရွသွားလာနေတယ်။





ဦးဒီပါ တစ်ယောက် မိန်းမကြီးကို ကြောက်လန့်နေတာ ကင်းမြီးကောက်ကြီး ၃ကောင်ကြောင့်ဖြစ်မယ်လို့တွေးမိတယ်၊

ဦးဒီပါဟာ ညှော်သည် မိန်းမကြီးရောက်တဲ့နေ့က စပြီး အပေါ်ထပ်ကိုအငြိမ့်အဖွဲ့သားတွေ ဘယ်သူမှမတက်ရဘူးလို့အမိန့် ထုတ်ထားတယ်။

ဒီရက်ပိုင်းတွေမှာ မိန်းမကြီးရဲ့ ဆက်တိုက် ဆူပူကြိမ်း မောင်းသံတွေကိုအငြိမ့်အဖွဲ့သားတွေ ကြားနေရတယ်၊

www.burmeseclassic.com

တစ်ပတ်လောက်ကြာတော့ ဦးဒီပါက အငြိမ့်အဖွဲ့သား တွေကိုခေါ်ပြီး အံ့ဩစရာကောင်းတဲ့ အမိန့်ကို ထုတ်ပြန်တယ်။ ဦးဒီပါက

"ဒီနေ့ကစပြီးကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ အရေးကိစ္စ တစ်ခုကြောင့်အငြိမ့်အဖွဲ့ကနေ ထွက်ပြီးဟောဒီကခေါ်သူဇာနဲ့လိုက် သွားရမယ်။ ကျုပ်မရှိတုန်း အငြိမ့်အဖွဲ့ကို ကျုပ်ကိုယ်စား လူရွှင် တော်ကြီးဦးအာလူးက အုပ်ချုပ်လိမ့်မယ်။ ဦးအာလူးအုပ်ချုပ်တာကို မလိုလားတဲ့ သူရှိရင် အငြိမ့်အဖွဲ့ကနေ အချိန်မရွေးထွက်သွားနိုင်





တယ်"

လို့ပြောလိုက်တော့ ဇာတ်အဖွဲ့သားတွေဟာ လူရွှင်တော် ကြီး ဦးအာလူးကို လေးစားကြည်ညိုသူများဖြစ်လို့ ကလိုလားသူ မရှိပါဘူး။

ဦးဒီပါက အငြိမ့်အဖွဲ့သားတွေကို မျက်လုံးဝေ့ကြည့်ပြီး

"ကျုပ်ဘာကြောင့်အငြိမ့်အဖွဲ့က ထွက်သွားရတယ်ဆိုတာ မပြောနိုင်တာခွင့်လွှတ်ပါ။ တစ်ချိန်ချိန်မှာ ကျုပ်သေချာပေါက်ပြန်လာ ခဲ့မှာပါ"

လို့ပြောလိုက်တယ်။ ဒီအခါမှာ မဖိုးညိုက ဦးဒီပါကို စိတ်မချ နိုင်လို့ ရိုင်းပြတဲ့ မိန်းမကြီးကို မျက်လုံးဝေ့ကြည့်ပြီး

"ဦးလေး တစ်ယောက်တည်း သွားမှာလား"

လို့မေးမြန်းလိုက်တယ်။

ဦးဒီပါက ခေါင်းခါယမ်းပြီး

"ငါတစ်ယောက်တည်း မသွားပါဘူး၊ ငါနဲ့အတူ နင့်ကို ခေါ်သွားမှာပေါ့"

www.burmeseclassic.com



လို့ဆိုလိုက်တော့ မမိုးညိုက တအံ့တသြနဲ့

"ဟင်...မိုးညိုလဲ လိုက်ရမယ်"

လို့ရေရွတ်လိုက်တော့ ဦးဒီပါက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ငါနဲ့အတူ နင့်ကိုခေါ်သွားမယ် မနက်ဖြန် ခရီးထွက်ဖို့ အသင့်ပြင်ထား"

လို့ပြောလိုက်တယ်။

မမိုးညိုဟာ သူမမျှော်လင့်ဘဲ ဦးဒီပါနဲ့ လိုက်ရမယ်ဆိုတော့ အလွန်စိတ်လှုပ်ရှားသွားတယ်။ ဒါကြောင့် သူ့ဆရာ မြနန်းဆီနဲ့ တိုင်ပင်လိုက်တော့ မြနန်းဆီက

"နင့်ဘဝကို အငြိမ့်အဖွဲ့လေးထဲမှာ နစ်မြုပ်မနေစေချင်တာကြာပြီ၊ ဒါကြောင့် ဦးဒီပါနဲ့ လိုက်သွားပြီးအတွေ့အကြုံတွေ ရှာပါ၊ လူတွေရဲ့စိတ်ကို နားလည်အောင် ကြိုးစားပါ၊ လူတွေကို တတ်နိုင်သမျှ အကူအညီပေးပါ၊ အန္တရာယ်နဲ့ကြုံလာရင် ငါသင်ပေးတဲ့ စိတ်ညို့ပညာကို အသုံးပြုပါ၊ ပညာအတွက် နင့်ကိုငါစိတ်ချပါပြီ"

လို့ဆိုလိုက်တယ်။





မမိုးညိုရဲ့ဆရာလူ့ဗွေတာကြီးဦးတောကျော်ကလဲ

"နင်ရေတွင်းထဲက ဖားသူငယ် လုပ်မနေနဲ့၊ လူ့လောကကြီးထဲကို ဝင်ပြီးလူတွေဆီက သင်ယူပါ၊ လောကဆိုတာ သင်ယူဖို့ အကောင်းဆုံး ကျောင်းကြီးကွ၊ ဘဝမှာ အခက်အခဲ ဖြစ်လာရင် ငါသင်ပေးတဲ့ အကြောကိုင်ပညာကို အသုံးချပြီးဖြေရှင်း၊ အကြောကိုင်ပညာဟာ အဖက်ဖက်က အသုံးချလို့ရတယ်ဆိုတာ နင်မကြာမီ သဘောပေါက်လိမ့်မယ်"

လို့ပြောတယ်။ မမိုးညိုဟာ သူ့ဘဝရဲ့ ပြောင်းလဲမှုတွေ တင်တော့မယ်ဆိုပြီး ရင်ခုန်စိတ်လှုပ်ရှားနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာ ဦးဇီပါနဲ့ မမိုးညိုဟာ ခေါ်သူဇာဆိုတဲ့ မိန်းမကြီးရဲ့ခေါ်ရာနောက်ကိုလိုက်ပို့ပြင်ကြတယ်။

အငြိမ့်အဖွဲ့သားတွေဟာ မမိုးညိုကိုကရုဏာသက်ကြလို့ ခွဲခွါကာနီး ပိုင်းဝန်းနှုတ်ဆက်ကြတယ်။

ခေါ်သူဇာဟာ မြန်မာပြည်အောက်ပိုင်း ဒေသကို ဦးတည်ပြီးသူတို့ကိုကားတစ်စီးမှည့်ရထားတစ်လှည့်နဲ့ခေါ်ဆောင်သွားတယ်။

မမိုးညိုကတော့ သူမရောက်ဘူးတဲ့ အရပ်တွေကို ခရီးဆက်ရလို့ ပျော်ရွှင်နေတယ်၊ရထားခရီးနဲ့ သွားလာနေတုန်း ပေါင်





မြို့ဘူတာကို ရောက်တဲ့အခါ ရထားဆက်မထွက်နိုင်ဘဲ ရပ်တန့်နေတယ်။

တောဆန်ဆန် မိန်းမကြီးဟာရထား ဆက်မထွက်နိုင်တဲ့အတွက် ခေါင်းတွဲဘက်ကို လျှောက်သွားပြီးစုံစမ်းတယ်၊ ခဏကြာတော့ မိန်းမကြီးပြန်ရောက်လာပြီး

"ရထားစက်ကတော့ ဆက်မထွက်နိုင်တော့ဘူး၊ဒီည ပေါင်မြို့ဘူတာမှာပဲ အိပ်ရတော့မယ်၊ သေနာကောင်တွေ အရင်လိုမှ အနေဖြစ်ရတယ်",

လို့မကျေမချမ်းပြောတယ်။

ပေါင်ဘူတာက ဈေးသည်တွေကတော့ ဈေးရောင်းရတော့မယ် ဆိုပြီးတွဲတွေဆီကိုဝမ်းသာအားရ ရောက်လာကြတယ်။

မမိုးညိုတို့လည်း ဆာလောင်နေတာနဲ့ကြက်သားဟင်းနဲ့ ထမင်းထုပ်တွေဝယ်စားကြတယ်၊

မမိုးညိုဟာ ဘူတာမှာ ညအိပ်ရတာကို စိတ်မပျက်ဘဲ ဘဝမှာအတွေ့အကြုံ တစ်ခုတိုးတာပဲလို့မှတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်တော့ ဘူတာမှာ ရှိတဲ့ ဝန်ထမ်းတွေက ဘူတာ
ပတ်ဝန်းကျင်မှာ ရေနံဆီမီးအိမ်လေးတွေ လိုက်ထွန်းနေတယ်။

ဦးဒီပါကတော့ တွဲထဲမှာ မှောင်လာလို့ ဖယောင်းတိုင်ရှေ့
လိုက်ထွန်းနေတယ်။

တွဲတစ်ခုလုံး လင်းထိန် နေချိန်မှာ သူတို့သုံးယောက် ညစာ
စားကြတယ်။ ညစာ စားပြီး ခဏကြာတော့ အိပ်ဝက်ဖို့ပြင်ကြတယ်

ဒီအချိန်မှာပဲ တွဲပေါ်ကို လူမိုက်ဆန်ဆန် လူသုံးယောက်
တက်လာပြီးလူတစ်ဦးက မမိုးညို့နဲ့ကို မျက်လုံးစွေကြည့်ပြီး

"ဟင်...တွဲပေါ်မှာ ဘယ်သူ့မှ မရှိပါလား။ ဒါဆိုရင်တော့
ခုကွဲပဲ။ ညဘက်လာပြီးလူဆိုးတွေ လုယက်ရင်တော့အားလုံးကုန်
သေရမှာဘဲ။ ဒါပေမဲ့မပူပါနဲ့ ခင်ဗျားတို့က ကျုပ်တို့တာဝန်ယူမယ်
ကျုပ်တို့ကိုအရက်ဘိုး၊ ထမင်းဘိုးသာပေးလိုက်"

လို့ဆိုလိုက်တယ်။

တကယ်တော့ လူမိုက်ဆန်ဆန် လူတွေဟာ တွဲပေါ်တက်
ပြီး မိုက်ကြေးခွဲခြင်းသာဖြစ်တယ်။





ခရီးသည်တွေဟာ လက်နက်ကိုင်လူမိုက်တွေကိုတောအက
မတက်ရဲတာမို့ မိုက်ကြေးခွဲတာကို ငြိမ်ခံနေရတယ်။

ဒီအချိန်မှာပဲ ဒေါ်သူဇာက ပြောင်းဖူးဖက် ဆေးလိပ်ကို
မီးခိုးတောင်းတောင်းထအောင် ဖွာရှိုက်လိုက်ပြီး

"ဒီမှာ... ငါတို့ဘယ်သူ့အကူအညီမှမလိုဘူး၊ နင်တို့ ဘာ
ကောင်တွေလဲ ဆိုတာ ငါသိတယ်။ တကယ်တော့ ညဘက်လာ
ပြီးလုယက်မဲ့လူတွေဟာ နင်တို့ပဲမဟုတ်လားခွေးသူခိုးတွေ"

လို့ဆိုလိုက်တော့ လူမိုက်၃ ယောက်ဟာ ဒေါ်သူဇာဆိုတဲ့
မိန်းမကြီးကို ဒေါသတကြီး ကြည့်လိုက်ပြီး တစ်ဦးက

"အဘွားကြီး အသက်ကြီးမှ ရမ္မက်ကြီးနေတာလား။ ငရဲ
ပြည်ကိုအလည်သွားချင်လို့လား"

လို့ငေါက်လိုက်တော့ ဒေါ်သူဇာက လူမိုက်တွေကို မထီ
လေးစားကြည့်လိုက်ပြီး

"ဒီမှာ... နင်တို့ လူမိုက်လားသူတောင်းစားလား...စားစရာ
မရှိရင် ထမင်းဘိုးဟင်းဘိုးလေး သနားပါလို့တောင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုလိုက်တော့ လူမိုက်တစ်ဦးဟာ စိတ်မထိန်းနိုင်ဘဲ ဒေါ်သူဇာကို

"သေနာမကြီး"

လို့ဆဲဆိုပြီးရိုက်နှက်ဖို့ရှေ့တိုးလာတယ်။

ဒီအချိန်မှာပဲ ဦးဒီပါဟာ ရှေ့တိုးလာတဲ့ လူမိုက်ရဲ့ရင်ဝကို ဆောင့်ကန်လိုက်တယ်။

လူမိုက်ဟာ ခြေကန်ချက်မိပြီးရထားပေါ်က အလိမ့်ခေါက် ကွေး ကျသွားတယ်။

ကျန်လူမိုက်တွေဟာ မမျှော်လင့်တဲ့တုံ့ပြန်မှုကြောင့်အော် ဟစ်ဆဲဆိုပြီးဦးဒီပါကို ဓားနဲ့ခုတ်ဖို့ ရှေ့တိုးလာတယ်။ မိုးညိုဟာ ဓားကိုင်လူမိုက်ရဲ့ခြေထောက်ကို ခြေနဲ့ ထိုးခံလိုက်တာ လူမိုက်ဟာ ဦးဒီပါရဲ့ ရှေ့ကို ဝမ်းလျားမှောက်ပြီးကျသွားတယ်။ ဒေါ်သူဇာက လူမိုက်ကိုကြည့်ပြီး

"ဒီကောင့်ကိုပါးဆယ်ချက်လောက်ရိုက်လိုက်စမ်း"

လို့အမိန့်ပေးလိုက်တယ်။





ဦးဒီပါဟာ မိန်းမကြီး အမိန့်ပေးတဲ့အတိုင်း လူမိုက်ကိုပါး ဆယ်ချက်လောက်ရိုက်လိုက်တယ်။

ကျန်လူမိုက်ဟာ မြင်ကွင်းကို မယုံနိုင်အောင်ဖြစ်ပြီးဦးဒီပါ ကိုအသံနက်ကြီးနဲ့အော်ပြီးဓားနဲ့ ပြေးခုတ်တယ်။

ဦးဒီပါက လူမိုက်ရဲ့ဓားကို အသာ့တကြည်ရှောင်တိမ်း လိုက်ပြီး လူမိုက်ရဲ့လက်ကို ချုပ်ကိုင်လိုက်တော့ လူမိုက်ဟာ နာ ကျင်လွန်းလို့ အော်ဟစ်ပြီး

"ကြောက်ပါပြီ မလုပ်ပါနဲ့"

လို့တောင်းပန်တယ်။

ဦးဒီပါက လူမိုက်ကို ရထားပေါ်က ဆောင့်တွန်းလိုက်ပြီး

"မလိမ္မာ တစ်ခါမိုက်ဆိုပြီးလွှတ်ပေးလိုက်တယ်၊ နောက် မိုက်ကြေးခွဲချင်ရင် ကိုယ်မိုက်ကြေးခွဲမဲ့လူ ဘယ်သူဆိုတာ သိအောင် အရင်လုပ်"

လို့ပြောလိုက်တယ်။

လူမိုက်တွေဟာ ထင်ကြေးနဲ့ မကိုက် လို့တွဲနဲ့ဝေးရာကို



www.burmeseclassic.com

အထိတ်တလန့်ပြေးထွက်သွားတယ်။

နောက်တစ်နေ့မှာ ရထားစက်ပြန်ကောင်းလို့ ပေါင်ဘူတာကနေ ခရီးဆက်ခဲ့တယ်။ နောက်တော့ သူတို့ဟာ သံလွင်မြစ်ကို ဖြတ်ပြီး မော်လမြိုင်ဘက်ကို ရောက်မှ ရထားဆက်စီးကြတယ်။

ဒီလိုနဲ့ ရထားဟာ သံဖြူဇရပ်ကို ရောက်တော့ ရထားပေါ်က ဆင်းပြီး ဘူတာအနီးက ထမင်းဆိုင်မှာ ထမင်းစားကြတယ်။

ထမင်းဆိုင်ရှင် လူကြီးဟာ ဒေါ်သူဇာကို ဆိုင်အပေါ်ထပ်ကို ခေါ်သွားတယ်။ ခဏကြာတော့ ဒေါ်သူဇာဟာ အိမ်ပေါ်ထပ်က ခေါသတကြီး ဆင်းလာပြီးတောက် တစ်ချက်ခေါက်လိုက်တယ် ပြီးတော့

"ဒီပွဲမှာ ဒင်းတို့နဲ့ ငါတစ်ယောက်ယောက် မရှိမှ အေးမယ်" လို့ကြုံးဝါးနေတယ်။

မိန်းမကြီးမှာ ရန်ငြိုးရန်စ တစ်ခုခု ရှိမှာ သေချာတယ်။

နောက်တော့ သူတို့ဟာ ဆိုင်ရှင်လူကြီး ပြင်ဆင်ပေးတဲ့ ထမင်းကို စားဖို့ပြင်တယ်။





ထမင်းစားကာနီးမှာ ဆိုင်အနောက်ဘက်အိမ်တစ်အိမ်က မီးရှို့မီးလို့ အော်တဲ့အသံကြားရလို့ သူတို့အားလုံး မီးလောင်တဲ့နေရာကို စိတ်ဝင်စားပြီး ဆိုင်ပြင်ကို ထွက်ကြည့်တယ်။

ခဏကြာတော့ မီးငြိမ်းသွားလို့ မမိုးညိုက ဆိုင်ထဲကို ဦးစွာဝင်လာတယ်။

ဒီအခါမှာ ပြင်ဆင်ထားတဲ့ ဟင်းပွဲတွေကို မိန်းမတစ်ဦးက ငရုတ်ကောင်းမှုန့်ဖြစ်ဟန်တူတဲ့ အမှုန့်တွေ ဖြန်းနေတာ တွေ့ရတယ်။

မမိုးညိုတို့ ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်တော့ ဆိုင်ရှင်လူကြီးက

"အားရပါးရ စားပေတော့ဗျာ။ ဒီနေ့ ငါးရံ့အူရလို့ အချဉ်လေး ချက်ထားတယ်။ ကြက်သားကို အုန်းနို့နဲ့ ဆီပြန်ချက်ထားတယ်၊ တို့စရာလဲ စုံတယ်ဗျို့"

လို့ဆိုလိုက်တော့ ဒေါ်သူဇာက

"ရှင် လက်ရာကတော့ စုံပါ့ရှင်၊ ဒါနဲ့ ထမင်းဟင်းတွေကို ရှင်တို့လင်မယားပဲ ချက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



လို့မေးမြန်းလိုက်တော့ဆိုင်ရှင်လူကြီးက

"ဟင်းချက်တာရောစားပွဲထိုးပန်းကန်ဆေးရောကျုပ်တို့လင်မယားပဲလုပ်ပါတယ်ဗျာ၊တစ်ဆိုင်လုံးကျုပ်တို့လက်ရာတွေပါပဲ"

လို့ဆိုလိုက်တယ်။

ဒီအခါမှာ ဦးဒီပါက ပန်းကန်ထဲက ကြက်သားတုံး တစ်တုံးကိုခပ်ပြီးဝိုက်ဆာပြီဗျို့ကျုပ်တော့စားတော့မယ်"

လို့ပြောလိုက်တယ်။ ဒီအချိန်မှာပဲ မမိုးညိုဟာ တစ်စုံတစ်ရာကိုတွေးမိပြီးဦးဒီပါရဲ့လက်ထဲက ကြက်သားတုံးကိုပုတ်ချရင်း

"မစားနဲ့"

လို့အော်ဟစ်လိုက်တယ်။

ဦးဒီပါဟာ သူ့လက်ထဲက ကြက်သားတုံးကို ပုတ်ထုတ်လိုက်တော့မမိုးညိုကိုဒေါသတကြီးကြည့်ပြီး

"ဟဲ့..မိုးညို နင်ဘာလုပ်တာလဲ"

လို့မေးမြန်းလိုက်တယ်။

ဒီအခါမှာဦးဒီပါလက်ထဲကလွတ်ထွက်သွားတဲ့ကြက်သား





တုံးကြီးကို ကိုက်ရှိပြေးတဲ့ ကြောင်နက်ကြီးဟာ အော်ပြီးတွန့်လိမ်နေရာက ခဏကြာတော့ငြိမ်သက်သွားတယ်။ ဒီတော့မှဦးဒီပါဟာကြက်သားဟင်းထဲမှာအဆိပ်ခတ်ထားတာကိုရိပ်စားမိပြီး

"ဟာ..ကျုပ်တို့စားတဲ့ဟင်းထဲမှာအဆိပ်ခတ်ထားတယ်"

လို့အထိတ်တလန့်အော်ဟစ်လိုက်ရင်း ဆိုင်ရှင်လူကြီးလင်မယားဘက်ကိုလှည့်ပြီး

"ခင်ဗျားတို့လက်ချက်လား"

လို့မေးမြန်းလိုက်တယ်။

ထမင်းဆိုင်ရှင်လူကြီးက ကမန်းကတန်းလက်ကာပြီး

"အမလေး...ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ၊ ကျုပ်တို့လက်ချက်မဟုတ်ပါဘူး၊ကျုပ်တို့ ဆိုင်ထဲကို ဘယ်သူဝင်ပြီးအဆိပ်ခတ်ထားတာလဲ"

လို့ရေရွတ်လိုက်တယ်။

ဒီအချိန်မှာပဲမမိုးညိုကဝင်ပြီး

"ဆိုင်ရှင်ကြီးတွေရဲ့လက်ချက်မဟုတ်ပါဘူး၊ တောသားက



www.burmeseclassic.com

www.burmeseclassic.com



အိမ်မီးလောင်နေတာ ကျွန်မတို့ထွက်ကြည့်ပြီးပြန်ဝင်လာတော့ ဆိုင်ထဲကို မိန်းမတစ်ယောက် ငင်ပြီးကျွန်မတို့စားမဲ့ အစားအစာတွေမှာငရုတ်ကောင်းလိုအမှုန့်တွေဖြူးနေတာ တွေ့ရတယ်။ နောက်တော့ ဆိုင်ရှင်လူကြီး ပြောတဲ့စကားအရ သူတို့ လင်မယားဆီမှာ လူ့ခွဲမရှိတာ သိရလို့စားစရာတွေအပေါ်ကို ငရုတ်ကောင်းလို အမှုန့်တွေဖြူးချနေတဲ့မိန်းမကိုမသင်္ကာဖြစ်သွားတယ်၊ ဒါကြောင့်ဦးလေးလက်ထဲကကြက်သားတုံးကိုပုတ်ချလိုက်တာပဲ”

လို့ပြောတယ်။

မမိုးညိုရဲ့စကားအဆုံးမှာ ဒေါ်သူဇာက တောက်ခေါက်ပြီး

“ငါတို့ကို အတိအလင်း လုပ်ကြံနေပြီပေါ့၊ တွေ့ကြသေးတာပေါ့”

လို့ကြုံးဝါးလိုက်တယ်။

ဦးဒီပါက မမိုးညိုရဲ့ ပခုံးကို ပုတ်ပြီး

“နင်ဇတ်တယ်၊ နင်အကင်းပါးလို့ငါတို့အသက်ရှင်ရတာပဲ”

လို့ပြောတယ်။





နောက်တော့ မမိုးညိုတို့ဟာ ထမင်းဟင်း အသစ်တွေကို ပြင်ဆင်စားသောက်ပြီး ရေနွေးကြမ်း၊ ထန်းလျက်တို့နဲ့ အချိုတည်းနေတုန်း ဆိုင်ရှေ့ကို နွားဖြူကြီးနှစ်ကောင်ဆွဲတဲ့ နွားလှည်းတစ်စီး ဆိုက်ရပ်လာတယ်။

နွားလှည်းအိမ်ကို ပန်းကနုတ်ဂွေ့နဲ့ ဆင်ယင်ထားပြီး လှည်းပေါ်မှာ အနီရောင်ကော်ဇောခင်းထားတာတွေ့ရတယ်။ မိန်းမကြီးက လှပတဲ့နွားလှည်းကိုကြည့်ပြီး

“လှည်းရောက်လာပြီဟေ့..ငါတို့သွားကြမယ်”

လို့ပြောတယ်။

ဦးဒီပါက မမိုးညို ပခုံးကို ပုတ်ပြီး

“ငါတို့ ခရီးဆုံးတော့မယ်”

လို့ပြောပြီးမမိုးညိုကိုလှည်းပေါ်တက်ခိုင်းတယ်။

ဒီလိုနဲ့ မမိုးညို တို့ဟာ လှည်းလမ်းအတိုင်း နေ့တစ်ဝက်လောက် ခရီးဆက်ပြီးတော့ ကုန်းမြင့်ကြီး တစ်ခုပေါ်မှာ သစ်လုံးတွေနဲ့ ကာရံထားတဲ့ ကျွန်းအိမ်မည်းကြီး တစ်လုံးကိုတွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာက မမိုးညိုကိုကြည့်ပြီးမျက်နှာတည်တည်နဲ့

"ငါတို့ ခရီးလမ်းဆုံးပြီ၊ဒီအိမ်ကြီးမှာ နေရမယ်"

လို့ပြောတယ်။

ကျွန်းအိမ်မည်းကြီးကို ကာရံထားတဲ့ သစ်လုံးတံခါးကြီး ပွင့်သွားတဲ့အခါ ခြံဝန်းအတွင်းမှာ လူတစ်စုက ကြိုတင်စောင့်နေ တာတွေ့ရတယ်။

ဒေါ်သူဇာက ကြိုတင်စောင့်ကြိုနေတဲ့ လူစုကို လက်ခေ ယမ်းပြပြီးဦးဒီပါရဲ့ပခုံးကိုပုတ်ကာ

"ဒီကောင့်ကိုငါခွင့်လွှတ်လိုက်ပြီ၊ ငါတို့စည်းလုံးရမဲ့အချိန် ကိုရောက်နေပြီ၊ သူ့အပြစ်ကိုသူပြန်ပေးဆပ်လိမ့်မယ်"

လို့ပြောတယ်။

ဒီအခါမှာ ခြံဝန်းထဲက လူတွေဟာ ဦးဒီပါဆီကိုရောက်လာ ပြီးတာရင်းတနီးနှုတ်ဆက်ကြတယ်။

မမိုးညိုဟာ ဦးဒီပါနဲ့ ခြံဝန်းထဲက လူတွေရဲ့ဆက်စပ်မှုကို နားမလည်နိုင်ဟန်နဲ့တွေးတောနေမိတယ်။





တောဆန်ဆန် မိန်းမကြီးဟာ ဒီလူတွေရဲ့ဦးစီးဦးဆောင် ဖြစ်ပုံရတယ်။ ဦးဒီပါနဲ့ ဒေါ်သူဇာ ဘယ်လိုပတ်သက်သလဲဆိုတာ တွေးတောနေမိတယ်။

နောက်တော့ ဒေါ်သူဇာဟာ ကျွန်းအိမ်မည်းကြီးထဲ ဦး ဆောင်ဝင်သွားတယ်။ အိမ်ကြီးရဲ့ဧည့်ခန်းထဲမှာ ရှေးဟောင်းပစ္စည်း အမျိုးမျိုးနဲ့၊ မှန်ဘီရိုကြီးထဲမှာထည့်ထားတဲ့ ပေစာ၊ ပုရပိုဒ်စာတွေကို မြင်ရတယ်။

အိမ်ကြီးရဲ့နံရံမှာလဲ ဓားလှံလက်နက်အမျိုးမျိုးကို ချိတ်ဆွဲ ထားတယ်။ မမိုးညိုဟာ ဦးဒီပါတို့ကို ရှေးက မင်းမျိုးမင်းနွယ်တွေနဲ့ ပတ်သက်နေမလားလို့တွေးမိတယ်။

မမိုးညို အနစ်သက်ဆုံးကတော့ ဧည့်ခန်းထဲက အညို ရောင် စနူယာကြီးပါပဲ။

ဒေါ်သူဇာက မမိုးညိုရဲ့ပခုံးကိုပုတ်ပြီး

"နင်ငါတို့အိမ်မှာ အေးအေးချမ်းချမ်းနေပါ၊ နင့်ကိုခေါ်လာ တာ အငြိမ့်ထောင်အိမ်မှာလို လူတကာ ခိုင်းဖို့မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တယ်။

မမိုးညိုက ခေါင်းခါယမ်းပြီး

"မဟုတ်တာပဲအဒေါ်ရယ်၊ မိုးညိုကအငြိမ့်ထောင်အိမ်မှာ လဲအလုပ်နဲ့လက်မပြတ်အောင် လုပ်လာခဲ့တာပဲ"

လို့ပြောတယ်။ ဒေါ်သူဇာက

လက်ကာပြပြီး

"ညည်း ငါ့စကားကို နားထောင်စမ်းပါ၊ အငြိမ့်ထောင် အိမ်မှာ ညည်းနေရတာ ငါမကြည့်ရက်လွန်းလို့ ဒီပါကို ပြောပြီး ခေါ်လာခိုင်းခဲ့တာ"

လို့ပြောတယ်။ မမိုးညိုဟာ ဒီတော့မှ သူ့ကို အိမ်ကြီးကို ခေါ်လာတာ ဒေါ်သူဇာရဲ့အစီအစဉ်ဆိုတာ ရိပ်စားမိတယ်။

မိန်းမကြီးက အနီးမှာ ရှိနေတဲ့ အစေခံ မိန်းကလေးကို လက်ယပ်ခေါ်ပြီး

"သူ့ကိုအခန်းလွတ် တစ်ခန်းမှာနေရာချပေးလိုက်"

လို့ပြောတယ်။





မမိုးညိုဟာအစေခံမိန်းကလေးအနောက်ကိုလိုက်သွားတော့ အိမ်ကြီးရဲ့ အောက်ထပ်အခန်းတစ်ခန်းမှာ သူ့ကိုနေရာချပေးတယ်။

မမိုးညိုဟာ သူနေရတဲ့ အခန်းကို ကြည့်လိုက်တော့ သန့်ပြန့်တဲ့ မွေ့ယာခုတင်နဲ့ ဗီရိုတစ်လုံးကိုတွေ့ရတယ်။

မမိုးညိုဟာ သူ့ဘဝရဲ့ပြောင်းလဲမှု ဘာတွေလာဦးမလဲလို့ တွေးပြီးရင်ခုန်နှုန်းမြန်နေတယ်။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com

ညမှောင်ရိပ်သန်းလာလို့ မမိုးညိုဗိုက်ထဲမှာ ဆာလောင်စပြုလာချိန်မှာ တံခါးခေါက်သံကြားရတယ်။

တံခါးဖွင့်ကြည့်လိုက်တော့ ညစာလင်ပန်းကိုကိုင်ထားတဲ့ မိန်းကလေးတစ်ယောက်ကိုတွေ့ရတယ်။

မမိုးညိုဟာ ညစာလင်ပန်းကို ယူပြီးကြည့်လိုက်တော့ ဆိတ်သားရေခမ်းချဉ်သီးရွက်နဲ့ ဘူးသီးဟင်းခါး၊ ငါးပိရည် တို့စရာတွေကိုတွေ့ရတယ်။

မမိုးညိုဟာ ဆာဆာနဲ့ ညစာထမင်းဟင်းတွေကိုမြိန်ရည်





ရှက်ရည် စားသောက်လိုက်တယ်။

ညစာစားပြီးခြံထဲကိုကြည့်လိုက်တော့ မီးပုံကြီး ဖိုပြီးအရက်သောက်နေဟန်တူတဲ့လူစုကိုတွေ့ရတယ်။

မမိုးညိုဟာ အရက်သောက်နေသူတွေကိုကြည့်ပြီး သူတို့ဟာ လူဆိုးဓားပြတွေများလားလို့ တွေးမိတယ်။

ဒါပေမဲ့ခြံထဲက လူတွေရဲ့အမူအယာကိုကြည့်ရတာ ရိုင်းပြတဲ့လူဆိုးဓားပြတွေနဲ့ မတူဘူးလို့လဲ တွေးမိတယ်။

မမိုးညိုဟာ ညဉ့်နက်လာတော့ မျက်လုံးတွေမှေးစင်းလာပြီး အိပ်ယာဝင်ခဲ့တယ်။

အိပ်ယာထဲမှာ ဘဝရှေ့ရေးကို တွေးပြီးတော်တော်နဲ့ အိပ်မပျော်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မမိုးညို နောက်တစ်နေ့နံနက် အိပ်ယာနိုးတော့ စိတ်ညှို့ ကျွင့်စဉ်တွေနဲ့ အကြောကိုင် လေကျင့်ခန်းတွေကို ကျင့်ကြံနေလိုက် ဟယ်။ ခဏကြာတော့ အိမ်စေမိန်းကလေးတွာ နံနက်စာ ဆီထမင်းနဲ့ ငါးခြောက်ကြော်ကိုလာပို့ပေးတယ်။

မမိုးညိုဟာ ဦးဒီပါနဲ့ ဒေါ်သုဇာကိုမတွေ့ရဘဲ အခန်းအောင်းပြီးနေရလို့ ပျင်းရိငြီးငွေ့လာတယ်။ ဒါကြောင့် အခန်းထဲက ထွက်ပြီး အိမ်ကြီးရဲ့အနောက်ဘက်ကို ထွက်ခဲ့တယ်။

အနောက်ဘက်ခြံဝန်းဘက်မှာ ခြံတံခါး ပွင့်နေတာနဲ့ အခွင့် စွန့်ပြီး ခြံပြင်ထွက်လိုက်တော့ တသွင်သွင် စီးနေတဲ့ စမ်းချောင်းလေး





ကိုတွေ့တယ်။

မမိုးညိုဟာ စမ်းချောင်းလေးကိုမြင်တော့ စိတ်ထဲမှာ ကြည်လင်သွားပြီး ဆက်လက် လျှောက်လှမ်းလာတယ်။

တစ်နေရာကို ရောက်တော့ စမ်းချောင်းအနီးက မြက်ခင်းပေါ်မှာ ထိုင်နေတဲ့ မိန်းမပျိုတစ်ယောက်ကို တွေ့ရတယ်။

မိန်းမပျိုဟာ အသားအရေ ကြည်လင်ဝင်းပပြီး ချောမော လှပတဲ့ ရုပ်လက္ခဏာရှိတယ်။

မိန်းမပျိုဟာ ထိုင်နေရာက မမိုးညိုကို ငဲ့စောင်းကြည့်ပြီး

"နင်က ဒီအိမ်ကြီးရဲ့ ဧည့်သည်မဟုတ်လားလို့"

မေးလိုက်တော့ မမိုးညိုက ခေါင်းညိတ်ပြလိုက်တယ်။

မိန်းမပျိုက မြက်ခင်းပေါ်က ထထိုင်လိုက်ပြီး

"နင်က ငါ့အမေရဲ့ အသက်ကို ကယ်လိုက်တယ် ဆိုတော့ ငါတို့သားအမိရဲ့ ကျေးဇူးရှင်ပေါ့"

လို့ ဆိုလိုက်တော့ မမိုးညိုဟာ မိန်းမပျိုကို တောဆန်ဆန် မိန်းမကြီးရဲ့ သမီးမှန်း သိလိုက်တယ်။ မိန်းမပျိုနဲ့ တောဆန်ဆန် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ရုပ်ရည်ဟာအံ့သြလောက်အောင်ကွာခြားလှတယ်။

မိန်းမပျိုကမိုးညိုကိုနှစ်လိုဖွယ်ပြုံးပြလိုက်ပြီး

"ငါ့နံမည် ကလျာလို့ခေါ်တယ်၊နင့်နံမည် ဘယ်လို ခေါ်သလဲ"

လို့မေးတယ်။

မိုးညိုကလည်းကိုယ့်နံမည်ကိုမိတ်ဆက်လိုက်တယ်။

ကလျာကမိုးညိုရဲ့အမည်ကိုခေါ်ကြည့်ပြီး

"မိုးညို..မိုးညို သိပ်လှတဲ့နံမည်လေးပဲ၊နင်ဟာနံမည်လှသလိုလှလဲလှတယ်၊ဒါကြောင့်ငါ့အမေက နင့်ကိုအတော်လှတယ်လို့ချီးမွမ်းနေတာကိုး"

လို့ပြောပြီးကလျာက မိုးညိုရဲ့လက်ကိုကိုင်လိုက်ပြီး

"ငါတို့ စမ်းချောင်းထိပ်ကို လျှောက်ရအောင် တောစပ်မှာသစ်ခွပန်းတွေရှိတယ်"

လို့ပြောတယ်။

မိုးညိုဟာ မိန်းကလေး ပီပီသစ်ခွပန်းတွေ မြင်ချင်လို့ကလျာခေါ်ရာကိုလိုက်သွားတယ်။

စမ်းချောင်းလေးအဆုံးက တောစပ်မှာ ကလျာပြောသလိုအပင်ကြီးတွေကိုကပ်ပြီးပွင့်နေတဲ့သစ်ခွပန်းတွေကိုမြင်ရတယ်။

မိုးညိုဟာအပင် အောက်ပိုင်းမှာ တွယ်ကပ်ပြီးပေါက်နေတဲ့ခရမ်းရောင်သစ်ခွပန်းတွေကိုမြင်ရတယ်။မိုးညိုဟာ သစ်ပင်ကြီးအနီးကိုကပ်ပြီးလှတစ်ရုပ်သာသာမှာ ပေါက်နေတဲ့သစ်ခွပန်းကိုခူးဖို့ကြံလိုက်တယ်။

ဒီအချိန်မှာပင် မိုးညိုအတွက် ကြောက်မက်ဖွယ် အန္တရာယ်နဲ့ ထိပ်တိုက်တွေ့ရတယ်။ သစ်ကိုင်းကို ပတ်ထားတဲ့ မြွေဟောက်ကြီး တစ်ကောင်ဟာ မိုးညိုကို ရန်ပြုဖို့ ပါးပြင်းထောင်လိုက်တယ်။

မိုးညိုဟာ မြွေဟောက်ကြီးကိုအထိတ်တလန့်ဖြစ်နေပြီးရုတ်တရက် ဘာလုပ်ရမှန်းမသိဘူး။

နောက်ဆုတ်ပြေးဖို့လဲမဖြစ်နိုင်တော့ဘူး။လှုပ်လဲမလှုပ်ဘူး၊ ကလျာကိုယ်တိုင်လဲ မိုးညိုကို အကူအညီပေးနိုင်စွမ်း

www.burmeseclassic.com



မရှိတဲ့ငယ်သံပါအောင် အော်ဟစ်နေတယ်။

နောက်ဆုံးမှာ မမိုးညိုဟာ သူတတ်ကျွမ်းတဲ့စိတ်ညှို့ပညာကို အသုံးချဖို့ ဆုံးဖြတ်လိုက်ပြီး မြွေရဲ့မျက်လုံးအစုံကို စူးစိုက်ကြည့်တာ

"ငါ့ကို အန္တရာယ်မပေးရဘူး။ ငါဟာ မင်းရဲ့ရန်သူမဟုတ်ဘူး"

လို့ စိတ်ထဲက အမိန့်ပေးနေတယ်။

ခဏကြာတော့ မြွေဟောက်ဟာ မမိုးညိုကို ပါးပြင်းထောင်ပြီး မာန်ဖီနေရာက တဖြည်းဖြည်းငုတ်လျှိုးသွားပြီး နောက်ကြောင်းပြန်လှည့်သွားတယ်။

ဒီတော့မှ ကလျာက အထိတ်တလန့်နဲ့

"အမလေး...တော်ပါသေးရဲ့ဗျာ၊ မြွေဟောက်က ထူးထူးဆန်းဆန်း၊ အန္တရာယ်မပြုဘဲ နောက်ကြောင်းပြန်လှည့်သွားတယ်။ ငါက နင့်ကို မြွေပေါက်ပြီထင်နေတာ"

လို့ အလန့်တကြား ပြောတယ်။ မမိုးဖွေဟာ သူတတ်ကျွမ်းတဲ့ စိတ်ညှို့ပညာက သူ့ကို ကယ်တင်သွားတာ သတိပြုမိလိုက်တယ်။





ဒါကြောင့် စိတ်ညှို့ပညာ သင်ပေးတဲ့ မြနှင်းဆီကို စိတ်ထဲက ကြိတ်ပြီး ကျေးဇူးတင်နေမိတယ်။ သူတို့နှစ်ယောက်ဟာ တောစပ်မှာ အနေဝံ့တော့ဘဲ ကျွန်းအိမ်မည်းကြီး ရှိရာအရပ်ကို နောက်ကြောင်း ပြန်လှည့်ခဲ့တယ်။

အပြန်လမ်းမှာ ကလျာက မမိုးညိုကို ငဲ့စောင်းကြည့်ပြီး

"နင် ဒီအိမ်ကြီးမှာ အမြဲနေနိုင်ရင် ကောင်းမယ်"

လို့ဆိုလိုက်တော့ မမိုးညိုက သက်ပြင်းချပြီး

"လောကမှာ လူတွေအားလုံးက တွေ့ဆုံကြဲ့ကွဲ တွေ့ချည်းပါပဲဟယ်"

လို့ဆိုလိုက်တော့ ကလျာက သဘောကျဟန်နဲ့

"ငါတို့ အတူတူနေရတော့မယ် ဆိုရင် ဝမ်းသာစရာပဲ"

လို့ပြောတယ်။

မမိုးညိုတို့ အိမ်ပြန်ရောက်တော့ ခြံဝန်းထဲက ထိုင်ခုံမှာ လက်ဖက်သုပ် ထိုင်စားနေတဲ့ ဦးဒီပါနဲ့ ဒေါ်သူဇာကို တွေ့ရတယ်။

ဒေါ်သူဇာက မမိုးညိုနဲ့ ကလျာတို့ အတူယှဉ်တွဲပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တာကိုကြည့်ပြီး

"ကြော်…နှင်တို့နှစ်ယောက်က ရင်းနှီးနေပြီပေါ့၊ ကောင်းတယ်၊ လေကုန်ခံပြီးမိတ်ဆက်ပေးစရာမလိုတော့ဘူးပေါ့၊ ကလျာ-ငါ့သမီး မမိုးညိုနဲ့ ချစ်ချစ်ခင်ခင်နေရမယ်နော်"

လို့မှာကြားလိုက်တော့ ကလျာက ခေါင်းညိတ်ပြီး

"မိုးညိုက ခင်မင်ဖို့ကောင်းပါတယ်၊ ကလျာတော့ မြင်မြင်ချင်း မိုးညိုကို ခင်သွားပြီ"

လို့ပြောတယ်။

မိုးညိုဟာ ခြံကြီးထဲမှာ အခန့်သား မနေတတ်တဲ့ အတွက် ဦးဒီပါအနီးသွားပြီး

"မိုးညို ခြံထဲမှာ အလုပ်တွေ ဝိုင်းကူလုပ်ချင်တယ်"

လို့ဆိုလိုက်တော့ ဦးဒီပက ခေါင်းခါယမ်းပြီး

"နှင် တစ်သက်လုံး ပင်ပန်းဆင်းရဲလာတာပါ၊ ခဏတော့ အနားနေလိုက်ဦး၊ အလုပ်လုပ်ဖို့ ငါခွင့်ပြုရင်တောင် အစ်မကြီးက ခွင့်ပြုမှာ မဟုတ်ဘူး"





လို့ပြောတယ်။

ဒီလိုနဲ့ မမိုးညိုဟာ ကျွန်းအိမ်မည်းကြီးမှာ အလုပ်လက်မဲ့ အဝန့်ပျင်းရိငြီးငွေ့စွာ နေထိုင်လာရတယ်။

ညကိုရောက်တော့ ခြံဝန်းထဲက စောင်းတီးသံကြားရလို့ ဆင်းကြည့်လိုက်တော့ ခြံထဲက သစ်ပင်အောက်မှာ စောင်းတီးနေတဲ့ ကလျာကိုတွေ့ရတယ်။

ကလျာက လေသံတိုးတိုးနဲ့

"မိုးညို အိပ်နေပြီထင်တာ၊ အိပ်လို့မပျော်ဘူးလား"

လို့မေးလိုက်တော့ မမိုးညိုက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ မိုးညို အိပ်လို့မပျော်ဘူး၊ ပတ်ဝန်းကျင် အသစ်ကို ရောက်နေတာလဲ ပါတာပေါ့၊ နောက်ပြီးအရာရာဟာ မိုးညိုအတွက် ပဟေဠိတွေဖြစ်နေတယ်"

လို့ပြောတယ်။

ဒီအခါမှာ ကလျာက

"ငါတို့မိသားစုက လူတွေနဲ့ဝေးတဲ့အရပ်မှာ သစ်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကာရံထားတဲ့ခြံဝန်းထဲမှာနေတယ်၊ခြံထဲမှာလဲလက်နက်ကိုင်လူတွေရှိနေတယ်၊ ငါတို့ လူစုကို လူဆိုးဓားပြတွေလို့ နင်သံသယဖြစ်နေပြီ မဟုတ်လား"

လို့မေးလိုက်တော့မမိုးညိုက သက်ပြင်းချပြီး

"လူဆိုးဓားပြတွေလို့မထင်ပေမဲ့ထူးဆန်းတဲ့မိသားစုတစ်စုလို့ထင်မိတယ်"

လို့ပြောတယ်။

ကလျာက မမိုးညိုမျက်နှာကိုလရောင်နဲ့ကြည့်လိုက်ရင်း

"ဒီအကြောင်းတွေကိုအချိန်တန်ရင်ငါ့အမေပြောမှာပေါ့"

လို့ပြောတယ်။မမိုးညိုက ခေါင်းညိတ်ပြီး

"သိပါတယ်၊ဒါပေမဲ့ ငါ့ရင်ထဲမှာတော့ သိချင်စိတ်တွေမြင့်မြနေတယ်"

လို့ပြောတယ်။ကလျာက မမိုးညိုရဲ့မျက်နှာကိုကြည့်ပြီး

"နင်နဲ့ငါ အကျင့်ချင်းတူတယ်၊ သိချင်တာ တစ်ခုရှိရင် ချက်ချင်း သိလိုက်ရမှကျေနပ်တယ်၊နင်ဒီလောက်သိချင်ရင်ငါပြော





ပြရမှာပေါ့"

လို့ဆိုလိုက်တော့မမိုးညိုဟာထူးဆန်းတဲ့လူစုရဲ့အကြောင်းကို သိရတော့မယ်ဆိုပြီးအလွန်စိတ်လှုပ်ရှားသွားတယ်။

ကလျာက အဝေးဆီသို့ငေးကြည့်လိုက်ရင်း

"တကယ်တော့ ငါ့အဖေဟာအရှင်နှစ်ပါး ပါတော်မူပြီးတဲ့နောက်မှာ သူ့ကျွန်မခံချင်လို့နယ်ချဲ့ကိုကိုယ့်နည်းကိုယ့်ဟန်နဲ့တော်လှန်နေတဲ့ တော်လှန်ရေးခေါင်းဆောင် တစ်ယောက်ပါ၊ အဖေဟာ နန်းသိုစော်ဘွား ဦးအောင်မြတ်၊ဗိုလ်မြတ်ထွန်း၊ဗိုလ်နက်ကျော်နဲ့ တော်မောက်တာဗိုလ်လရောင်တို့လိုပဲဗိုလ်ရွှေဝ ဆိုတဲ့နံမည်နဲ့ထင်ရှားတဲ့ခေါင်းဆောင်တစ်ယောက်ပါ၊ အဖေတို့ တော်လှန်ရေးတပ်သားတွေဟာ ယင်းမာပင်ဘက်မှာ အင်္ဂလိပ်တပ်ကိုတပ်လုံးပြုတ်အောင် တိုက်ခိုက်ခဲ့လို့အဖေ့ကို ဆုငွေထုတ်ပြီးတောင် ခံခဲ့ရတယ်။ဒီလိုနဲ့ အဖေဟာ ကုလားစစ်ပုလိပ်တွေ တောနင်း ရှာဖွေနေလို့ လက်ဖက်ချောက် ကုန်သည်ဟန်ဆောင်ပြီးအညာဘက်ကို ဆင်းခဲ့တယ် ... နမ်းတဲကို ရောက်တော့ သစ္စာဖောက်တပည့်တစ်ဦးရဲ့သတင်းပေး



www.burmeseclassic.com

ချက်အရ အဖေခေတ္တတည်းခိုနေတဲ့ ဘုန်းကြီးကျောင်းကို ဝင်ရှာ ခဲ့တယ်။ အဖေဟာ ဘုန်းကြီးကျောင်းက အသက်လုပြေးပြီးရွာ တစ်ရွာကို အရောက်မှာ စစ်ပုလိပ်တွေ ရှာထဲရောက်လာပြီး နှိုးကာ လာတယ်။ အဖေရွာထဲကို ရောက်တော့ အသုဘာ တစ်ခုချဖို့ပြင်နေ တယ်။ နောက်ဆုံးမှာ အဖေဟာ အသုဘရှင်ရှိတဲ့နေရာကို သွားပြီး

"ကျုပ်က နယ်ချဲ့တွေကို ဆန့်ကျင့်နေတဲ့ တော်လှန်ရေး သမားတစ်ယောက်ပါ။ ကျုပ်ကိုကူညီနိုင်ရင် ကူညီကြပါ"

လို့ဆိုတော့ အသုဘရှင်က ငါ့အဖေ့ကို အသုဘာချ ပြင်ထားတဲ့ခေါင်းထဲကိုဝင်ခိုင်းတယ်၊ အဖေခေါင်းထဲကိုဝင်ပြီးတာ ကုလားစစ်ပုလိပ်တွေ ရွာထဲရောက်လာပြီးအဖေ့ရုပ်သဏ္ဍာန် ပြောပြရင်း အဖေ့ကို မေးမြန်းကြတယ်။ ဒီအခါမှာ အသုဘရှင် မိသားစုက ကုလားစစ်ပုလိပ်ကိုအဖေ ရွာပြင်ကိုထွက်ပြေးတယ် ပြောလိုက်တယ်။ ကုလားစစ်ပုလိပ်တွေဟာ အသုဘရှင်ရဲ့စကား ကိုမယုံဘဲ တစ်ရွာလုံးကို ဝိုင်းထားပြီးအသုဘရှုလာတဲ့လူတွေ တစ်ယောက်ခြင်းစစ်ခဲ့တယ်၊ နောက်ဆုံးတော့အဖေ့ကို ဘယ်လို





ရှာမတွေ့တော့မှ လက်လျော့သွားကြတယ်။ အဲဒီတုန်းက အသုဘ ရှင်ကတော့ ငါ့အမေ ဒေါ်သူဇာပါ။ သေဆုံးတဲ့သူကတော့ ငါ့အဘိုး ပါ။ ဒီလိုနဲ့ ငါ့အမေနဲ့ငါ့အဖေဟာ ဘဝတည်းထိတ်ရင်ဖိုဖူးစာဆုံခဲ့ကြတယ်"

လို့ပြောပြီးကလျာက သူ့စကားကို ခဏ နားပြီးမမိုးညိုကို ကြည့်တယ်။

မမိုးညို စိတ်ဝင်တစားကြည့်နေမှန်း သိတော့ သူ့စကားကို ဆက်တယ်။

"အမေဟာ အဖေ့လိုပဲ မျိုးချစ်စိတ်ထက်သန်သူဖြစ်တော့ ရှေ့သွားနောက်လိုက် ညီခဲ့ကြတယ်၊ အဘိုးဟာ သိုင်းပညာရှင်ကြီး ဆိုတော့ အမေဟာ သိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက် တယ်။ အမေကိုယ်တိုင် အဖေ့ရဲ့တပည့်တပန်းတွေကို ကူညီသင်ပြ ပေးတယ်၊ ဒါကြောင့် အမေဟာ ယောက်ျားတွေနဲ့ ရင်ပေါင်တန်းနိုင်ခဲ့ တယ်၊ ငါ့အမေဟာ မျိုးချစ်စိတ်ဓာတ် ထက်သန်သူဆိုတော့ အဖေနဲ့ ရှေ့သွားနောက်လိုက်ညီညီနဲ့ နယ်ချဲ့အစိုးရကို တွန်းလှန်ခဲ့ကြတယ်။ အမေတို့လို မျိုးချစ် မြန်မာတွေဟာ နယ်ချဲ့အစိုးရကို မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်မှာ တွန်းလှန်ခဲ့ကြလို့ ဗြိတိသျှ အစိုးရဟာ တော်လှန်ရေး တပ်သားတွေကို ခက်ခက်ခဲခဲ နှိမ်နင်းခဲ့ကြတယ်"

လို့ပြောတယ်။ မမိုးညိုက မျက်မှောင်ကြုတ်ပြီး

"ကလျာတို့မိသားစုနဲ့ ဦးဒီပက ဘယ်လိုပတ်သက်လဲ"

လို့မေးမြန်းလိုက်တယ်။

ကလျာက ခေါင်းညိတ်ပြီး

"ဦးဒီပက အမေ့ရဲ့မောင်အရင်းလေ၊ ဦးဒီပ ငယ်စဉ်တာ အလွန်ဆိုးသွမ်းခဲ့တယ်၊ အဘိုးရဲ့သိုင်းပညာအမွေကိုပေးလို့မရဘဲ ရွာရိုးကိုးပေါက် လျှောက်ပြီး အရက်သောက်ကြက်တိုက်၊ ဖဲရိုက်ပြီး အချိန်ဖြုန်းနေခဲ့တယ်။ အစ်မနဲ့ယောက်ဖက မျိုးချစ်တော်လှန်ရေး သမားဖြစ်ပေမဲ့ ဦးဒီပကတော့ တိုင်းပြည်နဲ့လူမျိုးကိုမချစ်ဘူး၊ ဒါပေမဲ့ အစ်မကို ကြောက်ရတဲ့အတွက် နယ်ချဲ့တော်လှန်ရေးကို အတိ အလင်း မဆန့်ကျင်ဝံ့ဘူး။ တစ်နေ့တော့ အမေတို့အဖွဲ့ဟာ ရှမ်းပြည် ဘက်က ဖြတ်သန်းလာတဲ့ဗြိတိသျှစစ်တပ်ကို ချုံခိုတိုက်ခိုက်လိုက် တာ ဗြိတိသျှတွေ အကျအဆုံးများခဲ့တယ်။ ဒီတိုက်ပွဲမှာ ရှမ်းစော်





ဘွားကြီး တစ်ယောက်ရဲ့ ဟော်နန်းပိုင်ရတနာတွေကို ဗြိတိသျှတွေ ဆီကကိုအမေတို့ပြန်ယူလိုက်နိုင်တယ်။ စော်ဘွားကြီးရဲ့ရတနာတွေ ဟာ အတော်တန်ဖိုးရှိပေမဲ့ အမေတို့ဟာ ကိုယ်ပိုင်မဟုတ်တဲ့အတွက် လောဘမဖြစ်ခဲ့ဘူး။ အခွင့်သာရင် စော်ဘွားကြီး လက်ကိုပြန်အပ်ဖို့ စီစဉ်ထားတယ်။ ဒါပေမဲ့ လောဘအိုးကြီး ဦးဒီပကတော့ စော်ဘွား ကြီးရဲ့ ရတနာတွေကို မြင်တော့ လောဘတွေ ထိမ်းမရနိုင်အောင် ဖြစ်မိတယ်။ ရတနာဆိုတာ ကိုယ်နဲ့ထိုက်လို့ ကိုယ်ရဘာဖြစ် တယ်၊ ဒါကြောင့် ကိုယ့်ဆီကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့ ရတနာ တွေကိုကိုယ်ကျိုးအတွက် သုံးစွဲဖို့ တိုက်တွန်းတယ်။ အမေကဇော့ လောဘဇောကပ်နေတဲ့ဦးဒီပစကားကိုလုံးဝလက်မခံခဲ့ဘူး။ ဒါပေမဲ့ ဦးဒီပကတော့ လောဘမသတ်နိုင်ဘဲ စော်ဘွါးကြီးရဲ့ရတနာ တချို့ တစ်ဝက်ကို နိုးယူပြီးထွက်ပြေးတယ်။ အမေဟာ ဦးဒီပကို ဒေါသ ထိန်းမရနိုင်အောင်ဖြစ်ပြီးတော်လှန်ရေးတပ်သားတွေကို မြန်မာ ပြည်အနှံ့လှည့်ပြီးရှာဖွေခိုင်းသေးတယ်၊ အမေဟာ ဦးဒီပကို ဒေါသ ဖြစ်လွန်းလို့ တွေ့တဲ့နေရာမှာ အသေသတ်ပစ်ဖို့ အမိန့်ပေး လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဦးဒီပါကတော့ အမေ့ကို ငယ်ကြောက်ဖြစ်လို့ အသက်သေ
က လွတ်အောင် ရှောင်တိမ်းခဲ့တယ်။ ဦးဒီပဟာ ညာဏ်နီညာဏ်နက်
များပြီးလည်ဝယ်တဲ့အတွက် အခမတို့လက်က နှစ်ပေါင်းများစွာတိမ်း
ရှောင်နိုင်ခဲ့တယ်၊ နောက်တော့ အမေတို့တော်လှန်ရေးအဖွဲ့ဟာ
ကုလားစစ်ပုလိပ်တွေက အလုံးအရင်းဖြို့ခွင်းတဲ့အတွက် ရွှေတောင်
ဘက်က တိုက်ပွဲမှာ အဖေကျဆုံးခဲ့တယ်။ အမေကတော့ တပည့်
တပန်းအချို့နဲ့အတူ ရှောင်ပြေး လွတ်မြောက်နိုင်ခဲ့တယ်။ အမေဟာ
တော်လှန်ရေးတပ်သားတွေနဲ့ လူစုခွဲပြီး တစ်ရွာဝင်တစ်ရွာထွက်
ရှောင်တိမ်းနိုင်ခဲ့တယ်။ ငါငယ်ငယ်တုန်းက အမေနဲ့အတူ ရွှေ့ပြောင်း
သွားလာနေရတာ အမှတ်ရတယ်"

လို့ပြောတယ်။ မမိုးညိုဟာ ကလျာတို့ မိသားစုရဲ့ငယ်စဉ်
ဘဝကို စိတ်ဝင်တစား နားထောင်နေမိတယ်။

နယ်ချဲ့ကိုတော်လှန်ကဲ့မိသားစုတစ်စုမှာ ခက်ခဲကြမ်းတမ်း
မှုတွေ အများကြီးရှိမှာပဲလို့ ကိုယ်ချင်းစာပြီး တွေးမိတယ်။

ကလျာက ဆက်လက်ပြီးတော့





"အမေဟာ စစ်ပုလိပ်တွေရဲ့လက်က လွတ်အောင် နှစ်
ပေါင်းများစွာ တိမ်းရှောင်နေရလို့ ငါ့ကိုလဲ ပညာသင်မပေးနိုင်ခဲ့ဘူး၊
ငါ့ဆယ်နှစ်သမီးအရွယ်ရောက်မှ စစ်ပုလိပ်တွေ မျက်ခြေပြတ်သွား
ပြီး ဒီနေရာမှာ အခြေချပြီးနေလာခဲ့တာပဲ၊ ငါတို့မှာ စုဆောင်းထားတဲ့
ငွေကြေးတွေရှိလို့ စားဝတ်နေရေးအတွက်တော့ ပူစရာမရှိပါဘူး"

လို့ပြောပြီး သူ့စကားကို ခေတ္တနားတယ်။ မမိုးညိုဟာ သား
အမိနှစ်ယောက်ရဲ့ ရှုန်းကန်ရတဲ့ အခက်အခဲတွေကို နားလည် စာ
နာမိတယ်။ ကလျာက ဆက်လက်ပြီး

"ငါတို့ မိသားစုရဲ့ အေးချမ်းတဲ့ ဘဝထဲကို ပြဿနာ တစ်ခု
ဝင်ရောက်လာခဲ့တယ်။ ဒီပြဿနာကတော့ ရွှေစက်တော်ဘုရား
ဖူးရင်း ငါ့ကို အသည်းအသည် မျှက်စိကျသွားတဲ့ လူတစ်ယောက်ရှိ
တယ်၊ ဒီလူဟာ ငါ့ကို ရွှေစက်တော် ဘုရားမှာ နည်းအမျိုးမျိုးနဲ့
ချဉ်းကပ်ရာက မရတဲ့အဆုံးမှာ ငါတို့နေတဲ့အရပ်ကို တောင်လိုက်
လာတယ်"

လို့ပြောတော့ မမိုးညိုက မျက်မှောင်ကြုတ်ပြီး



www.burmeseclassic.com

"ဒီလူဟာ အတင့်ရဲလှချည်လား၊ ဘာလို့ဒီလောက်တောင် အတင့်ရဲနေတာလဲ၊ ယောကျ်ား တစ်ယောက်ဖြစ်ပြီး အရှက်မရှိဘူးလား"

လို့မေးမြန်းလိုက်တယ်။

ကလျာက သက်ပြင်းချပြီး

"ဒီကောင်ဟာ ငွေရေးကြေးရေး တောင့်တင်းတယ်။ တပည့်ဘယ်န်းပေါများလို့ ပိုက်ဆံပေါ်ပြီး မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့ သူဌေးသားတစ်ယောက်လို့ပဲ ထင်ခဲ့တယ်။ မကြာမီမှာ ငါ့အမေဆီကို ဒီနယ်တစိုက်မှာ လူသတ်မှု ဓားပြမှုတွေနဲ့ အလွန်ထင်ရှားတဲ့ ဓားပြခေါင်းဆောင် မီးခဲအုန်းမြင့်ရောက်လာပြီး ငါ့ကို သူ့သားနဲ့ လက်ထပ်ပေးဖို့တောင်းဆိုတယ်။ တကယ်တော့ မီးခဲအုန်းမြင့်ဆိုတာ အရင်က ငါ့အဖေရဲ့ တော်လှန်ရေးအဖွဲ့သားဟောင်းတစ်ယောက်ပဲ၊ အမေဟာ ပြည်သူတွေကို နှိပ်စက် ညှင်းပန်းနေတဲ့ ဓားပြတွေကို အလွန်ရွံရှာတဲ့အတွက် ငါနဲ့ မပေးစားနိုင်ကြောင်း ငြင်းဆိုလိုက်တယ်။ တကယ်တော့ ငါ့ကို ရွှေဂက်တော်ဘုရားမှာတွေ့ပြီး အသည်းအသန်





လိုက်နောက်ယှက်တဲ့ကောင်က မီးခဲအုန်းမြင့်ရဲ့သား မီးခဲငွေဦးဆိုတာပဲ၊ မီးခဲအုန်းမြင့်တို့ ဓားပြအဖွဲ့ကို ဗြိတိသျှ အစိုးရက လိုက်လံနှိပ်နင်းပေမဲ့ တောတောင်ထူထပ်တဲ့နေရာတွေမှာ ရှောင်တိမ်းနေတဲ့အတွက် ဖမ်းဆီးဖို့မလွယ်ဘူး"

လို့ပြောပြီး ခဏနားပြန်တယ်။

မမိုးညိုက သူ့စကားကို စိတ်ဝင်တစား နားထောင်နေတယ်။ ကလျာက သူ့စကားကိုပြန်ဆက်ပြန်တယ်။

"မီးခဲအုန်းမြင့်ဆိုတဲ့ လူယုတ်မာက နောက်ဆုံးမှာ ဘာတောင်းဆိုလဲဆိုတော့ ငါက သူ့သား မီးခဲငွေဦးရဲ့ မေတ္တာကို လက်မခံဘူးဆိုရင် အမေဟာ တစ်ချိန်တုန်းက ဗြိတိသျှအစိုးရကို တော်လှန်ခဲ့ တော်လှန်ရေး ခေါင်းဆောင် တစ်ယောက်ဆိုတာ ဖွင့်ချလိုက်မယ်တဲ့၊ အမေဟာ ရဲရဲတောက် တော်လှန်ရေးခေါင်းဆောင် တစ်ယောက်ဖြစ်တဲ့အတွက် မီးခဲအုန်းမြင့်တို့ သားအဖရဲ့ ခြိမ်းခြောက်တာကို မကြောက်ပေမဲ့ ငါကတော့ အသက်အရွယ် ကြီးရင့်နေပြီဖြစ်တဲ့ အမေ့ကို ထောင်ကျမှာစိုးရိမ်တယ်။ ဒီလို့ အမေ

www.burmeseclassic.com



အနွားရာယ်နဲ့ ကြုံနေတယ်ဆိုတဲ့သတင်းကို တော်လှန်ရေးရဲဘော် ဟောင်းတွေကြားရတော့ အမေ့ကိုကာကွယ်ပေးမယ် ဆိုပြီးငါတို့ခြံ ထဲမှာ နိုဝင်လာကြတာပဲ"

လို့ဆိုတဲ့အခါ မမိုးညိုဟာ ခြံထဲမှာ မိမိ လူဆိုးဓားပြများလို့ ထင်မြင်တဲ့ သူတွေဟာ တော်လှန်ရေးရဲဘော်ဟောင်းတွေ ဆိုတာ သိရတယ်။ ကလျာက သူ့စကားကိုဆက်ပြန်တယ်။

"အမေဟာ ခြံထဲမှာ တပည့်တပန်းတွေစုလင်လာတဲ့အခါ သူ့မောင်ဦးဒီပကို သတိရတယ်။ ဦးဒီပဟာ အမေ့ကိုနှစ်ပေါင်းများစွာ ပုန်းရိုပြီးအငြိမ့်ထောင်ဆရာ လုပ်နေတာ အမေ သတင်းရထားတာ ကြာပြီ။ ဒါပေမဲ့ အဟောင်းတွေ အသစ် မဖြစ်ချင်လို့ အမေက မသိ ဟန်ဆောင်ခဲ့တယ်။ ဒါပေမဲ့ အခုလို ရန်သူတွေ ဝိုင်းနေတဲ့ အချိန်မှာ ဦးဒီပရဲ့ ညာက်နီညာက်နက် များပြီးကွက်ကျော်မြင်တဲ့ စိတ်ဓာတ်နဲ့ ရန်သူတွေကိုရင်ဆိုင်မယ်လို့ ဆုံးဖြတ်တယ်၊ ဒါကြောင့်အမေက ဦးဒီပရဲ့အပြစ်တွေကို ခွင့်လွှတ်ပြီးပြန်ဆက်သွယ်ခဲ့တယ်"

လို့ပြောတယ်။ မမိုးညိုဟာ ရတနာမြိုင် အငြိမ့်အဖွဲ့ရှိရာတို့





ဦးဒီပ အလွန်ကြောက်တဲ့ အနီရောင်ပါဆယ်ထုပ်ကလေးတွေ တစ် ထုပ်ပြီးတစ်ထုပ်ရောက်လာတာကို သတိရတယ်၊

ကလျာကသူ့စကားကိုဆက်ပြန်တယ်၊

"မီးခဲအုန်းမြင့်တို့ဟာ အမေ့ဆီကိုပူးပေါင်းဖို့ရောက်လာတဲ့ တော်လှန်ရေးတပ်သားတွေကို တိတ်တဆိတ် တိုက်နိုက်ရုံမက၊ အခွင့်အရေးရရင် ပုလိပ်ကိုလဲ သတင်းပေးတယ်၊ သူတို့ဟာ ငါ့ကိုရဖို့ အသာတကြည် တောင်းဆိုလို့မရရင် ငါတို့ခြံဝန်းကြီးကိုတောင် ဝင် တိုက်ဖို့ အစီအစဉ်ရှိပုံရတယ်။ လွန်ခဲ့တဲ့ရက်ကတောင် နင်တို့အလာ လမ်းက ထမင်းဆိုင်မှာ ငါ့အမေကို အဆိပ်ခတ်ပြီးလုပ်ကြံခဲ့တယ် မဟုတ်လား။ သူဟာ ငါ့ကိုသိမ်းပိုက်ပြီးတာနဲ့ အမေတို့တော်လှန်ရေး တစ်ဖွဲ့လုံးကို စစ်ပုလိပ်တွေကိုသတင်းပေးမှာပဲ"

လို့ပြောတယ်။

မမိုးညိုက ကလျာရဲ့စကားကိုနားထောင်ပြီး

"မိုက်ရိုင်းလိုက်တဲ့လူတွေ၊ အသားထဲက လောက်ထွက်တဲ့ သစ္စာဖောက်တွေ"



www.burmeseclassic.com

www.burmeseclassic.com



လို့အပြစ်တင်လိုက်တယ်။ ကလျာက သူ့ရဲ့နောက်ပြန်မြင် ဇာတ်လမ်းပြီးဆုံးသွားလို့

"ကဲ့…နင်သိချင်တဲ့ ငါတို့ခြံကြီးရဲ့အတိတ်ဇာတ်ကြောင်းတို့ ပြောပြီးပြီ၊ နင်ကျေနပ်ပေတော့၊ ညဥ့်လဲနက်ပြီ အိပ်ကြရအောင်"

လို့ပြောလိုက်ပြီးထိုင်ရာက ထရပ်လိုက်တယ်။ သူတို့နှစ်ယောက် လမ်းခွဲထွက်လာပြီးအိပ်ခန်းထဲ ရောက်တဲ့အထိ မမိုးညိုဟာ အိပ်မပျော်တော့ဘူး။ စောစောက ကြားခဲ့တဲ့ ဒေါ်သူဇာတို့ မိသားစုရဲ့ အတိတ် ဇာတ်ကြောင်းတွေ အာရုံထဲက မထွက်ဘူး။

နားထဲမှာ ဆရာနှစ်ဦးရဲ့စကားတွေကိုလဲ ကြားယောင်လာ တယ်။ သူ့ဆရာနှစ်ယောက်စလုံးက လောကကြီးရဲ့ အဲတွေအကြံ တွေကို သင်ယူပြီးအားနည်းသူတွေဘက်က ရပ်တည်ပေးရမယ်လို့ အမြဲနားချခဲ့တယ်။

ဒါကြောင့်ကလျာတို့လူစုကို မိမိတတ်စွမ်းသမျှ ကူညီမယ် လို့ ဆုံးဖြတ်ပြီးအိပ်ပျော်သွားတယ်။

※※



နောက်တစ်နေ့နံနက်မှာ ဆူဆူညံညံ အသံတွေကြားလို့ မမိုးညိုအိပ်ယာက လန့်နိုးလာတယ်။

မမိုးညိုပြတင်းပေါက်က ချောင်းကြည့်လိုက်တော့ တစ်ခြံ လုံး လှုပ်လှုပ်ရှရှဖြစ်နေတာ မြင်ရတယ်။ မမိုးညိုဟာ ခြံထဲမှာ တစ်ခုခု ဖြစ်တော့မယ်လို့ ထင်ပြီးအိမ်အောက်ကို ကမန်းကတန်း ဆင်းပြေး တယ်။

အိမ်အောက်ကို ရောက်တော့ ဦးဒီပက မမိုးညိုရဲ့လက်ကို ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



"မိုးညိုအိမ်ထဲကိုပြန်ဝင်စမ်း။ အိမ်အောက်က ဘာသံကြားကြား ဆင်းမလာနဲ့"

လို့ပြောပြီးအိမ်ပေါ်ကိုပြန်တက်ခိုင်းတယ်။

မမိုးညိုအိမ်ပေါ်ပြန်တက်ပြီးဝရန်တာက မျှော်ကြည့်လိုက်တော့ခြံအနီးကိုမြင်းစီးလူ ငါးယောက် ချည်းကပ်လာတယ်။

မမိုးညိုဟာ တခြံလုံးလှုပ်လှုပ်ရွရွဖြစ်နေတာကိုကြည့်ပြီး မီးခဲအုန်းမြင့်တို့လူစု ရောက်လာပြီလို့ယူဆလိုက်တယ်။

သစ်လုံးခြံကြီးရဲ့တံခါးကိုဖွင့်လိုက်တော့ခြံထဲကိုမြင်းစီးလူ ငါးယောက် ဝင်လာတယ်။ ရှေ့ဆုံးကမြင်းစီးလာတဲ့သူက တစ်ခြံလုံးကိုမထီလေးစားဟန်နဲ့ မျက်လုံးဝေ့ကြည့်ပြီး

"ဟားဟားဟား...ခြံထဲမှာ မျိုးချစ်ပုဂ္ဂိုလ်တွေ လူစုံတက်စုံရောက်နေပါလား၊ စစ်ပုလိပ်တွေသာ သိသွားရင် မလွယ်ဘူးနော်"

လို့ခြိမ်းခြောက်လိုက်တော့ ဒေါ်သူဇာက အိမ်ပေါက်ဝကနေ

"ကိုယ် ဘာကောင်လဲဆိုတာ ပြန်ကြည့်ဦး...အုန်းမြင့်၊ နင်ဟာ ဘုရားလူကြီး မဟုတ်ဘူး၊ လူသတ်ဓားပြတိုက်လို့ပုလိပ်အဖွဲ့ကအလိုရှိနေတဲ့ကောင်"

လို့ဆိုလိုက်တော့ မီးခဲအုန်းမြင့်က ဟဟားဟား ရယ်မောပြီး

"ပုလိပ်ကို ဂရုစိုက်ရင် ဓားပြတောင်တိုက်မစားဘူး၊ ဓားပြတိုက်တာ ဝါသနာလို့ တိုက်နေတဲ့ကောင်၊ မတိုက်လဲ ကျုပ် ထမင်းမငတ်ဘူး"

လို့ပြောလိုက်တယ်။ ဒေါ်သူဇာက အံကိုကြိတ်လိုက်ပြီး

"အပိုတွေ ပြောမနေနဲ့ အုန်းမြင့်၊ နင် ငါ့ခြံထဲက အခုထွက်သွားစမ်း"

လို့အမိန့်ပေးလိုက်တယ်။

မီးခဲအုန်းမြင့်က မထီလေးစားအမူအယာနဲ့

"စိတ်ရှည်ရှည်ထားပါ ဒေါ်သူဇာ၊ ခင်ဗျားနဲ့ ကျုပ်ဟာ မကြာမီအမျိုးတော်စပ်မဲ့လူတွေပါ၊ ဒီမှာခင်ဗျားကို ကျုပ်ရှင်းရှင်းပဲပြောတော့မယ်၊ ခင်ဗျားသမီးကိုကျုပ်ခေါ်သွားပြီးကျုပ်သားနဲ့ပေးစားမယ်၊ မင်္ဂလာကိစ္စကိုတော့ နောက်မှ အေးအေးလုပ်မယ်...ကကြော

www.burmeseclassic.com



ရင် ကျုပ်သားရောက်လာတော့မယ်၊ဒီကောင် ရွာထဲမှာလှည့်ပြီး အလှူခံနေတယ်"

လို့ဆိုလိုက်တော့ ဒေါ်သူဇာရဲ့မျက်နှာမည်းခနဲ ပျက်သွားပြီး

"တိတ်စမ်း၊နင်တို့လိုအသားထဲက လောက်ထွက်တဲ့သစ္စာဖောက်လောက်ကောင်တွေနဲ့ ငါ့သမီးတွေ သလား၊တန်သလားနင့်သားနဲ့ ပေးစားမဲ့အစား ငါ့သမီးကိုခွေးအမြီးဖြတ်ပြီး ပေးစားလိုက်မယ်"

လို့ဒေါ်သူဇာကြီး အော်ဟစ်ပြောဆိုလိုက်တယ်။

ဒီအချိန်မှာ ကလျာကလဲ ဝင်ပြီး

"ဒီမှာ..ရှင့်သားက အရက်မရှိဘူးလား၊သူ့ကို မလိုချင်ဘူးဆိုတဲ့ မိန်းမကို ဘာလို့ အသေအရရ အရှင်ရရ လိုချင်တာလဲ ယောက်ျားသိက္ခာ မရှိလိုက်တာ"

လို့ရန်တွေ့လိုက်တော့ မီးခဲအုန်းမြင့်ရဲ့ မျက်နှာမည်းခနဲ ဖြစ်သွားပြီး

"တောက်..ဒါ့သားက အသုံးမကျလို့နင့်လိုကောင်မမျိုးကို





လိုချင်တာဟဲ့၊ငါ့လိုကောင်မျိုးဆိုရင် တစ်ညလောက်အိပ်ပြီးမှတ်တက်သားလောက်အောင်ပစ်ထားလိုက်မယ်"

လို့ရိုင်းရိုင်းပြပြ ပြောလိုက်တယ်။

မီးခဲအုန်းမြင့်ရဲ့ရိုင်းပြတဲ့စကားကို နားထောင်ပြီးမမိုးညိုရဲ့ရင်ထဲမှာ ဒေါသထောင်းခနဲ ဖြစ်သွားတယ်။

မိန်းမသားတစ်ယောက်ကို သားသမီးချင်း မစာနာပဲ ရိုင်းပြပြ စော်ကားရက်တဲ့ မီးခဲအုန်းမြင့်ကို ဆုံးမရန် ကြံစည်လိုက်ပြီး အိမ်ပေါ်ထပ်က ဆင်းသွားတယ်။

မိုးညိုရဲ့အပြုအမူကြောင့် ဦးဒီပက ထိတ်လန့်သွားပြီး

"ဟဲ့..ကောင်မလေး ဘာလုပ်တာလဲ ပြန်လာစမ်း"

လို့အမိန့်ပေးလိုက်တယ်။

ဒါပေမဲ့ မမိုးညိုဟာ မီးခဲအုန်းမြင့်ဆီကို တန်းတန်းမတ်မတ် လျှောက်သွားပါတယ်။ မီးခဲအုန်းမြင့်ဟာ သူ့ဆီကို တန်းတန်းမတ်မတ် လျှောက်လှမ်းလာတဲ့ မိန်းမချောလေးကို အံ့ဩဟန်နဲ့ မျက်မှောင်ကြုတ်ကြည့်နေတုန်း မိန်းမချောလေးနဲ့ မျက်လုံးချင်း ဆုံမိလိုက်တဲ့

www.burmeseclassic.com



အချိန်မှာ မင်သက်မိသလိုဖြစ်သွားတယ်။

မိန်းမချောလေးက တည်ကြည်တဲ့အမူအယာနဲ့

"လက်ထဲမှာ သေနတ်ကြီးတွေ ကိုင်ပြီးစကားပြောနေတာ

ရှိုင်းပြလွန်းပါတယ်၊ သေနတ်တွေကို မြေပေါ်ပစ်ချလိုက်ပါ"

လို့အမိန့်ပေးလိုက်တယ်။

မီးခဲအုန်းမြင့်က မမိုးညိုရဲ့ စကားဆုံးတာနဲ့ အံ့ဩဖွယ်

ကောင်းလောက်အောင် သူ့သေနတ်ကို မြေပေါ်ပစ်ချလိုက်တယ်။

မီးခဲအုန်းမြင့်ရဲ့အပြုအမူကို လူတွေအားလုံး အံ့ဩသွားပြီး

တပည့်တွေက

"ဆရာ...ဘာဖြစ်လို့ သေနတ်ကို ပစ်ချရတာလဲ"

လို့နားမလည်ဟန်နဲ့ မေးမြန်းလိုက်တယ်။

မီးခဲအုန်းမြင့်ဟာ တပည့်တွေရဲ့ မေးခွန်းကို မဖြေနိုင်ဘဲ

မမိုးညိုကိုသာ မင်သက်မိသလိုကြည့်နေတယ်၊ မမိုးညိုက မီးခဲအုန်း

မြင့်ရဲ့မျက်လုံးတွေကို စူးစိုက်ကြည့်ပြီး တည်ကြည်တဲ့လေသံနဲ့

"ရှင့်တပည့်တွေလက်ထဲက သေနတ်တွေကိုလဲ မြေပေါ်





ပစ်ချခိုင်းလိုက်စမ်း"

လို့အမိန့်ထပ်ပေးလိုက်တယ်။

မီးခဲအုန်းမြင့်ဟာ မမိုးညိုရဲ့စကားဆုံးတာနဲ့ တပည့်တွေ

ဘက်ကိုလှည့်ပြီး

"ဟေ့ကောင်တွေ သေနတ်တွေ မြေပေါ်ပစ်ချလိုက်စမ်း"

လို့အမိန့်ပေးလိုက်တယ်။ မီးခဲအုန်းမြင့်ရဲ့တပည့်တွေဟာ

ဆရာ့ရဲ့အမိန့်ကို မယုံကြည်နိုင်ဘဲ

"ဆရာ...ရန်သူရှိတဲ့အရပ်မှာ သေနတ်တွေ ပစ်ချလိုက်ရင်

သေမှာပေါ့"

လို့စောဒက တက်တယ်၊ မမိုးညိုက မင်သက်သလိုဖြစ်နေ

တဲ့မီးခဲအုန်းမြင့်ကို ထပ်ပြီးအမိန့်ပေးလိုက်တယ်။

မီးခဲအုန်းမြင့်ဟာ မမိုးညိုရဲ့စကားအတိုင်း တပည့်တွေကို

သေနတ်ပစ်ချဖို့သာ အကြိမ်ကြိမ် အမိန့်ပေးနေတဲ့အတွက် တပည့်

တွေဟာ မတတ်သာပဲ သေနတ်တွေကို မြေပေါ်ပစ်ချလိုက်တယ်။

မီးခဲအုန်းမြင့်ရဲ့ရက်စက်ယုတ်မာမှုကြောင့် တပည့်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



စောဒကမတက်ရဲ ဘူး။

ဒေါ်သူဇာတို့လူစုဟာ မမိုးညိုလိုမိန်းမပျိုလေးတစ်ယောက်က မီးခဲအုန်းမြင့်လိုရက်စက်ကြမ်းကြုတ်တဲ့လူမိုက်ကြီးကိုစေခိုင်းနိုင်တာ အံ့သြစရာဖြစ်နေတယ်။

ဒေါ်သူဇာတို့လူစု တအံ့တသြ ငေးကြည့်နေတုန်းမှာ မမိုးညိုဟာ မီးခဲအုန်းမြင့်နဲ့ တပည့်တွေအနီးကို တိုးကပ်ပြီး နံကြားကို လက်ညှိုးနဲ့ တစ်ချက်ပြီးတစ်ချက် ထိုးလိုက်တာ မီးခဲအုန်းမြင့် အပါအဝင် တပည့်တွေဟာ မြေပေါ်ကို ပြိုလဲကျသွားတယ်။

ကျန်တဲ့တပည့်နှစ်ယောက်ဟာ သူတို့လူတွေ အခြေအနေမကောင်းလို့ အထိတ်တလန့်နဲ့ ခြံထဲက ထွက်ပြေးဖို့ကြံလိုက်တယ်။

ဒါပေမဲ့ မမိုးညို တော်လှန်ရေး တပ်သားတွေကို ခြံတံခါး အမြန်ပိတ်ခိုင်းလိုက်တဲ့အတွက် လူဆိုးနှစ်ယောက်ဟာ ထွက်မပြေးနိုင်ဘဲ အဖမ်းခံလိုက်ရတယ်။

ဦးဒီပါဟာ မမိုးညိုအနီးကို တိုးကပ်လာပြီး အံ့သြဟန်နဲ့

"မိုးညို...နင်ဘယ်လို လူဆိုးတွေကို ဖမ်းလိုက်တာလဲ"





လို့မေးမြန်းလိုက်တယ်။ မမိုးညိုက လက်ကာပြပြီး

"ဦးလေး နောက်မှမေးပါ၊ အချိန်မရှိတော့ဘူး၊ မီးခဲဌေးဦးတို့လူစု ရောက်လာတော့မယ်၊ ဒီလူတွေကို ခြံအနောက်မှာ အမြန်ပို့ထားလိုက်ပါ"

လို့ပြောတော့ တော်လှန်ရေးတပ်သားတွေဟာ လူဆိုးတွေကို ခြံအနောက်ဘက်ကို အမြန်သယ်မသွားကြတယ်။

သူတို့လူဆိုးတွေကိုဖွက်ပြီး အိမ်ရှေ့ရောက်တာနဲ့ ခြံရှေ့မှာ မီးခဲဌေးဦးတို့လူစု ရောက်လာတယ်။ မမိုးညိုဟာ မီးခဲဌေးဦးတို့လူစုကို ပရိယာယ်ဆင်ပြီး ဖမ်းဆီးဖို့ စီစဉ်ရင်း ဒေါ်သူဇာကို တီးတိုး ပြောလိုက်တယ်။

"အဒေါ် ဒီကောင်တွေကို ပရိယာယ်ဆင်ပြီးဖမ်းရမယ်၊ ဒါကြောင့် မီးခဲအုန်းမြင့်ရဲ့သားကို အိမ်ထဲကို ပရိယာယ်နဲ့ ဖိတ်ခေါ်လိုက်ပါ၊ ကျန်တာ ကျွန်မ တာဝန်ထားလိုက်ပါ"

လို့ပြောလိုက်တော့ ဒေါ်သူဇာက ခေါင်းညိတ်ပြတယ်။

ဒီအချိန်မှာပဲ မီးခဲဌေးဦးဟာ ဆောင့်ကြွားကြွား အမူအယာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ခြံဝန်းထဲကိုဝင်လာတယ်။

ဒေါ်သူဇာဟာ မီးခဲငွေဦးကိုကြည့်လိုက်ပြီး

"သားရေး သမီးရေးကို ဆွေးနွေးဖို့ မင်းအဖေအိမ်ထဲကို ရောက်နေပြီ မင်းအဖေနဲ့တပည့်တွေကိုအိမ်ထဲမှာအစားအသောက်တွေနဲ့ ဧည့်ခံထားတယ်၊ မင်းလဲ အိမ်ထဲကို လိုက်ဝင်သွားပါ။ ကလျာလဲ မင်းကိုစောင့်နေတယ်"

လို့ပြောလိုက်တော့ မီးခဲငွေဦးဟာ တလျှာနံ့မည်ကြားတာနဲ့ မျောက်အုန်းသီးရသလို ဖြစ်သွားပြီးမြင်းပေါ်က ဘမန်းကတန်းခုန်ဆင်းပြီးအိမ်ထဲကို ကမူးရှူးထိုးပြေးဝင်သွားတယ်။

မမိုးညိုဟာ မီးခဲငွေဦးကိုအိမ်ထဲက စောင့်ကြိုပြီးပြုံးရွှင်တဲ့ မျက်နှာလေးနဲ့

"အစ်ကို ဘုရားခန်းကိုကြွပါ"

လို့ဆိုလိုက်တော့ မီးခဲငွေဦးဟာ သူ့ကို ဖိတ်ခေါ်တဲ့ မိန်းမချောလေးကို တအံ့တသြကြည့်ရင်း ဘုရားခန်းထဲကို အားတက်သရော ဝင်သွားတယ်။





ဘုရားခန်းထဲကို ရောက်တဲ့အခါ ဘယ်သူတစ်ဦးတစ်ယောက်မှမတွေ့လို့မီးခဲငွေဦးဟာ မျက်မှောင်ကြုတ်ပြီး

"ဟင်...ဘယ်သူမှ မတွေ့ပါလား"

တအံ့တသြရေရွတ်ပြီးမမိုးညိုကိုလှည့်ကြည့်လိုက်တယ်။ မိုးညိုဟာ မီးခဲငွေဦးကိုပြုံးကြည့်လိုက်ပြီး

"ဘယ်သူမှမရှိလဲ ညီမရှိပါတယ်ရှင်"

လို့ပြောပြီးမီးခဲငွေဦးရဲ့လက်မောင်းကို ဆုပ်ကိုင်လိုက်တယ်။

မီးခဲငွေဦးဟာ မိန်းမချောလေး တစ်ယောက်က လက်မောင်းကို ဆုပ်ကိုင်လိုက် လို့ အလွန်သဘောကျနေတုန်း သူ့လည်ကုပ်မှာ ကျည်ခနဲဖြစ်သွားပြီးမြေပေါ်ကိုပြိုလဲကျသွားတယ်။

ဒီအချိန်မှာ အိမ်ထဲကို ဝင်လာတဲ့ ဓားပြ နှစ်ယောက်ကို ဦးပေါ်က တိုက်ခိုက်လိုက်တာ နှစ်ယောက်စလုံး မြေပေါ်ကိုပြိုလဲကျသွားတယ်။

နောက်တော့ မမိုးညိုကပဲ အပြင်မှာကျန်နေတဲ့ဓားပြတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုအိမ်ထဲ ဖိတ်ခေါ်ပြီးတစ်ယောက်ပြီးတစ်ယောက် အကြောင်း ပညာနဲ့တိုက်ခိုက်လိုက်တယ်။

မားပြတွေဟာ မမိုးညှို့လိုမိန်းမချောလေးတစ်ယောက်က တိုက်ခိုက်မယ်မထင်လို့အလစ်အငိုက်ခံလိုက်ရတယ်။

ကျန်တဲ့ ဓားပြတွေကို ဦးဒီပနဲ့ တော်လှန်ရေး တပ်သား တွေက တစ်ယောက်တစ်လက် ဝိုင်းဝန်းတိုက်ခိုက်လိုက်တယ်။

ဓားပြတွေအားလုံးလက်ရဖမ်းဆီးလိုက်ချိန်မှာ ဒေါ်သူဇာ ဟာ အံ့သြလွန်းလို့ မယုံနိုင်အောင်ဖြစ်ပြီးမမိုးညှို့ရဲ့အစွမ်းကို တချီး ချီးမွမ်းခန်း ဖွင့်နေတယ်။

ဦးဒီပကလဲ

"နင့်ကိုငါတို့ခေါ်လာတာ သိပ်မှန်သွားပြီ"

လို့ချီးမွမ်းတယ်။

ကလျာကလည်း သူ့ဘဝကိုကယ်တင်ပေးသူ ဆိုပြီးကျေး ဇူးတင်မဆုံးဖြစ်နေတယ်။ ဒေါ်သူဇာက ဓားပြတွေကိုကြည့်ပြီး

"ဒီကောင်တွေ အားလုံးကိုပုလိပ်လက်အပ်ရမယ်"





လို့ပြောတော့ဦးဒီပက ခေါင်းခါယမ်းပြီး

"ဒီကောင်တွေဟာ ပြည်သူတွေကို ဒုက္ခ အမျိုးမျိုးပေးနေ တာ ကြာပြီ၊သူတို့ကို အပြတ်ရှင်းလိုက်ဖို့ ကောင်းတယ်၊ သူတို့ကို ပုလိပ်လက်အပ်လိုက်ရင်ကျုပ်တို့တော်လှန်ရေးကိုဖော်ကောင်လုပ် လိမ့်မယ်"

လို့ပြောတယ်။

ဒေါ်သူဇာက ခေါင်းခါယမ်းလိုက်ပြီး

"ငါ အသက်ကြီးနေပြီ၊အကုသိုလ် အလုပ်တွေ မလုပ်ချင် တော့ဘူး၊ငါဒီနေရာကနေ ခြေရာဖျောက်သွားမယ်၊ နင်တို့လဲ ဓားပြ တွေကိုပုလိပ်လက်အပ်ပြီးရင် လူစုခွဲလိုက်ကြတော့၊ ငါ့ကို အသက် စွန့်ပြီးလာကူညီပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်တယ်"

လို့ပြောလိုက်ပြီးအိမ်မှာ ရှိတဲ့ အဘိုးတန် ပစ္စည်းအနည်း ငယ်ကိုသာ နွားလှည်းပေါ်တင်ပြီးအိမ်ကြီးကိုစွန့်ခွာဖို့ပြင်တယ်။

တော်လှန်ရေး တပ်သားတွေကမီးခဲအုန်းမြင့်တို့သားအဖ အပါအဝင် ဓားပြတွေကို ဂါတ်တဲကို သွားအပ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေဟာ မီးခဲအုန်းမြင့်တို့ဓားပြတစ်စုကို နွားလှည်းနစ်စီးနဲ့ ဖမ်းဆီးသွားတာကို တအံ့တသြလိုက်ပြီးကြည့်ကြတယ်။

ဂါတ်တဲကိုရောက်တော့ ပုလိပ်တွေဟာ မီးခဲအုန်းမြင့်တို့လို ဒိတ်ဒိတ်ကြဲဓားပြတွေကိုဖမ်းဆီးလာနိုင်တဲ့အတွက် မယုံနိုင်အောင်ဖြစ်နေကြတယ်။

မီးခဲအုန်းမြင့်တို့ သားအဖလဲ သူတို့ကို ဘယ်လိုဖမ်းမိသွားတယ်ဆိုတာ မယုံနိုင်အောင်ဖြစ်မိတယ်။

ဒါကြောင့် မီးခဲအုန်းမြင့်ကို ဘယ်လိုဖမ်းလာတာလဲလို့ မရမကာ မေးမြန်းတယ်၊ ဒီတော့ တော်လှန်ရေး တပ်သားတွေက ဓားပြတွေအိမ်ကိုရောက်လာပြီးအနိုင်ကျင့်လို့ သူတို့ကို အဆိပ်ခတ်ပြီးဖမ်းလိုက်တာလို့ဖြေရှင်းလိုက်ရတယ်။ ပုလိပ်တွေအတွက်တော့ ဒီဖြစ်ရပ်ဟာ တစ်သက်မမေ့နိုင်တဲ့ အံ့ဖွယ်ဖြစ်ရပ်ပါပဲ။



မမိုးညိုတို့ လှူစုကာ မြင်းလှည်းတစ်စီးနဲ့ ကျွန်းအိမ်ခဲ့ည်းကြီးကို စွန့်ခွါပြီးထွက်ခဲ့တယ်၊ လှည်းပေါ်မှာ ဒေါ်သူဇာတို့ သားအမိနဲ့ မမိုးညို၊ ဦးဒီပတို့လိုက်ပါလာတယ်။

မမိုးညိုတို့ဟာ ကားလမ်းနဲ့ နီးတဲ့ ရွာတစ်ရွာကိုရောက်တော့ နွားလှည်းကို ဘုန်းကြီးကျောင်းမှာ လှူပြီး ကားလမ်းခရီးနဲ့ မော်လမြိုင်ကိုသွားတယ်။

နောက်တော့ မုတ္တမဘက်ကို ကူးခဲ့တယ်၊ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်းအတိုင်း ဒိုက်ဦး၊ ညောင်လေးပင်၊ တောင်ငူ စတဲ့မြို့တွေကို ကျော်ဖြတ်ပြီး မိတ္ထီလာ၊ သာစည် လမ်းအတိုင်း တောင်ကြီးမြို့ကို ရောက်လေ၏။

ဒေါ်သူဇာက တောင်ကြီးမြို့တွင် အိမ်တစ်လုံး ငှါးလိုက်ပြီး

"ငါတို့လောလောဆယ်၊ အိမ်မဝယ်သေးဘဲ တောင်ကြီးမှာပဲ သိုသိုသိပ်သိပ် နေတော့မယ်၊ ငါတို့မှာ ဥစ္စာစီးပွား အပြည့်အစုံ ရှိတဲ့အတွက် စားဝတ်နေရေးအတွက် ပူစရာမရှိပါဘူး၊ ဒီနေရာထိ လိုက်ပို့ပေးတာပင်ပန်းလှပါပြီ နင်တို့လဲပြန်ကြတော့"

လို့ပြောတယ်။

ဦးဒီပနဲ့ မမိုးညိုတို့လဲ ဇာတိရပ်မြေက အိမ်ကိုပြန်ဖို့ပြင်ကြတယ်။ မမိုးညိုတို့ပြန်ကာနီးမှာ ဒေါ်သူဇာတ မမိုးညိုပခုံးကိုပုတ်ပြီး

"မိုးညိုက ကိုယ့်အစွမ်းတွေကို လျှို့ဝှက်ပြီးကြောင်လက်သည်းဖွက်သလို နေထိုင်ပေမဲ့ မိုးညိုမှာအစွမ်းတစ်ခု ရှိတာသေချာပါတယ်၊ ဘာပဲဖြစ်ဖြစ် မိုးညိုရဲ့အစွမ်းကြောင့် သစ္စာဖောက်လောက်ကောင်တွေကို နှိမ်နင်းနိုင်တာပါ၊ ရှေ့ဆက်ပြီးစိတ်သွားတိုင်း ကိုယ်ပါ





နိုင်ပါစေလို့ဆုတောင်းပေးလိုက်တယ်"

လို့ပြောပြီးမမိုးညိုကိုရွှေငွေ လက်ဝတ်လက်စား အနည်းငယ်ပေးတယ်။

မမိုးညိုကငြင်းဆန်ပေမဲ့ ဒေါ်သူဇာက အတင်းပေးလို့ရယူလိုက်ရတယ်။ ဒီအချိန်မှာပဲ ကလျာက မမိုးညိုကိုပွေ့ဖက်ပြီး

"နင်ဟာ ငါ့ရဲ့ကျေးဇူးရှင်ပါ မိုးညိုရယ်...နင့်ကျေးဇူးကို ငါဘယ်တော့မှမမေ့ပါဘူး။ နင်နဲ့ငါ တစ်သက်လုံးအတူတူနေမယ်လို့ ထင်တာ၊ အခုတော့ နင်ကခွဲသွားရပြီ"

လို့ဝမ်းပန်းတနည်း ပြောတယ်။ မမိုးညိုက ကလျာမျက်နှာကိုကြည့်ပြီး

"တွေ့ဆုံကြုံကွဲ ဆိုတာ ဒါမျိုးပဲ ထင်ပါတယ် ကလျာရယ်..."

လို့တိုးတိုးပြောလိုက်တယ်။

နောက်တော့ သူတို့လမ်းခွဲထွက်ပြီး တောင်ကြီးကပြန်လာခဲ့တယ်။

မမိုးညိုဟာ မျိုးချစ်မိသားစုရဲ့အခက်အခဲကို ကိုယ်စွမ်းရှိ



www.burmeseclassic.com

သလောက် ဖြေရှင်းပေးလို့ ကျေနပ်ပီတိ ဖြစ်ခဲ့တယ်။ ဒါဟာ သူ့ရဲ့ လျှို့ဝှက်ဆရာ နှစ်ယောက်ရဲ့ ဂုဏ်ကျေးဇူးကြောင့်ပဲဆိုပြီး ဆရာ နှစ်ယောက်ကိုဦးနိုက်မိတယ်။

ဒီလိုနဲ့ မမိုးညိုတို့ လိုက်ပါလာတဲ့ ဘတ်စ်ကားဟာ မြို့ငယ်လေး တစ်မြို့အနီးမှာ ပျက်လို့ခဏရပ်ပြီးပြင်တယ်။

ဘတ်စ်ကားပြင်နေစဉ်မှာ မမိုးညိုဟာ အနီးပတ်ဝန်းကျင်ကိုလျှောက်လှမ်းပြီးကြည့်တော့ ကလေးငယ်လေးတွေရဲ့စာအံသံကို ကြားရတယ်။

မမိုးညိုဟာ စာအံသံကြားတဲ့ခြံဝန်းရှိရာကိုလျှောက်လှမ်းသွားတော့ ကလေးတွေကို စာသင်ကျောင်းလေး တစ်ကျောင်းကို တွေ့ရတယ်။

ကလေးတွေကို စာသင်တဲ့ အခန်း နှစ်ခန်းရှိပြီးဘီးတပ်ကုလားထိုင် တစ်လုံးပေါ်မှာထိုင်ပြီးစာသင်နေတဲ့ အသက် ၄၀ ဝန်းကျင်ဆရာမတစ်ဦးကို တွေ့ရတယ်။

ဆရာမက မမိုးညိုကိုမြင်တော့ နှစ်လိုဖွယ်ပြုံးပြပြီး





"ညီမလေးဝင်ခဲ့ပါ၊ ခရီးသွားထင်တယ်၊ အေးအေးဆေးဆေး ဝင်ပြီးနားပါကွယ်၊ ကျောင်းထဲမှာ ကလေးတွေ စာအံသံနဲ့ နည်းနည်းတော့ဆူမယ်ထင်တယ်"

လို့ဆိုပြီးမမိုးညိုကို စားပွဲပေါ်က လိမ္မော်သီးတွေကိုအခွံခွာပြီး ကျွေးတယ်။ မမိုးညိုကဘီးတပ်ကုလားထိုင်နဲ့ နေရတဲ့ဆရာမကို ကရုဏာသက်ပြီးမေးမြန်းကြည့်တော့ ဆရာမရဲ့နံမည်ဟာ ဒေါ်ချယ်ရီ ဖြစ်ပြီးမြို့ပေါ်က ကလေးတွေကို စေတနာနဲ့ စာသင်ပေးရင်း လွန်ခဲ့တဲ့နှစ်က ကားတိုက်ခံရလို့ ခြေထောက်အောက်ပိုင်းတွေ ချိုနဲ့သွားကြောင်း ပြောပြတယ်။

ဒေါ်ချယ်ရီရဲ့ကျောင်းကလေးမှာ ကျောင်းသူကျောင်းသား တစ်ရာနီးပါးရှိပြီးဆရာမ တစ်ယောက်တည်း နိုင်နိုင်နင်းနင်း မရှိကြောင်းသိရတယ်။

မမိုးညိုဟာ ဒေါ်ချယ်ရီရဲ့ကရုဏာကို စာနာမိပြီးကူညီရှင်းပင်းချင်စိတ်တွေဖြစ်ပေါ်လာတယ်။ သူငယ်ငယ်တုန်းက ကျောင်းမှာ စာမသင်ခဲ့ရပေမဲ့အငြိမ့်ထဲက လူတွေဝိုင်းပြီးပညာသင်ပေးတာကို

www.burmeseclassic.com



အမှတ်ရတယ်။

သူ့ကို လူရှင်တော်ကြီး ဦးအာလူးက အင်္ဂလိပ်စာသင်ပေး တာကိုလဲ အမှတ်ရတယ်။ ဒါကြောင့် ဒေါ်ချယ်ရီကို ကူညီပြီး အင်္ဂလိပ်ဘာသာ သင်ကြားပေးချင်လာတယ်။

ဒါကြောင့် ဆရာမဒေါ်ချယ်ရီကို ကူညီပြီးစာသင်ပေးလို ကြောင်း ကမ်းလှမ်းလိုက်တော့ ဒေါ်ချယ်ရီက ဝမ်းသာအားရ လက်ခံ တယ်။

မမိုးညိုဟာ ဆရာမဆီက ခွင့်ပြုချက်ရတာနဲ့ ဦးဒီပ ဆီကို ပြန်သွားပြီးအငြိမ့်ထောင်အိမ်ကိုပြန်မလိုက်သေးဘဲ ကလေးတွေကို စာသင်ချင်ကြောင်း ခွင့်တောင်းခဲ့တယ်။

ဦးဒီပက မမိုးညိုကို မတားဆီးဘဲ

“ရတနာမြိုင် အငြိမ့်အဖွဲ့မှာ နှစ်ပေါင်းများစွာ နင့်ဘဝ မွှန်း ကြပ်ခဲ့တာပဲ၊ နေချင်လဲနေခဲ့ပါ၊ နင်ဟာ ရတနာမြိုင်မှာ နေတုန်းက ဆရာကောင်းတွေနဲ့ကြုံခဲ့တာ ငါသိပါတယ်။ ဒါကြောင့် နင့်ကိုစိတ်မ ချနိုင်စရာ အကြောင်းမရှိဘူး”





လို့ပြောခဲ့တယ်။

ဒီလိုနဲ့ မမိုးညိုဟာ ဒေါ်ချယ်ရီရဲ့ အလွတ်ပညာ သင် ကျောင်းလေးမှာ အင်္ဂလိပ်စာပြတဲ့ ဆရာမလေးအလုပ်ကိုရခဲ့တယ်။

ဒေါ်ချယ်ရီဟာ မမိုးညိုကို လစာ မယ်မယ်ရရ မပေးနိုင်လို့ စိတ်မကောင်းဖြစ်ကြောင်း တဖွဖွ ပြောတယ်။ မိုးညိုက လုပ်ခ လစာ အတွက် လုပ်ကိုင်တာမဟုတ်ဘဲ ဆရာမအလုပ်ကို မြတ်နိုးလို့ လုပ်ကိုင်တာလို့ပြန်ပြောရတယ်။

ဒီလိုနဲ့ မမိုးညို အလုပ်ဝင်ပြီး ၆လ လောက်ကြာတော့ ဆရာမနဲ့ မမိုးညိုတို့ဟာ ညီအစ်မအရင်းလို ချစ်ခင်ခဲ့ကြတယ်။

မမိုးညိုမဟာ ဒေါ်ချယ်ရီကို အစ်မအရင်းလို သဘောထားပြီး ပြုစုခဲ့တယ်။ နောက်တော့ ဒေါ်ချယ်ရီရဲ့ ရောဂါဝေဒနာ သက်သာ လာပြီး ခြေထောက်တွေ တဖြည်းဖြည်း ပြန်ကောင်းလာတယ်။

နောက် ၃လ လောက်ကြာတော့ ဒေါ်ချယ်ရီဟာ ဒုတ် ကောက်တစ်ချောင်းနဲ့ လမ်းလျှောက်လာနိုင်ပြီး ဈေးကိုတောင် ကိုယ်တိုင် သွားနိုင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချယ်ရီဟာ ဈေးကို နေ့စဉ် သွားလာရင်း တစ်နေ့မှာ မျက်စိမျက်နှာပျက်ပြီးပြန်လာတယ်။ မမိုးညိုက ဒေါ်ချယ်ရီ နေမကောင်းဘူး ထင်လို့မေးမြန်းကြည့်တော့လဲ ဖွင့်မပြောဘူး။

ဒီအချိန်ကစပြီးဒေါ်ချယ်ရီဟာ တစ်နေ့တစ်ခြားစိတ်ဆင်းရဲနေတာမြင်ရတယ်။

တစ်နေ့တော့ ဒေါ်ချယ်ရီဟာ ဈေးကပြန်လာပြီးမမိုးညိုကို မျက်နှာတည်တည်နဲ့

"မိုးညို ဒီအချိန်ကစပြီးနင့်ကို ငါ့ရဲ့ကျောင်းက ဆရာမအလုပ်က ထုတ်ပစ်လိုက်ပြီ"

လို့ဆိုတော့ မမိုးညိုက အံ့သြပြီး

"ဘယ်လိုဖြစ်တာလဲ ဆရာမရယ်...ကျွန်မ ဘာအပြစ်လုပ်မိလို့လဲ"

လို့မေးမြန်းလိုက်တော့ ဒေါ်ချယ်ရီက ခေါင်းခါပြီး

"ညည်း ဘာအပြစ်မှ မလုပ်မိပါဘူးဒါပေမဲ့ ငါ့ကျောင်းမှာ ညည်းကို ဆက်မထားချင်တော့ဘူးငါ့ကျောင်းမှာ ငါတလွဲပြီး ဘယ်





ဆရာကိုမှ မထားချင်တော့ဘူးဒါကြောင့် ညည်း ကိုယ့်အရပ်ကိုယ်ပြန်ပါတော့"

လို့ဆိုပြီးကျောင်းကထုတ်ပယ်လိုက်တယ်။

မမိုးညိုဟာ အကြောင်းတစ်ခု ရှိမယ်ထင်လို့ အကြိမ်ကြိမ်မေးမြန်းပေမဲ့ မရတဲ့အဆုံးမှာ ကျောင်းကထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။

မမိုးညိုဟာ ကျောင်းက ထွက်တဲ့နေ့မှာ ကလေးတွေနဲ့ ခွဲရတာဝမ်းနည်းလွန်းလို့ငိုကြွေးနေမိတယ်။ ဆရာမဒေါ်ချယ်ရီကိုပွေ့ဖက်ပြီး

"အစ်မစိတ်ထဲမှာ ဘယ်လိုရှိမယ်ဆိုတာ မသိပေမဲ့ကျွန်မရင်ထဲမှာတော့ အစ်မအရင်းလို သဘောထားပါတယ်"

လို့ပြောမိတယ်။ မိုးညိုရဲ့စကားကြောင့် ဆရာမဒေါ်ချယ်ရီလည်း စိတ်မကောင်းဖြစ်ဟန်နဲ့ မျက်ရည်တွေစီးကျနေတယ်။

မိုးညိုဟာဆရာမနဲ့ သူတို့နှစ်ယောက်ကြားမှာ ထူးခြားတဲ့အကြောင်းကိစ္စတစ်ခုရှိမယ်လို့ ယူဆမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ဆရာမဒေါ်ချယ်ရီရဲ့ ဆန္ဒအတိုင်းမမိုးညိုဟာ အလွတ်ပညာသင်ကျောင်းလေးရဲ့အင်္ဂလိပ်ဆရာမအလုပ်ကထွက် ခဲ့ရတယ်။

မမိုးညိုဟာ ရတနာမြိုင် အငြိမ့်အဖွဲ့ကို ပြန်ဖို့ ဆုံးဖြတ်လိုက်ပြီးလော်ရီကားတစ်စီးနဲ့ လမ်းကြုံလိုက်ခဲ့ပြန်တယ်။

လော်ရီကားဒရိုင်ဘာဟာ တကျော့ရှူးတစ်ယောက်ဖြစ်ပြီး မမိုးညိုကိုတစ်လမ်းလုံးရိသဲ့သဲ့ပြောဆိုနေလို့စိတ်ဆင်းရဲစွာ လိုက်ပါခဲ့ရတယ်။

တစ်နေရာရောက်တော့ ကားဂက်ခေါင်းထဲက ရေဆူလာလို့ ကားကိုရပ်ပြီးရေဖြည့်ကြတယ်။ ကားရေဖြည့်ဖို့ ရေရှာနေတုန်း မမိုးညိုဟာ ချုံထဲကို ဆင်းပြီးအပေါ့အပါးသွားတယ်။ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ မမိုးညို ချုံထဲကို ရောက်နေတာ မသိတဲ့ ဒရိုင်ဘာနဲ့ စပါယ်ရာ ရဲ့မဖွယ်မရာ လုပ်ဖို့တိုင်ပင်တာကို ကြားလိုက်တယ်။

သူတို့ဟာ အောင်ပန်းလွန်ရင် ကားကို ရပ်ပြီးမမိုးညိုကို အဓမ္မကျင့်ဖို့တိုင်ပင်နေတယ်။ မမိုးညိုဟာ ကိုယ်ခံပညာတွေတတ် ကျွမ်းလို့ ဒရိုင်ဘာနဲ့ စပါယ်ရာကို မမှုပေမဲ့ ယုတ်ညံ့သူတွေနဲ့ ခရီး မဆက်ချင်လို့ကားအနီးက တိုက်တဆိတ် ထွက်ခဲ့တယ်။

မမိုးညိုဟာ မြို့အစွန်က တရုတ်ခေါက်ဆွဲဆိုင်လေး တစ် ဆိုင်ရောက်တော့ ဗိုက်ထဲမှာ ဆာလောင်နေသို့ ခေါက်ဆွဲဝင်စား တယ်။ ခေါက်ဆွဲစားပြီးဆိုင်ရှင်တရုတ်ကြီးကို ကားကြုံလိုက်ဖို့ မေးမြန်းကြည့်တော့တရုတ်ကြီးက

"နေဝင်တော့မယ်၊ မိန်းကလေး နောက်ကျသွားပြီ၊ ဒီ အချိန် ဘယ်ကားကြုံမှ မရှိတော့ဘူး။ ဒီနေ့ည ဝ ရဲ့ခေါက်ဆွဲဆိုင်မှာ ညအိပ်လိုက်ပါ။ မနက်ဆိုရင် ကားကြုံတွေ ရမှာပါ"

လို့ပြောတယ်။

မမိုးညိုဟာ မတတ်သာလို့ ခေါက်ဆွဲဆိုင်မှာ ညအိပ်ဖို့ပြင်





ရတယ်။ ခေါက်ဆွဲဆိုင်မှာ တရုတ်ကြီးအပြင် ဘယ်သူမှမတွေ့လို့ မေးကြည့်တော့တရုတ်ကြီးက

"ဝ မိန်းမနဲ့ သားသမီးတွေ အင်းလေးဘက်ကို ဘုရားဖူး သွားတယ်"

လို့ပြောတယ်။ ခဏကြာတော့ တရုတ်ကြီးဟာ မမိုးညို အိပ်ဖို့ကင်းကောနုတင်နဲ့ စောင်ခြင်ထောင်တို့ကိုမီးလင်းဖိုနံဘေးမှာ ခြင်းဆင်ပေးတယ်။

မမိုးညိုဟာ ယောကျ်ားသားတစ်ယောက်နဲ့အတူ အိပ်ရတော့ ရပေမဲ့ ကိုယ်ခံပညာ ကျွမ်းကျင်သူဖြစ်လို့ ကြောက်ရွံ့ခြင်း မဖြစ်ဘူး။

ညရောက်တော့မမိုးညိုဟာ ကင်းကောနုတင်လေးပေါ်မှာ ဘုရားလိပ်ရှင်းတော်တော်နဲ့ အိပ်မပျော်ဘူး။ ညဥ့်အတော်နက်မှ ဖမ်းခနဲ အိပ်ပျော်သွားတယ်။

အိပ်ပျော်ပြီးအတော်ကြာတော့ မိန်းမတစ်ယောက်ရဲ့ငယ် သံပါအောင် အော်တဲ့အသံကြောင့် အိပ်ယာက လန့်နိုးလာတယ်။

မမိုးညိုဟာ အိပ်ချင်မူးတူးနဲ့ အိပ်မက်လိုလို အမှန်လိုလို



www.burmeseclassic.com

ထင်မြင်နေတုန်း ထောင်ကဲကြီးဟာ အိမ်ရှေ့တံခါးချက် ဖွင့်ပြီး ကရူ ရှူးထိုး ပြေးထွက် သွားတာတွေ့ရတယ်။

မမိုးညိုဟာ စူးစမ်းချင်စိတ်နဲ့ ထောင်ကဲကြီး အနောက်ကို ပြေးလိုက်သွားတယ်။ ထောင်ကဲကြီးဟာ အနီးပတ်ဝန်းကျင်က ခြံတစ်ခုထဲ ပြေးဝင်သွားပြီး ခြံဝန်း အနှံ့လက်နှိပ်ဓါတ်မီးနဲ့ ထိုးကြည့်တယ်။ ဒီအခါမှာ မြေပေါ်မှာလဲကျနေတဲ့မည်းမည်းသဏ္ဍာန် တစ်ခုကို တွေ့ရတယ်။ ထောင်ကဲကြီးက စိတ်ပျက်လက်ပျက်နဲ့

"သွားပါပြီ၊ကျုပ်နောက်ကျသွားပြီ"

လို့ညည်းညူလိုက်တယ်။

မမိုးညိုဟာ မြေပေါ်က အရာကို လက်နှိပ်ဓါတ်မီး အလင်းရောင်နဲ့ ကြည့်တော့ သွေးအိုင်ထဲမှာ လဲကျနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်။

မိန်းကလေးရဲ့အဝတ်အစားတွေ စုတ်ပြဲနေပြီး ရင်ဝမှာ ဓား ဒဏ်ရာ တစ်ခုကိုတွေ့ရတယ်။ တရုတ်ကြီးက မမိုးညိုကို မော့ကြည့်ပြီး

"ဒီလူ သိပ်ယုတ်မာတယ်၊မတရားကျင့်ပြီး သတ်ပစ်လိုက်





တာပဲ"

လို့ဆိုလိုက်တယ်။

မမိုးညိုက မျက်မှောင်ကြုတ်ပြီး

"ယုတ်မာလိုက်တာ၊လူသတ်သမားကိုသိသလားထောင်ကဲ"

လို့မေးမြန်းလိုက်တော့ တရုတ်ကြီးက သက်ပြင်းချပြီး

"သိပ်သိတာပေါ့ကွာ၊လူသတ်သမား ဘယ်သူလဲဆိုတာ ဒါသာမကဘူး၊ရုပ်မြင်သံကြားတစ်ခုလုံး သိကြတယ်"

လို့ပြောတယ်။မမိုးညိုက ထောင်ကဲကြီး စကားကြောင့် အံ့ဩသွားပြီး

"ဘာ...လူသတ်သမားကို ရုပ်ပြည်တစ်ပြည်လုံး သိကြတယ်ဟုတ်လား၊သူဘယ်သူလဲ"

လို့မေးမြန်းလိုက်တယ်၊

တရုတ်ကြီးက အံကိုကြိတ်ပြီး

"ဘယ်သူကမှာလဲကွာ၊ညမိစ္ဆာပေါ့"

လို့ပြောတယ်။မမိုးညိုက မျက်မှောင်ကြုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ညမိစ္ဆာ ဟုတ်လား၊ သူဘယ်သူလဲ"

လို့မေးမြန်းလိုက်တယ်။ တရုတ်ကြီးက သက်ပြင်းချပြီး

"ညမိစ္ဆာ ဆိုတဲ့ကောင်ဟာ ငါတို့ရှမ်းပြည်မှာ မိန်းကလေး ဆယ်ဖယောက်ကျော် သတ်ပြီးပြီ၊ ဒါကြောင့် ညမိစ္ဆာကို လူတိုင်း ကြောက်နေရတယ်"

လို့ပြောတယ်။

မမိုးညိုက နားမလည်တာနဲ့

"ဒီလူက ဘာဖြစ်လို့ မိန်းကလေးတွေကို သတ်တာလဲ၊ သူ့အကြောင်းကို ကျွန်မတို့ သတင်းစာတွေ၊ ဂျာနယ်တွေမှာ မကြားဘူးပါဘူး"

လို့အံ့ဩဟန်နဲ့ ပြောတော့ တရုတ်ကြီးက

"ဘယ်ကြားပါ့မလဲ၊ လူသတ်မှုတွေက ပြည်မမှာ ဖြစ်တဲ့ ကိစ္စလဲ မဟုတ်တော့ ပြည်သူတွေ အထိတ်တလန့် ဖြစ်ရင် ဖြိတီသူ့ အစိုးရအုပ်ချုပ်ရခက်မှာ စိုးလို့ သတင်းမှောင်ချထားတယ်။ ဒါပေမဲ့ စီအိုင်ဒီက စုံထောက်တွေတော့ ရှမ်းပြည်မှာ ရောက်နေပြီ သူတို့စုံစမ်း





လို့လဲ ဘာမှမထူးပါဘူးကွာ၊ လူသတ်မှုတွေ ဖြစ်မြဲဖြစ်နေတာပဲ"

လို့စိတ်ပျက်ဟန်နဲ့ ပြောဆိုပြီးသေသူ မိန်းကလေးကို ငုံ့ ကြည့်တယ်။ ပြီးတော့ ကရုဏာသက်ဟန်နဲ့

"ကောင်မလေးက စိတ်ကောင်းရှိတယ်ကွ၊ မိဘတွေကို လုပ်ကျွေးနေတာ၊ ဒီလူသိပ်ရက်စက်တယ်ကွာ"

လို့ဆိုတော့ မမိုးညိုဟာ ညမိစ္ဆာ ဆိုတဲ့ လူသတ်သမားကို အလွန်စိတ်ဝင်စားပြီး မေးမြန်းကြည့်တယ်၊

တရုတ်ကြီးက

"မနက်ရောက်မှ ပြောပြမယ်၊ လောလောဆယ် ငါတို့ကို အမှုပတ်မှာစိုးလို့ ဆိုင်ကို မြန်မြန် ပြန်ကြမယ်"

လို့ပြောပြီး ကမန်းကတန်း ပြန်ခဲ့တယ်။

နောက်တစ်နေ့နံနက်ရောက်တော့ တရုတ်ကြီးက မမိုးညို ကို ရေနွေးကြမ်းနဲ့ ကောက်ညှင်းပေါင်းကျွေးပြီး

"ညမိစ္ဆာဆိုတဲ့ လူသတ်သမားက လွန်ခဲ့တဲ့ တစ်နှစ်လောက် တစပြီး တို့ရှမ်းပြည်ဘက်မှာ နံမည်ကြီးလာတယ်။ ဒီကောင်ဟာ မိန်း



www.burmeseclassic.com

www.burmeseclassic.com



မလှလေး တစ်ယောက်ကို အမွှေကျင့်ပြီးမှ ဓားနဲ့ထိုးသတ်လေ့ရှိတယ်။ သူဟာ သားကောင်ကို သေသေချာချာ လေ့လာပြီးမိမိရိုးရှိနဲ့ လုပ်လေ့ရှိတဲ့အတွက် အောင်မြင်တာများတယ်"

လို့ဆိုလိုက်တော့ မမိုးညိုဟာ မိန်းမသားတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတဲ့ လူသတ်သမားကို အလွန်ရွံရှာသွားပြီး

"ဒီလူဟာ စိတ္တဇ ဖြစ်နေတဲ့ အရူးပဲ၊ ဘာလို့မိန်းမတွေကို ဒုက္ခပေးနေလဲ မသိဘူး"

လို့ဆိုလိုက်တော့ တရုတ်ကြီးက ခေါင်းညိတ်ပြီး

"မိန်းကလေးတွေမှ ချောမောလှပတဲ့ အပျိုစင်လေးတွေကိုမှ ရွေးသတ်လေ့ရှိတယ်၊ ကာမပိုင် ယောကျ်ား ရှိရင်တော့ သတ်လေ့မရှိဘူး။ သူ့ရန်ကို ကြောက်လို့တို့နယ်က မိန်းကလေး ငယ်ငယ်ချောချောတွေ အမြန်ယောကျ်ားယူကုန်ကြပြီ"

လို့ပြောတယ်။ မမိုးညိုက

"သူ့ကိုဘာလို့စီအိုင်ဒီက စုံထောက်တွေဖမ်းလို့မမိတာလဲ"

လို့မေးမြန်းလိုက်တယ်။ တရုတ်ကြီးက သက်ပြင်းချပြီး





"သူဟာ သာမာန် လူတစ်ယောက်မဟုတ်ဘူး၊ ကိုယ်ခံပညာတစ်ရပ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်တယ်။ သူ့ရဲ့ကိုယ်ခန္ဓာဟာ ကြောင်တစ်ကောင်လို ပေါ့ပါးပြီးကျားတစ်ကောင်လို သန်မာတယ်လို့အဆိုရှိတယ်"

လို့ပြောတယ်။

မမိုးညိုဟာ အများအကျိုးဆောင်မယ်လို့ စိတ်မိုင်းဖြတ်ထားသူပီပီ

"ဒီလူဟာ အင်မတန် ယုတ်မာပက်စက်တဲ့လူပဲ၊ ကျွန်မက မိန်းမသား ဖြစ်နေပေမဲ့ သူ့လိုလူယုတ်မာကိုအရှုံးမပေးဘဲ သူ့သေကိုယ်သေပြန်ချမှာပဲ"

လို့ဆိုလိုက်တော့ တရုတ်ကြီးက မမိုးညိုကို အထင်ကြီးဟန်မရှိဘဲ

"သွားမလုပ်နဲ့ မိန်းကလေးရေ..နင်လို လူမျိုးမပြောနဲ့ ယောကျ်ားရင့်မကြီးတွေတောင် ညမိစ္ဆာ ဆိုရင်အရှုံးပေးပြီး လက်မြှောက်ချနေရတာ"

www.burmeseclassic.com



လို့ပြောတယ်။

မမိုးညိုက လက်သီးဆုပ်ပြီး

"အို...ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မကြောက်ပါဘူး၊ သူလို လူမျိုးကိုသိပ်မုန်းတယ်၊ အသက်ချင်းလဲပစ်လိုက်မယ်"

လို့ကြုံးဝါးလိုက်တော့ တရုတ်ကြီးက ရယ်စရာပျက်လုံး တစ်ခုလိုရယ်မောလိုက်တယ်။ ပြီးတော့

"ညမိစ္ဆာရဲ့ပထမဆုံးသားကောင်ဖြစ်သွားတဲ့ မိန်းကလေး ကမန္တလေးကနေပြီးကျောက်မဲမှာ ရှမ်းစာလာသင်တဲ့ မိန်းမလှလေး မရွှေစင်၊ ဒုတိယသားကောင်က တောင်ယာလုပ်တဲ့ မနန်းမွှံဆိုတဲ့ မိန်းကလေး၊ နောက်တတိယ၊ စတုတ္ထတွေကိုတော့ ကျုပ်မမှတ်မိ တော့ဘူး၊ ဒီလူဟာ ရုပ်ပြောင်းရုပ်လွဲအမျိုးမျိုးကို လုပ်တတ်တယ်၊ လပြည့်လကွယ်ညတွေမှာ ကြောက်စရာမျက်နှာဖုံးကြီးတပ်ပြီး မိန်း ကလေးတွေကို ရက်ရက်စက်စက် ပြုကျင့်တတ်လို့ ညမိစ္ဆာ လို့လူ သိများကြတယ်၊ ဒီကောင်ကို မိန်းမလှလေး တစ်ယောက်နဲ့ ထောင် ဖမ်းပြီးသန်မာထွားကြိုင်းတဲ့ ယောကျ်ားဆယ်ယောက်လောက်





ဝိုင်းပြီးဖမ်းဆီးခဲ့တယ်၊ ဒါပေမဲ့ သူ့ကိုဖမ်းဆီးလို့မရဘဲ လွတ်မြောက် သွားတယ်၊ ငါ့အထင်တော့ ညမိစ္ဆာကို စီအိုင်ဒီက ဆားပုလင်း မင်းအောင်ဆိုတဲ့ စုံထောက်ကလွဲရင်ဘယ်သူမှ ဖမ်းလို့မမိနိုင်ဘူး၊ ဒါပေမဲ့ ဆားပုလင်းမင်းအောင်ကလဲ အိန္ဒိယ ရောက်နေတာ ခက် တယ်"

လို့စိတ်ပျက်ဟန်နဲ့ပြောတယ်။ မမိုးညိုက အံကိုကြိတ်ပြီး

"တကျော့ရှုးကောင်ကိုကျွန်မနဲ့တွေ့ရင်တော့ သူ့သေကိုယ် သေလုပ်မှာပဲ"

လို့ကြုံးဝါးလိုက်တယ်။ မမိုးညိုဟာ သူတတ်ကျွမ်းတဲ့ စိတ်ညို့ပညာနဲ့ အကြောကိုင်ပညာကိုအသုံးချပြီးညမိစ္ဆာကိုရင်ဆိုင် တိုက်ခိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

မမိုးညိုဟာရှမ်းပြည်နယ်တစ်ဝိုက်မှာ လှည့်လည်သွားလာပြီး ညမိန္တာ လူသတ်သမားကိုရှာဖွေဖို့ဆုံးဖြတ်လိုက်တယ်။

ဒီလိုလှည့်လည်သွားလာရင်းအများအမြင်မှာ တင့်တယ်ဖို့ယောက်ျားတစ်ယောက်ဟန်ဆောင်ပြီးရုပ်ပြောင်းလွဲလုပ်လိုက်တယ်။

မမိုးညိုဟာ ဇာတ်ထဲက လာသူမို့ရုပ်ပြောင်းရုပ်လွဲလုပ်တဲ့ ပညာနဲ့ မစိမ်းဘူး။ သူရဲ့အသက်မွေး ဝမ်းကြောင်း အလုပ်ကိုတော့ အဝတ်ပေါင်း ရောင်းသူတစ်ဦးအဖြစ် ဟန်ဆောင်လိုက်တယ်။

မမိုးညိုဟာ ရှမ်းပြည်နယ်က မြို့ကလေးတွေကို သွားလာရင်း ညမိန္တာ ရဲ့ မိန်းကလေးတွေကို အဓမ္မပြုကျင့်၊ သတ်ဖြတ်ပုံကို





စာရင်းပြုစုပြီးဇယားဆွဲထားလိုက်တယ်။ဒီလိုလေ့လာရင်းညမိန္တာရဲ့ ဖြစ်မှုကျူးလွန်ပုံကိုရိပ်စားမိလာတယ်။

ညမိန္တာဟာ မြို့တစ်မြို့မှာ မိန်းကလေးတစ်ယောက်ကို ကျူးလွန်ပြီးရင်ထပ်မံကျူးလွန်ခြင်းမရှိတော့ဘူး။သူဟာ မြို့တစ်မြို့မှာ မိန်းကလေးတစ်ယောက်ကိုပဲ သတ်လေ့ရှိတယ်။

မမိုးညိုဟာ မိန်းကလေးတွေအသတ်ခံရတာကိုလေ့လာရင်း ဆရာမ ဒေါ်ချယ်ရီ သူ့ကိုကျောင်းထုတ်ခြင်းအကြောင်းကို ရိပ်စားမိသွားတယ်။

ဒေါ်ချယ်ရီဟာ သူမကိုညမိန္တာရဲ့ရန်က စိုးရိမ်လို့ကျောင်းက ထုတ်လိုက်ပုံရတယ်။

မမိုးညိုဟာ ဒေါ်ချယ်ရီရဲ့စေတနာမေတ္တာကို ရိပ်စားမိပြီး ဆရာမကိုဦးခိုက်လိုက်မိတယ်။

မမိုးညိုဟာ သူရောက်နေရာ မြို့တိုင်းက မိန်းမလှလေးတွေရှိတဲ့ အိမ်တွေကို သတိထားပြီးကြည့်တယ်။ဒါပေမဲ့ ညမိန္တာ ရဲ့ လှုပ်ရှားမှုတွေကိုမတွေ့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မမိုးညိုဟာ ရှမ်းပြည် တဝိုက်မှာ အဝတ်ပေါင်းရောင်းသမားအဖြစ်လှည့်လည်ရင်း မမိုးညိုတစ်ကြိမ် ရောက်ခဲ့ဘူးတဲ့ ဓအောင်ပန်းမြို့နွန်က တရုတ်ခေါက်ဆွဲဆိုင်လေးကို ရောက်ခဲ့တယ်။ အံ့ဩဖွယ်ကောင်းတာက မမိုးညိုတစ်ညအိပ်ခဲ့တဲ့ခေါက်ဆွဲဆိုင်လေးမှာ ထောင်ကဲကြီးကိုမတွေ့ရတော့ဘူး။ ဒါကြောင့် ငွေကိုင်စားပွဲရှေ့မှာ ထိုင်နေတဲ့ ရှမ်းကြီးတစ်ယောက်ကို ချည်းကပ်ပြီးမေးမြန်းကြည့်တော့ ရှမ်းကြီးက

"ဒီဆိုင်က ထောင်ကဲကြီး မရှိဘူး၊ ဒီဆိုင်ရဲ့ ပိုင်ရှင်ကဝါဲတရုတ်ပိုင်တဲ့ဆိုင် မဟုတ်ဘူး၊ ရှမ်းပိုင်တဲ့ဆိုင်"

လို့ပြောတော့ မမိုးညိုက အံ့သြသွားပြီး

"ဒီဆိုင်ကို တရုတ်ကြီးတစ်ယောက်ပိုင်ပါတယ်၊ ဒီဆိုင်မှာကျုပ် စားသောက်ရုံမကဘူး၊တစ်ညတောင် တည်းခိုဖူးတယ်"

လို့ပြောတယ်။ ဒီအခါမှာ ဆိုင်ရှင် ရှမ်းကြီးက ခေါင်းခါယမ်းပြီး

"မင်းဆိုင်မှားနေပြီ ထင်တယ်၊ ဒီဆိုင်ကို ဘယ်တရုတ်မှ





ဆိုင်ဘူး၊ငါ့ဆိုင်မှာ စားပွဲထိုး မိန်းကလေး နှစ်ယောက်ပဲ ရှိတယ်"

လို့ပြောတယ်။ မမိုးညိုက ခေါင်းခါယမ်းပြီး

"ကျုပ်မမှားပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ် ဒီဆိုင်မှာတစ်ညတည်းခိုနေတဲ့ညကတစ်ဖက်ခြံမှာ ညမိစ္ဆာ လူသတ်သမားက မိန်းကလေးတစ်ယောက်ကို အဓမ္မပြုကျင့်ပြီးသတ်ဖြတ်ခဲ့တယ်၊ လူသတ်မှုဖြစ်တဲ့ညက ကျုပ်နဲ့ ဆိုင်ရှင်တရုတ်ကြီးတောင် သေဆုံးသွားတဲ့မိန်းကလေးကို သွားကြည့်ခဲ့သေးတယ်၊ အဲဒီတုန်းက ခင်ဗျားမရှိပါဘူး၊ ဘယ်ရောက်နေသလဲ"

လို့မေးမြန်းလိုက်တယ်။ ဒီအခါမှာ ဆိုင်ရှင်ရှမ်းကြီးက မျက်မှောင်ကြုတ်ပြီး

"အဲဒီတုန်းက ငါဟုဂံ ဘုရားတွေလိုက်ဖူးနေတယ်။ အခုမှသတိရတယ်၊ ငါဟုဂံဘုရားတွေ သွားဖူးနေတုန်း ငါ့ဆိုင်ကိုတရုတ်ကြီးတစ်ယောက် ရောက်နေတယ်လို့ ပြောဖူးတယ်၊ ဒါဆိုရင် ငါ ဘုရားဖူးထွက်တုန်း လူတစ်ယောက်က ငါ့ဆိုင်ကို တစ်ညနစ်ညလောက် ဖွင့်ခဲ့ဖူးတယ်။ ဒီလို ဘာကြောင့်ဟန်ဆောင်လဲဆိုတာ စဉ်းစားမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတယ်။ ဒီအခါမှာ မမိုးညိုဟာ လူသတ်မှုကျူးလွန်တဲ့ ညက မိမိနဲ့အတူရှိနေတဲ့ တရုတ်ကြီးဟာ ဘယ်သူဖြစ်မလဲလို့တွေး မိတယ်။ ဒီလိုတွေးရင်း တစ်စုံတစ်ရာကိုတွေးမိပြီးရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပြီး တရုတ်ကြီးဟာ ညမိစ္ဆာ လူသတ်သမားများ ဖြစ်နေ မလားလို့တွေးမိတယ်။

မမိုးညိုဟာ လူသတ်မှုဖြစ်တဲ့ညက တရုတ်ကြီးရဲ့လှုပ်ရှား ဟန်တွေကိုမျက်လုံးထဲမှာ ပြန်ပြီးမြင်ယောင်လာတယ်။

ဒီလို မြင်ယောင်ရင်း တရုတ်ကြီးဟာ ညမိစ္ဆာ လူသတ် သမားဆိုတာ ပိုမိုထင်ရှားလာတယ်။

တရုတ်ကြီးဟာ ခေါက်ဆွဲဆိုင်ရှင်အဖြစ် တစ်ရက်နှစ်ရက် လောက်သာ ဟန်ဆောင်ထားတယ် ဆိုပေမဲ့ အသတ်ခံရတဲ့ မိန်း ကလေးရဲ့အကြောင်းကို ခရေစေ့တွင်းကျ သိနေတယ်။

တရုတ်ကြီးအနေနဲ့ ညမိစ္ဆာ လူသတ်သမား မဟုတ်ဘူး ဆိုရင် သေသူမိန်းကလေးအကြောင်းကို သိစရာအကြောင်းမရှိဘူး။

အဲဒီတုန်းက ညမိစ္ဆာလူသတ်သမားနဲ့ ဝေးဝေးနေဖို့ တရုတ်





ကြီးက တိုက်တွန်းခဲ့ပုံကို သတိရပြီးကြက်သီး တဖြန်းဖြန်း ထလာ ခဲ့တယ်။

www.burmeseclassic.com

တစ်နေ့တော့ ရုပ်စောက်မြို့ကအပျိုစင် မိန်းကလေး တစ်ယောက်ကို ညမိစ္ဆာလူသတ်သမားက ရက်ရက်စက်စက် သတ်ဖြတ်သွားပြန်တော့ ရှမ်းပြည်နယ် တစ်နယ်လုံး တုန်လှုပ်ချောက်ချားသွားတယ်။

မြို့တိုသျှ အစိုးရက တိုင်းပြည် ထိတ်လန့်ပြီးခြောက်မသက်ဖြစ်ရင် ထိန်းရခက်မှာစိုးလို့ သတင်းအမှောင်ချထားပေမဲ့ ရှမ်းပြည်နယ်တစ်နယ်လုံးတုန်လှုပ်ချောက်ချားသွားတယ်။

ငယ်ရွယ်နုနယ်ပြီးချောမောလှပတဲ့ ရှမ်းမျိုးကြီးတွေဟာ





အိမ်ယာထူထောင်ဖို့အသည်းအသန်ကြိုးစားကြတယ်။

တစ်နေ့မှာ မမိုးညိုဟာ မြို့ငယ်လေးတစ်မြို့မှာ အဝတ်ဟောင်းရောင်းနေတုန်း ပုလိပ်အဖွဲ့က သူမကိုမသင်္ကာဘူး ဆိုပြီး ဖမ်းဆီးသွားတယ်။

ပုလိပ်ဌာနရောက်တော့ မမိုးညိုကိုယ်တိုင် ညမိစ္ဆာနဲ့ ပတ်သက်ပြီး လေ့လာသုံးသပ်ထားတဲ့ဖိုင်တွေကို ကြည့်ပြီးတုန်လှုပ်ချောက်ချားသွားတယ်။

ဌာနအုပ်က မမိုးညိုကိုကြည့်ပြီးအထိတ်တလန့်အော်ဟစ်လိုက်တယ်။

"ဟာ...ငါတို့မမျှော်လင့်ဘဲ ညမိစ္ဆာကို ဖမ်းမိပြီ၊ မင်း...မင်း...ညမိစ္ဆာလူသတ်သမားလား"

လို့မေးမြန်းလိုက်တယ်။

မမိုးညိုဟာ ဌာနအုပ်ရဲ့အမူကြောင်ကြောင် အမေးကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားတယ်။ သူဟာ ညမိစ္ဆာ အနောက်ထဲ တကောက်ကောက်လိုက်ခဲ့ပေမဲ့နောက်ဆုံးမှာ သူကိုယ်တိုင်တရားခံ

www.burmeseclassic.com



ဖြစ်ရတော့မယ်။

မိမိကိုယ်မိမိ ယောက်ျားတစ်ယောက် ဟန်ဆောင်ပြီးရှင်ပြောင်းရုပ်လွှဲ လုပ်ထားတာကို ဖွင့်မပြောချင်ဘူး။ နောက်ဆုံးတော့ စိတ်ညှို့ပညာကို အသုံးချပြီးပုလိပ်လက်က လွတ်အောင် ကြံလိုက်တယ်။ မမိုးညိုဟာ ပုလိပ်ကိုမျက်လုံးချင်းဆုံအောင် ကြည့်လိုက်ပြီး

" ဒီမှာ...ကျုပ် လူသတ်သမား မဟုတ်ဘူး၊ ကျုပ်ကို လွှတ်ပေး၊ အခုချက်ချင်းလွှတ်လိုက်ပါ"

လို့ အမိန့်ပေးလိုက်တော့ ဗွာနအုပ်ဟာ မင်သက်မိသလိုဖြစ်သွားပြီးပုလိပ်တွေကိုလွှတ်ပေးဖို့အမိန့်ပေးလိုက်တယ်။

ဂါတ်ထဲက ပုလိပ်တွေဟာ ဗွာနအုပ်ကို မလွှတ်ဖို့ အတန်တန် သတိပေးပေမဲ့ မမိုးညိုရဲ့စိတ်ညှို့ခြင်းခံရတဲ့ဗွာနအုပ်ဟာ မမိုးညိုရဲ့အမိန့်ကိုနာခံပြီးလွှတ်ပေးလိုက်တယ်။ မမိုးညိုဟာ ပုလိပ်လက်ကလွတ်တာနဲ့မြို့က အမြန်ဆုံး ထွက်ခွာခဲ့ရတယ်။



တစ်နေ့တော့ မမိုးညိုဟာ ညမိဇ္ဇာ ရဲ့ခြေလှမ်း ဘွက်ကိုစောင့်ကြည့်ရင်း ပင်းတယမြို့မျက်ဝန်းကျင်မှာ ညမိဇ္ဇာ လှုပ်ရှားနိုင်တယ်လို့ တွက်ဆမိတယ်။

သူမ ပြုစုထားတဲ့ စာရင်းဇယားတွေအရ ပင်းတယမြို့မှာ အလှပဆုံး မိန်းကလေးက နန်းသီတာ ဆိုတဲ့ မိန်းကလေး ဖြစ်တယ်။

ဒါကြောင့် လပြည့်နေ့မှာ ပင်းတယမြို့ကို ရောက်အောင် သွားပြီး နန်းသီတာတို့နေအိမ်ကို သွားကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ နန်းသီတာတို့နေအိမ်ဝင်းထဲမှာ မီးရောင်စုံတွေ ထွန်းညှိထားပြီးလူတွေစုံလင်နေတယ်။

မမိုးညိုက အိမ်ပတ်ဝန်းကျင်က ရှမ်းအမျိုးသား တစ်ယောက်ကိုမေးကြည့်တော့ သူက

"နန်းသီတာက ညမိစ္ဆာ လူသတ်သမားကို ကြောက်လို့ အမြန်အိမ်ထောင်ပြုလိုက်တာလေ၊ သူ့ခြံထဲမှာ ဒီနေ့ မင်္ဂလာပွဲ လုပ်နေတယ်"

လို့ပြောတော့ မမိုးညိုဟာ ရုတ်တရက် နန်းသီတာအတွက် စိတ်အေးသွားတယ်။

ဒါပေမဲ့ လူသတ်သမားဟာ သတို့သားလဲဖြစ်နေနိုင်တာမို့ ရှမ်းအမျိုးသားကို သတို့သားအကြောင်းမေးလိုက်တယ်။ ဒီအခါမှာ သတို့သားကပင်းတယမြို့သားပွဲရုံပိုင်ရှင် တစ်ယောက်ဆိုတာ သိရတယ်။

မမိုးညိုဟာ ဒီတော့မှ သူ့ရင်ထဲက စိုးရိမ်သောကတွေ ပျောက်ကွယ်သွားပြီး





"ဒီမြို့မှာ အချောအလှဆိုလို့ နန်းသီတာ တစ်ယောက်တည်းရှိတာလား"

လို့မေးမြန်းလိုက်တော့ ရှမ်းအမျိုးသားက ရယ်မောပြီး

"ခင်ဗျားက မိန်းမလှတွေကို လိုက်ပြီးစုံစမ်းနေတယ်ဆိုတော့ ညမိစ္ဆာများဖြစ်နေမလား"

လို့ဆိုလိုက်တော့ ယောကျ်ားဟန်ဆောင်ထားတဲ့ မမိုးညိုကသဘောကျဟန်နဲ့ရယ်မောလိုက်တယ်။

ရှမ်းအမျိုးသားက

"တကယ်တော့ မြို့စွန်မှာနေတဲ့ နန်းခေဝီက ပိုပြီးချောတာဗျ။ နန်းခေဝီက လက်ဖက်ခြံမှာ အနေများလို့ နန်းသီတာလောက် မထင်ရှားဘူး"

လို့ဆိုလိုက်တော့ မမိုးညိုဟာ နန်းခေဝီကိုလည်း ညမိစ္ဆာလက်ကကာကွယ်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် ပင်းတယ မြို့စွန်က နန်းခေဝီရဲ့ခြံကို မသိမသာ အကဲခတ်ကြည့်တယ်။

နန်းခေဝီရဲ့ အိမ်နံဘေးမှာ ထမင်းဆိုင်လေး ထယ်ဆိုင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မမိုးညိုဟာ လကွယ်ည ရောက်တဲ့အထိ နန်းဒေဝီကို စောင့်ကြည့်ဖို့ထမင်းဆိုင်လေးမှာ အလုပ်ဝင်လုပ်ဖို့ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် ဆိုင်ရှင် လူကြီးနဲ့ သွားတွေ့ပြီးထမင်းဆိုင်မှာ အလုပ်လုပ်ချင်ကြောင်း တောင်းပန်တဲ့အခါ ဆိုင်ရှင်က စားပွဲထိုးပန်းကန်ဆေးအလုပ်ရနိုင်ကြောင်း ပြောတယ်။

မမိုးညိုဟာ ထမင်းဆိုင်မှာအလုပ်ဝင်ရင်း မမိုးညိုတို့မြို့ကို တစ်စေ့တစ်စောင်း အကဲခတ်ကြည့်တယ်။

ဒီလိုအကဲခတ်ကြည့်တဲ့အတွက် တစ်ခါတစ်ရံနန်းဒေဝီကို မြို့ပတ်ဝန်းကျင်မှာ မကြာခဏ တွေ့ရတယ်။

ဒီလိုနဲ့ လကွယ်ည ရောက်တဲ့အခါ မမိုးညိုဟာ ထမင်းဆိုင်အနောက်က အိပ်ခန်းလေးထဲက တိတ်တဆိတ်ထွက်ပြီး နန်းဒေဝီတို့မြို့ထဲကို ကူးသန်းဖို့ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ သူ့အနောက်တို ဆိုင်ရှင်လူကြီး ရောက်လာပြီးမမိုးညိုကို နှလုံးပြုံးသေနတ်နဲ့ ချိန်ရင်း

"မလှုပ်နဲ့၊ မင်းဟာ မိန်းမလှလေးတွေကိုရက်ရက်စက်စက်





မှုဒိမ်းကျင့်သတ်တဲ့ ညမိစ္ဆာ မဟုတ်လား"

လို့စွတ်စွဲလိုက်တယ်။

မမိုးညိုဟာ မိမိကို မှားယွင်းစွတ်စွဲ ခံရကြောင်း ရိပ်စားမိသွားပြီး

"မဟုတ်ပါဘူး၊ ကျုပ်က နန်းဒေဝီကို ညမိစ္ဆာလက်က ကာကွယ်ပေးမလို့ပါ"

လို့ဆိုလိုက်တော့ ဆိုင်ရှင်လူကြီးက ယုံကြည်ဟန် မရှိဘဲ၊

"မင်းကိုငါ့ဆိုင်မှာ အလုပ်ဝင်ပြီးအချိန်အားတိုင်း နန်းဒေဝီတို့မြို့ထဲကိုပဲ ချောင်းချောင်းနေကတည်းက မသင်္ကာ ဖြစ်နေတာ၊ လက်စသတ်တော့ မင်းက ညမိစ္ဆာ ဖြစ်နေတာကိုး"

လို့ဆိုပြီးမမိုးညိုကို ဆိုင်ထဲကို ဖွတ်အတင်း ခေါ်တယ်။

မမိုးညိုဟာ ဆိုင်ရှင်လူကြီးရဲ့မှားယွင်းမှုကြောင့် လူသတ်သမားကို လွတ်မြောက်သွားမှာ စိုးရိမ်နေမိတယ်။ ဒါကြောင့် စိတ်ညို့ပညာကိုအသုံးပြုဖို့စိတ်ကူးပေါက်သွားပြီး ဆိုင်ရှင်ရဲ့မျက်လုံး အစုံကိုကြည့်ပြီး



www.burmeseclassic.com

"ကျုပ် လူသတ်သမား မဟုတ်ဘူး၊ ခင်ဗျား မှားနေပြီ။ ဒီကြောင့်သေနတ်ကိုချပြီးအေးအေးဆေးဆေးပြန်အိပ်ပါ"

လို့အမိန့်ပေးလိုက်တော့ဆိုင်ရှင်ဟာ နှလုံးပြူးသေနတ်ကို ပစ်ချပြီးအိပ်ယာထဲကိုတန်းဝင်သွားတယ်။

မမိုးညိုဟာ ဒီတော့မှ နန်းဒေဝီတို့ ခြံကို အသာအယာ ခုန်ကျော်ခဲ့တယ်။ သူ့လက်ထဲမှာ ဓားရှည် တစ်လက်ကို အသင့်ယူ ဆောင်သွားတယ်။

မမိုးညိုဟာ နန်းဒေဝီရဲ့ တိုက်အနီးကို ရောက်တော့ အိမ်ကြီးရဲ့ ဧည့်ခန်းထဲမှာ အိမ်ဖော်မိန်းမကြီး တစ်ယောက်လဲကျနေတယ်။ မမိုးညိုဟာ အိမ်မှာ လူသတ်သမား ကျိန်းသေရောက်နေပြီဆိုတာ ရိပ်စားမိသွားတယ်။

မမိုးညိုဟာ အိမ်ပေါ်ထပ်ကိုရောက်တော့ မီးရောင်လင်းနေတဲ့ အခန်းကို သတိကြီးစွာ ထားပြီးကပ်သွားတော့ အိပ်ခန်းထဲက ခုတင်မှာ ကြောင်အမ်းအမ်း ထိုင်နေတဲ့ နန်းဒေဝီကို တွေ့ရပြီး နန်းဒေဝီရဲ့အရှေ့မှာ ကျောခိုင်းပြီးရပ်နေတဲ့ညမိစ္ဆာကိုမြင်ရတယ်။





နန်းဒေဝီဟာ မင်သက်မိသလို ဖြစ်နေလို့ စိတ်ညှို့ခံထားရပုံရတယ်။ ညမိစ္ဆာဆိုတဲ့လူဟာ ကြောက်မက်ဖွယ်မျက်နှာဖုံး တစ်ခုကိုတပ်ဆင်ထားတယ်။

ညမိစ္ဆာက နန်းသီတာကိုကြည့်ပြီး

"လှလိုက်တဲ့မိန်းမပါလား။ မျက်လုံးလေးက သမင်မျက်လုံးလိုဝိုင်းစက်နေတာပဲ၊ အသားအရောင်ကလဲ ရွှေရောင်ဝင်းပြီး ကိုယ်လုံးကိုယ်ပေါက်က အပြစ်ပြောစရာ မရှိအောင် သေသပ်ကျနနေတယ်၊ ဒီလိုချောမောလှပတဲ့ မိန်းကလေး တစ်ယောက်မှာ ကြောက်မက်ဖွယ် အန္တရာယ်တွေ ပတ်လည်ဝိုင်းနေတတ်တယ်၊ ဒါကြောင့် မင်းတို့ဘဝလေးတွေ ဇာတ်သိမ်းလှအောင် ကျုပ်အတတ်နိုင်ဆုံး ကူညီပေးနေတာ၊ ကျုပ်ရဲ့ စေတနာကို မသိနားမလည်တဲ့ လူတွေကတော့ ကျုပ်ကို ရက်စက်ကြမ်းကြုတ်တဲ့ ညမိစ္ဆာကြီးလို့ ခေါ်ကြတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့စကားကို ကျုပ်အလေးမထားပါဘူး၊ အရေးကြီးတာ မင်းတို့ရဲ့ လှပတဲ့ဘဝလေးတွေ ဇာတ်သိမ်းကောင်းဖို့ပဲ၊ ကဲ_မင်းတို့ရဲ့နောက်ဆုံးအချိန်မှာ လူ့ဘဝရဲ့နှစ်လိုဖွယ်

www.burmeseclassic.com



အကောင်းဆုံး၊ အထူးဆန်းဆုံး ကာမဂုဏ်အာရုံကို ခံစားစေရမယ် ဒီအတွက် ကျုပ်အစွမ်းကုန်ကြိုးစားပြီးတာဝန်ယူပေးမှာပါ"

လို့ဆိုပြီးနန်းဒေဝီရဲ့အဝတ်အစားတွေ ချွတ်ဖို့ကြံစည် လိုက်တယ်။ မမိုးညိုဟာ လူယုတ်မာ ညမိစ္ဆာရဲ့ယုတ်ညံ့တဲ့အပြုအမူ ကိုလက်ပိုက်ကြည့်မနေနိုင်တော့ဘူး။ ဒါကြောင့်ဓားကိုမြှောက်ပြီး

"တဏှာရူးကြီး လွှတ်လိုက်စမ်း"

လို့တားဆီးလိုက်တော့ ညမိစ္ဆာဟာ မျက်မှောင်ကြုတ်ပြီး အနောက်ကိုလှည့်ကြည့်တယ်။ မမိုးညိုကိုမြင်တော့

"မလောက်လေးမလောက်စားကောင်လေးတစ်ယောက် ပါလား၊ ငါ့ရဲ့မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကို ဖျက်လိုဖျက်ဆီး လုပ်ရင် ငရဲကြီးမယ်နော်၊ငါဘယ်သူ့ကိုမှသည်းမခံဘူး"

လို့ပြောတယ်။

ဒီအခါမှာ မမိုးညိုက နောက်မတွန့်ဘဲ

"တဏှာရူးကြီး၊ နန်းဒေဝီကိုမထိနဲ့နော်"

လို့ပြောလိုက်တယ်။ ညမိစ္ဆာ ဟာ မမိုးညိုရဲ့စကားကြောင့်





ဒေါသထွက်သွားပြီး

"သူတစ်ပါးရဲ့ရည်ရွယ်ချက်ကို ဖျက်ဆီးတဲ့ကောင်..မင်းကို သေလောက်ဆိုးတဲ့နေရာကိုပို့ပေးမယ်"

ဆိုပြီးမမိုးညိုကို ခါးကြားက ဓားတိုလေးကို ထုတ်ပြီးဝင် ရောက်တိုက်ခိုက်တယ်။ မမိုးညိုဟာ ညမိစ္ဆာရဲ့ ဓားချက်များကို ခက်ခက်ခဲခဲ ရှောင်တိမ်းနိုင်လို့ညမိစ္ဆာဟာအံ့ဩပြာနဲ့ ကြည့်ရှုနေ တယ်။ပြီးတော့ကမန်းကတန်းလက်ကာပြလိုက်ပြီး

"မင်းဟာအင်မတန်တနာခံစိတ်ကင်းတဲ့လူပါလား၊ ငါ့မိန်း ကလေးရဲ့အေးချမ်းတည်ငြိမ်မှုကို မင်းဖျက်ဆီးပစ်လိုက်ပြီ၊ မင်းဟာ နှိုင်းပြတဲ့တိရစ္ဆာန်တစ်ကောင်ပဲ၊ နူးညံ့သိမ်မွေ့မှုလုံးဝမရှိဘူး၊ မင်းနဲ့ငါ တရင်းရှင်းမှဖြစ်မယ်၊ မင်းငါ့နောက်ကိုလိုက်ခဲ့"

လို့ပြောပြီးပြတင်းပေါက်ကနေ အောက်ကိုလွှားခနဲ ခုန်ချ သွားတယ်၊ မမိုးညိုလဲ ညမိစ္ဆာနဲ့ တိုက်ခိုက်ဖို့ အနောက်က လိုက် သွားတယ်။

ညမိစ္ဆာဟာ ခြံဝန်းထဲကို ရောက်တော့ မမိုးညိုကိုဒေါသ



www.burmeseclassic.com

တကြီးကြည့်လိုက်ပြီး

"ငါ့ကိုနောက်ရက်တဲ့ကောင်သေပေတော့"

လို့ကြုံးဝါးပြီးမမိုးညိုကိုသည်းကြီးမဲကြီး တိုက်ခိုက်တယ်။

မိုးညိုဟာ ညမိစ္ဆာရဲ့တိုက်ခိုက်မှုကို ခက်ခက်ခဲခဲ ကာကွယ်နေရတယ်။

တိုက်ခိုက်ပြီးခဏကြာတော့ ညမိစ္ဆာဟာသူ့ပြိုင်ဘက် မဟုတ်ကြောင်း တဖြည်းဖြည်း ရိပ်မိလာတယ်။ ညမိစ္ဆာရဲ့ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေကို မခံနိုင်ဘူး။ ဖြည်းဖြည်း အရေးနိမ့်တော့မယ်။

တစ်ချိန်မှာ ညမိစ္ဆာရဲ့ပြင်းထန်တဲ့ တိုက်ခိုက်မှုကြောင့် မမိုးညိုရဲ့ဓားလွတ်ကျသွားတယ်၊ ဒီအချိန်မှာပဲ ခြံဝန်းထဲက ကညင်ဆီမီးတိုင်တွေလင်းထိန်လာပြီး အမည်းရောင်ဝတ်စုံဝတ် လူတစ်ယောက်က ညမိစ္ဆာ လက်ထဲက ဓားကို သူ့ဓားနဲ့ ကာဆီးလိုက်တယ်။

ဓားနှစ်လက် ထိခိုက်မှုက ပြင်းထန်လွန်းလို့ မီးဖွားတွေ ထွက်သွားတယ်။ မမိုးညိုဟာ အမည်းရောင်ဝတ်စုံဝတ်လူရဲ့မျက်နှာကို မီးရောင်နဲ့မြင်ပြီး အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွား





တယ်၊ သူဟာ တစ်ခါတုန်းက မိမိတွေ့ဆုံခဲ့တဲ့ ခေါက်ဆွဲဆိုင်ရှင် ထောင်ကဲကြီး ဖြစ်နေတယ်။

မမိုးညိုဟာ ထောင်ကဲကြီးကို ညမိစ္ဆာ လူသတ်သမားလို့ တောင်အထင်မှားမိသေးတယ်။ ညမိစ္ဆာလူသတ်သမားဟာ မမိုးညိုနဲ့ အရှုတ်ကြီးကို ဒေါသတကြီး ကြည့်ပြီး

"ငါ့ရဲ့မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကျွေး[?]ဖျက်ဆီးတဲ့ကောင်တွေ မင်းတို့ကို အရှင်မထားဘူး၊ ငရဲကို ပို့လိုက်မယ်"

လို့ဒေါသတကြီး ကြုံးဝါးပြီး ဝင်ရောက်တိုက်ခိုက်တယ်။

ဒီလိုတိုက်ခိုက်ရင်း ညမိစ္ဆာဟာ မမိုးညိုတို့ နှစ်ယောက်ပေါင်းတိုက်ကွက်တွေကို မယှဉ်နိုင်တော့ဘဲ

"မင်းတို့ကို ငါ့တစ်သက်မကျေဘူး၊ ထမင်းဝဝ စားထားပေတော့"

လို့ကြုံးဝါးပြီး အမှောင်ထဲကို ထွက်ပြေးသွားတယ်။

ဟရှုတ်ကြီးက မမိုးညိုဘက်ကိုလှည့်ပြီး

"လူယုတ်မာကောင်ကြီးကို ဖမ်းမိဖို့ မလွယ်ဘူး ပြောပါဟ္မ

www.burmeseclassic.com



နှစ်ယောက်ပေါင်းပြီးရအောင်လိုက်ကြမယ်”

ဆိုပြီး ညမိစ္ဆာကို အလွတ်မပေးဘဲနောက်က ထပ်ကြပ်မကွာလိုက်ခဲ့တယ်။

သူတို့ဟာ ရှေ့ကပြေးနေတဲ့ ညမိစ္ဆာကို အမှောင်ထဲမှာ မှိန်တဝါးမြင်နေရတယ်။ မကြာမီ မြို့ပြင်က တောင်တွေ ရှိတဲ့အရပ်ကို ရောက်ခဲ့တယ်။

ညမိစ္ဆာဟာ တောင်ပေါ်ကိုတရွေ့ရွေ့တက်သွားတယ်။

အချိန်က တဖြည်းဖြည်း အရုဏ်တက်အချိန်ကို ရောက်လာတယ်၊ ညမိစ္ဆာဟာ တောင်ရောက်တော့ အနောက်ကိုလှည့်ကြည့်ပြီး မမိုးညိုတို့ကိုမြင်တဲ့အခါ ဒေါသပုန်ထသွားတယ်။

ဒါကြောင့် ဓားနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး

“လာကြစမ်း၊ ဒီနေ့ မင်းတို့နဲ့ငါ သူသေကိုယ်သေ တိုက်ကြမယ်”

လို့ကြုံးဝါးလိုက်တယ်။

မမိုးညိုတို့တောင်ပေါ်ကိုရောက်တဲ့အခါ သူတော်စင်တွေ





အများအားထုတ်ဟန်ရှိတဲ့ တောကျောင်းလေးတစ်ကျောင်းရှိတာ တွေ့ရတယ်။

တရုတ်ကြီးက တောကျောင်းလေးကိုမျက်လုံးဝေ့ကြည့်ပြီး

“ငြိမ်းအေးတဲ့နေရာမှာ သွေးမြေကျရတော့မယ်”

လို့စိတ်မကောင်းဟန်နဲ့ ပြောတယ်။ ဒီအချိန်မှာပဲ လူသတ်မာ ညမိစ္ဆာက ကျယ်လောင်စွာကြုံးဝါးပြီး သူတို့နှစ်ယောက်ကို ဝင်တိုက်ခိုက်တယ်။

တိုက်ပွဲတပြင်းထန်လွန်းလို့ခဏကြာတော့ မမိုးညိုလက်ထဲက ဓါးလွတ်ကျသွားတယ်။

တရုတ်ကြီးရဲ့ဓားလဲ ကျိုးထွက်သွားတယ်။

ညမိစ္ဆာရဲ့မျက်နှာဖုံးလဲ ကျွတ်ကျသွားတယ်။ ည မိစ္ဆာဟာ တရုတ်ကြီးကို အပြင်းအထန် ဖိတိုက်လို့ တရုတ်ကြီးတောင်ပေါ်က ခြေချော်ပြီး လဲကျသွားတယ်။

ညမိစ္ဆာဟာ လဲကျသွားတဲ့ တရုတ်ကြီးကို အပြတ်ရှင်းဖို့ ရည်ရွယ်ပြီး ဓားကို ချိန်ရွယ်လိုက်တယ်။ ဒီအချိန်မှာ မမိုးညိုဟာ



www.burmeseclassic.com

www.burmeseclassic.com



ညမိစ္ဆာအနီးကိုလျှင်မြန်စွာ တိုးကပ်သွားပြီး ညမိစ္ဆာရဲ့လက်မောင်းကို အကြောကိုင်ပညာနဲ့ ထိုးလိုက်တယ်။ ညမိစ္ဆာဟာ တစ်ကိုယ်လုံး ဓာတ်လိုက်သလိုတုန်ခါသွားပြီး လက်ထဲက ဓားလွတ်ကျသွားတယ်။ ဒါပေမဲ့ညမိစ္ဆာဟာ သူ့ရဲ့ဝေဒနာကိုဂရုမစိုက်ဘဲ မိုးညိုကိုမီးဝင်းဝင်း တောက်တဲ့မျက်လုံးတွေနဲ့ ကြည့်ပြီး

"မင်း...မင်း...ဒီပညာကို ဘယ်ကတတ်တာလဲ...ပြောစမ်း"

လို့အမိန့်ပေးလိုက်တယ်။

မိုးညိုဟာ ညမိစ္ဆာကို ကြောင်အမ်းအမ်း ကြည့်နေတုန်း သူတို့အနောက်ကိုတစ်စုံတစ်ယောက် ရောက်လာပြီး

"သူ့ကို အပြစ်မတင်ပါနဲ့ ဆရာ၊ ဆရာ့ကို ခွင့်မတောင်းဘဲ ပညာသင်ပေးတဲ့ တပည့်ရဲ့အပြစ်ပါ"

လို့ပြောလိုက်တယ်။ မိုးညိုဟာ နောက်ကို လှည့်ကြည့်လိုက်တော့ သူ့ကို အကြောကိုင်ပညာ သင်ပေးတဲ့ လူဝစာကြီး ဦး တောရော့် ဖြစ်နေတယ်။ ညမိစ္ဆာဟာ လူဝစာကြီးရဲ့ ဆရာဆိုပါ လား...မိုးညိုဟာ လူဝစာကြီးရဲ့ဘဝနောက်ကြောင်းကိုပြန်ပြောင်း





သတိရပြီး မိုးဖွေနဲ့ မိုးဝေညီအစ်မ နှစ်ယောက်ကို ဆရာတပည့်နှစ် ယောက် ချစ်သူဖြစ်ခဲ့ပုံ၊ ချစ်သူစုံတွဲတွေ အနီရောင်ပန်း၊ အဝါရောင် ပန်းတွေနဲ့ အချိန်းအချက်ပြုခဲ့ပုံ၊ လူဝစာကြီးနဲ့ ဆရာဖြစ်သူရဲ့ချစ်သူ များယွင်းခဲ့ပုံ၊ဒေါမာန်ကြီးတဲ့ ဆရာရဲ့ရန်ကို ကြောက်လို့ လူဝစာကြီး ရတနာမြို့ အငြိမ်းအဖွဲ့မှာ ပုန်းခိုနေပုံတို့ကိုမြင်ယောင်လာတယ်။ ည မိစ္ဆာဟာ လူဝစာကြီးကိုမြင်တော့ ဒေါသပုန် ထသွားပြီး

"အမျိုးယုတ်ကောင်၊ မင်းကြောင့် ငါ့ဘဝပျက်ခဲ့ရတယ်၊ ငါတို့ ချစ်သူနှစ်ဦး သေကွဲကွဲ ခဲ့ရတယ်၊ မင်းကို ငါသတ်ဖို့ နှစ်ပေါင်း များစွာ ရှာနေခဲ့တာ အခုတွေ့ပြီ သေဖို့သာပြင်တော့"

လို့ကြုံးဝါးလိုက်တယ်။ လူဝစာကြီးက

"ကျွန်တော် ရှင်းပြတာကို နားထောင်ပါဦးဆရာ၊ ပြီးတော့ မှ မကျေနပ်ရင် ကျွန်တော့်ကို သတ်ပါ"

လို့ဆိုပြီး သူကြီးရွေးပွဲညက ကာလသားတွေရဲ့ လုပ်ကြံမှု ကြောင့် အနီရောင်ပန်းနဲ့ အဝါရောင်ပန်း လဲသွားပြီး သူတို့ဆရာ တပည့်နှစ်ယောက် များယွင်း ချိန်းဆိုဖြစ်ခဲ့ပုံကို ရှင်းပြတယ်။ နောက်



www.burmeseclassic.com

တော့မမိုးဇွေဟာ မှားယွင်းမိတဲ့အတွေ့ကို မက်မောပြီး အကြိမ်ကြိမ် ထပ်မှားခဲ့ပုံကို ရှင်းပြတယ်။ လူငွေတာကြီးရဲ့ စကားအဆုံးမှာ တောကျောင်းလေးရဲ့အနောက်က သီလရှင်ဆရာလေးတစ်ပါး ထွက်လာပြီး

"သူမပြောတာအားလုံးအမှန်တွေပါ။ တကယ်တော့ ယုတ်မာတဲ့ ရွာသားတွေရဲ့ လုပ်ကြံမှုကြောင့် ဖြစ်ခဲ့ရတာပါ။ ကံဆိုးရှာတဲ့ အစ်မကတော့ ကာမဂုဏ်အာရုံအနောက်ကိုလိုက်ရင်း သူ့အသက်ကို ပေးလိုက်ရတယ်"

လို့ပြောလိုက်တယ်။

သီလရှင်ရဲ့စကားအဆုံးမှာ လူငွေတာကြီးက သီလရှင်ကို တအံ့တဩကြည့်ပြီး

"ဟင်...မမိုးဇေ...မမိုးဇေသီလရှင်ဘဝပြောင်းသွားတာကိုး"

လို့ရေရွတ်လိုက်တယ်။ လူငွေတာကြီးရဲ့စကားကြောင့် မမိုးညိုဟာ သီလရှင်ကို ကြည့်လိုက်မိတယ်။ သီလရှင်ဟာ မမိုးဇေဖြစ်ခဲ့ရင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ က လူငွေတာကြီးနဲ့ ကွဲကွာသွားတဲ့ ချစ်သူ





ဖောင်းဖြစ်နေတယ်။ သီလရှင်က မျက်လွှာကိုချလိုက်ပြီး

"အဖော်းက အသစ်ဖြစ်မှာ စိုးလို့ ဒီအကြောင်းတွေကို ပြန်မပြောချင်ဘူး။ ဒါပေမဲ့ သတ္တဝါ အားလုံးဟာ ကံစီမံရာ ဆိုတော့ ဘာမှမတတ်နိုင်ခဲ့ဘူး။ ဦးတောကျော်ရဲ့ ဆရာစိုင်းပန်ဟာ အစ်မမမိုးဇွေရဲ့မှားယွင်းမှုကြောင့် မိန်းမလှတွေဟာ သတ္တာမဲ့တယ်၊ ဖောက်ပြန်တယ် ဆိုတဲ့ အစွဲဝင်သွားပြီး စိတ္တဇဖြစ်ရာက ညမိစ္ဆာဘဝကို ရောက်ခဲ့တာပဲ၊ ဆရာလေးကတော့ ဘဝကို သံဝေဂရပြီး သီလရှင်ဘဝ ပြောင်းခဲ့တာ နှစ် ၂၀ ရှိပါပြီ"

လို့ပြောလိုက်တယ်။

မမိုးညိုကတော့ မိန်းမတွေကို အမုန်းကြီးမုန်းပြီး ညမိစ္ဆာလူသတ်သမားဘဝရောက်ခဲ့တဲ့ လူငွေတာကြီးကို ကရုဏာသက်ဟန်နဲ့ ကြည့်မိတယ်။

ညမိစ္ဆာတစ်ဖြစ်လဲ လူငွေတာကြီးရဲ့ဆရာဟာ ခေါင်းကိုသွက်သွက်ခါအောင် ခါယမ်းပြီး

"မဖြစ်နိုင်ဘူး။ မင်းတို့ အားလုံး လူလိမ်တွေ၊ ငါတို့ နိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ညာနေကြတာ၊မင်းတို့ကိုသတ်မယ်..သတ်မယ်"

ဆိုပြီး လက်ထဲကဓားနဲ့ အနီးမှာရှိတဲ့ သီလရှင်ကိုခုတ်ပိုင်းဖို့ပြင်လိုက်တယ်။

မမိုးညိုဟာ ညမိစ္ဆာကို တားဆီးဖို့ စိတ်ညှို့ပြုညာကို အသုံးချဖို့ဆုံးဖြတ်ပြီး ညမိစ္ဆာကိုမျက်လုံးချင်းဆုံအောင်ကြည့်ရင်း

"လက်ထဲကဓားကိုလွှတ်ချလိုက်ပါ၊ လွှတ်ချလိုက်ပါ"

လို့ဆိုလိုက်တယ်။

မမိုးညိုရဲ့စကားကြောင့် ညမိစ္ဆာဟာ မင်သက်သလို ဖြစ်သွားပြီး လက်ထဲကဓားကိုလွှတ်ချလိုက်တယ်။

မမိုးညိုဟာ ညမိစ္ဆာကိုမျက်လုံးချင်းဆုံအောင်ကြည့်ပြီး

"မျက်လုံးတွေ စင်းလာပြီ၊ စင်းလာပြီ၊ တဖြည်းဖြည်း မျက်လုံးစင်းပြီး အိပ်စက်ချင်လာပြီ၊ အိပ်စက်ချင်လာပြီ၊ မြေပေါ်မှာလှဲပြီး အိပ်လိုက်ပါ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ပါ"

လို့စိတ်ညှို့ပြုညာနဲ့ စေခိုင်းလိုက်တော့ ညမိစ္ဆာဟာ တဖြည်းဖြည်း ပျော့ခွေပြီး မြေပေါ်ကို လဲကျသွားတယ်။





ဒီတော့မှ သူတို့အားလုံး သက်မချနိုင်ကြတယ်။

တရုတ်ကြီးက ညမိစ္ဆာ အနီးကိုချဉ်းကပ်ပြီး ကြည့်လိုက်ရင်း

"သူဘဝ အနားရသွားပါပြီဗျား၊ ကျုပ်တို့ရဲ့ အလုပ်တာဝန် တွေလဲပြီးဆုံးသွားပြီပေါ့"

လို့ဆိုလိုက်တယ်။

ဒီအချိန်မှာပဲ သူတို့အနောက်ကို တစ်စုံတစ်ယောက် ရောက်လာပြီး

"ရှင်နဲ့ကျွန်မရဲ့ရာဇဝင်ကြွေးကတော့ ဘယ်တော့မှပြီးဆုံးမှာမဟုတ်ဘူး ဝမ်ယု"

လို့ပြောလိုက်တယ်။

မမိုးညိုဟာ အသံကြားရာကိုလှည့်ကြည့်လိုက်တော့ သူ့ကို စိတ်ညှို့ပြုညာသင်ပေးတဲ့ အငြိမ့်မင်းသမီး မြနှင်းဆီဖြစ်နေတာတွေ့ရတယ်။

မြနှင်းဆီရဲ့စကားအရ တရုတ်ကြီးဟာ ဝမ်ယု ဆိုသူဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မိုးညိုဟာမြနှင်းဆီရဲ့ဘဝနောက်ကြောင်းကိုပြန်လည်သတိရလာတယ်။ နယ်စပ်ဒေသမှာ နေတဲ့ ရွှေကျင်တဲ့ မိသားစုလေးကို တကျော့ရှူးကြီး ဝမ်ယုက အနိုင်ယူခဲ့ပုံတွေကိုမြင်ယောင်လာတယ်။

ဝမ်ယုဟာ မြနှင်းဆီရဲ့အစ်မ လှနှင်းဆီကို ငွေနဲ့ပေါက်ပြီး သိမ်းပိုက်ရန် ကြိုးစားခဲ့ပုံ၊ နောက်တော့ လှနှင်းဆီကို မရလို့ မြနှင်းဆီတို့ သားအမိကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ပုံ၊ မြနှင်းဆီအမေကို အဓမ္မကျင့်ပြီး သိမ်းပိုက်ခဲ့ပုံ၊ နောက်တော့ မြနှင်းဆီရဲ့အမေနဲ့ အစ်မကိုသိမ်းပိုက်ခဲ့ရုံမကဘဲ အမေနဲ့အစ်မ သေတဲ့အခါလူမမယ်ကလေး မြနှင်းဆီကို သိမ်းပိုက်ခဲ့ပုံ၊ မြနှင်းဆီနယ်စပ်ဒေသက ထွက်ပြေးခဲ့ပုံတွေကိုပြန်လည်မြင်ယောင်လာတယ်။ မြနှင်းဆီဟာ သူ့ရဲ့ရန်သူတော်ကြီးဝမ်ယုကိုကြည့်ပြီး

BURMESE CLASSIC

"ညမိစ္ဆာရဲ့မိန်းမသားတွေကိုရက်ရက်စက်စက်ပြုကျင့်တဲ့သတင်းတွေကြားလို့ဒီဒေသကိုရောက်နေတာ ယုန်တောင်ကြောင်မိဆိုသလိုကျွန်မရဲ့ရန်သူတော်ကြီးဝမ်ယုနဲ့ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ပြီပေါ့၊ ရှင်ဟာ သိပ်ရက်စက်ပြီး သိပ်မိုက်ရိုင်းခဲ့တယ် ဝမ်ယု၊ ရှင်ဟာ





ကျွန်မတို့ မိသားစုရဲ့ ဘဝကို ဖျက်ခဲ့ရုံမက မရေတွက်နိုင်တဲ့ မိန်းကလေးတွေရဲ့ဘဝကိုဖျက်ဆီးခဲ့တယ်၊ ရှင့်ကိုသတ်ရမှကျေနပ်မယ်"

လို့ဆိုလိုက်တော့ ဓာရုတ်ကြီး ဝမ်ယုဟာ စိတ်ထိခိုက်တဲ့ အမူအယာနဲ့ နားထောင်နေပြီး

"ဟုတ်ပါတယ်၊ ကျုပ်မှာ အပြစ်တွေ အများကြီးရှိတယ်၊ ကျုပ်ဟာ မိန်းကလေးတွေ အများကြီးရဲ့ ဘဝကို ဖျက်ဆီးခဲ့တယ်၊ ဘဝတလျှောက်လုံး မတရားမှုအမျိုးမျိုးကို ကျူးလွန်ခဲ့တယ်၊ ဒီအပြစ်တွေကြောင့်လား မသိဘူး၊ ကျုပ်တစ်ကိုယ်လုံး အဖုအပိန့်တွေ ထွက်ရာက နူနာရောဂါစွဲကပ်ခဲ့တယ်၊ နူနာရောဂါကြောင့် လူတောထဲ တိုးလို့မရတဲ့ ဘဝအခြေအနေ ရောက်တော့မှ ကျုပ်နောင်တရခဲ့တယ်၊ နောက်ဆုံး စိတ်ထိခိုက်လွန်းလို့ ကျုပ်ကိုယ်ကျုပ် အဆုံးစီရင်ဖို့ ကြံစည်ခဲ့တယ်။ ဒီအချိန်မှာပဲ သူတော်စင် ရသေ့ကြီးတစ်ပါးနဲ့ ဆုံတွေ့ပြီး ကျုပ်ရဲ့ နူနာရောဂါကို ကုစားပေးခဲ့တယ်၊ ကျုပ်ရဲ့ နူနာရောဂါဟာ ဘယ်ဆေးသမားတော်မှ ကုသလို့မရပေမဲ့ ရသေ့ကြီး ကုသပေးလို့ ပျောက်ဆုံးသွားခဲ့တယ်၊ ရသေ့ကြီးက ကျုပ်ရဲ့ နူနာရောဂါရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတဲ့အချိန်မှာ ဒီအချိန်ကစပြီး မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့အလုပ်တွေလုပ်ပြီး ကျုပ်ရဲ့အပြစ်တွေကို ဆေးကြောရမယ်လို့ အမိန့်ချတယ်၊ ဒီအလုပ်တွေကို မလုပ်ဘဲနေရင် ၁၀ နှစ်အကြာမှာ ကျုပ်ရဲ့နှာရောဂါပြန်ဖြစ်လိမ့်မယ်လို့ သတိပေးခဲ့တယ်၊ ဒီအချိန်ကစပြီး ကျုပ်ဟာ ဘဝကိုသံဝေဂရပြီး စည်းစိမ်ဥစ္စာတွေကို ဆင်းရဲသားတွေကိုလှူဒါန်းပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်ခဲ့တယ်၊ အများအကျိုးအတွက် ကျုပ်ဘဝကို မြှုပ်နှံထားခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် မင်းတို့မိသားစုမှာ ကျုပ်ရဲ့ဝိုက်ကြွေး မိုက်ပြစ်တွေရှိတယ်၊ အဲဒီအကြွေးတွေကို ကျုပ်ပြန်ဆပ်ပါရစေ၊ ကျုပ်လက်ထဲက ဓားနဲ့ ကျုပ်ကိုလာသတ်လှည့်ပါ"

လို့ဆိုပြီး တရုတ်ကြီး ဝမ်ယုဟာ မြေပေါ်မှာ ဒူးထောက်ပေးလိုက်တယ်။ မြနှင်းဆီဟာ တကျာရှုးကြီး ဝမ်ယုကို ရွံရှာတဲ့မျက်လုံးတွေနဲ့ကြည့်ပြီး

"သတ်မယ်၊ ရှင့်ကိုသတ်ရမှ ကျွန်မ ကျေနပ်မယ်၊ ကျွန်မတို့ မိသားစု ဘဝအတွက် ရှင့်ကိုသတ်ရမှ ကျေနပ်မယ်"





လို့ ပြောပြီး ဝမ်ယုရဲ့အနီးကို တဖြည်းဖြည်းချဉ်းကပ်ပြီး လက်ထဲက ဓားရှည်ကို ယူလိုက်တယ်။ ဝမ်ယုဟာ ကြောက်ရွံ့တဲ့ အမူအယာ မရှိဘဲ မြနှင်းဆီရှေ့မှာ လည်စင်းပေးလိုက်တယ်။

မြနှင်းဆီဟာ တုန်ယင်တဲ့ လက်တွေနဲ့ ဓားကို ဆုပ်ကိုင်ပြီး လေထဲကိုကိုင်မြှောက်လိုက်တယ်။

သူမမျက်လုံးထဲမှာ ငယ်စဉ်ဘဝက လူယုတ်မာကြီးဝမ်ယုရဲ့ရက်ရက်စက်စက်ပြုကျင့်ခံရပုံတွေကို မြင်ယောင်လာတယ်။

မြနှင်းဆီဟာ ရင်ထဲမှာ နာကျင်လွန်းလို့ အံကို တင်းတင်းကြိတ်ပြီး ဓားကိုကိုင်မြှောက်လိုက်တယ်။

သူတို့အားလုံး မြနှင်းဆီရဲ့အပြုအမူကို မျက်တောင်မခတ်ဘဲ ကြည့်ရှုနေမိတယ်။ လေတဟူးဟူးတိုက်နေလို့ မြနှင်းဆီရဲ့ ရှည်လျားတဲ့ဆံပင်တွေဟာ လေထဲမှာ လွင့်ပျံနေတယ်။

မြနှင်းဆီရဲ့ မျက်လုံးထဲမှာ မုန်းတီးခြင်း၊ ကြေကွဲခြင်း၊ နာကျင်ခြင်းဆိုတဲ့အရိပ်အယောင်တွေ မြင်နေရတယ်။ မနှင်းဆီဟာ လေထဲမှာ ဓားကို အတော်ကြာအောင် မြှောက်ထားပြီး ဝမ်ယုကို



www.burmeseclassic.com

www.burmeseclassic.com



မခုတ်သေးဘဲရှိနေတယ်။

ပြီးတော့ မြနန်းဆီဟာ ဓားကို တောင်ဒေါက် ပစ်ချပြီး ရှိက်ကြီးတငင်ငိုယိုလိုက်တယ်။

ဒီတော့မှ သူတို့အားလုံး ရင်ထဲက သက်မကို ချလိုက်နိုင်တယ်။ ခွင့်လွှတ်ခြင်းဆိုတာ အကောင်းဆုံး အနိုင်ယူခြင်း မဟုတ်ပါလား။ အရာအားလုံးလဲ ပြီးဆုံးသွားပါတယ်။

*အသစ်တစ်ဖန် ဖန်တီးဖို့ကြိုးစားနေသူ*

မင်းမြတ်သူ